၁၉၉၅ ခု အောက်တိုဘာလမှစတင်၍
အပတ်စဉ်ထုတ်ဝေသည်

# Voice of Burma

Published by Voice of Burma Information Group

Issue No. 692 JANUARY 11, 2009

**1-507 Horifune Jutaku , Horifune 2-27-1, Kita-Ku, Tokyo 114-0004, JAPAN**

**Tel/Fax: 81 3-6323-5114, E-mail: sayarkway@yahoo.com , voburma@ac.auone-net.jp**

# ဒေါ်စုစကားအတိုင်း ပြတ်သားဘို့အချိန်တန်ပြီဟု ဦးဝင်းတင်သတိပေး

**DVB ၊ ဂျန်နဝါရီ ၅ ။** ။ ဖိဘ် နှစ်မြောက်လွတ်လပ်ရေးနေ့က ဒေါ်အောင်ဆန်းစုကြည်ပေးလိုက်တဲ့သတင်းစကားအတိုင်း မြန်မာနိုင်ငံဒီမိုကရေစီဖော်ဆောင်ရေးအတွက်ပြတ်သားဘို့အချိန်တန်ပြီလို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်ဦးဝင်းတင်ကပြောကြားလိုက်ပါတယ်။

အခုအချိန်ဟာ အရေးအကြီးဆုံးအချိန်ကိုရောက်ရှိနေပြီး ပြတ်သားမှုမရှိဘဲ တွေဝေနေကြမယ်ဆိုရင် အလွန်ဆိုးရွားတဲ့အကျိုးဆက်တွေနဲ့ရင်ဆိုင်ရလိမ့်မယ်လို့လည်း ဦးဝင်းတင်က သတိပေးပြောကြားပါတယ်။ ဒေါ်အောင်ဆန်းစုကြည်က ‘တိုင်းပြည်နဲ့ပြည်သူလူထုအကျိုးကိုရှေးရှုပြီး ပြတ်ပြတ်သားသားဆောင်ရွက်ကြပါ’ ဆိုတဲ့ စာတမ်းတခုရေးသားပြီး သူ့နေအိမ်ရှေ့မှာ ဆိုင်းဘုတ်အသစ်ထပ်တင်လိုက်တဲ့အပေါ် သဘောထားမေးမြန်းစဉ် ဦးဝင်းတင်ကပြောကြားလိုက်တာပါ။

“ဒီနေ့အခြေအနေအရ ကျနော်တို့ ဘာပဲပြောနေနေ ပြတ်သားဘို့ အလွန်လိုတဲ့အချိန်ပဲ၊ မပြတ်သားလို့ မရတော့ဘူး၊ ကျနော်တို့မပြတ်သားလို့ တွေတွေဝေဝေ၊ ယိမ်းယိမ်းယိုင်ယိုင်၊ ကွဲကွဲပြားပြားဖြစ်နေကြမယ်၊ ဒါဆို အလွန်ကိုဆိုးဝါးတဲ့အကျိုးဆက်တွေကို ရင်ဆိုင်ရတော့မယ်၊ သို့မဟုတ်လို့ရှိရင် ကျနော်တို့ ပိုပြီးတော့ ခက်ခဲကြီးမားတဲ့အကျပ်အတည်းတွေ၊ ပိုမိုပြီးကြမ်းတမ်းတဲ့အန္တရာယ်တွေနဲ့ ရင်ဆိုင်ကြရလိမ့်မယ်၊ ကျနော်တို့ ဒီလိုပဲပြောရမှာပဲ၊ ဘာဖြစ်လို့လဲဆိုတော့ ဒီနေ့ အခြေအနေက အားလုံးသိကြတဲ့အတိုင်းပါပဲ၊ ဒီစစ်အုပ်စုဟာ အာဏာယန္တရားကြီးဟာ ဒီနေ့ ကျနော်တို့ရဲ့မြန်မာ့လူ့ဘောင်၊ မြန်မာ့လူမှုအဖွဲ့အစည်းကို ဘာမှချမ်းသာခွင့်မပေးတော့ဘဲ၊ သက်ညှာခွင့်မပေးတော့ဘဲ၊ လျှော့ပေါ့ခွင့်မပေးတော့ဘဲနဲ့ နင်းကြိတ်တော့မယ့်ဟာ ပြင်နေပြီ၊ ဒါ လူတိုင်းသဘောပေါက်ရမယ့်အချက်ပဲ၊ ဒီနှစ်ဟာ သိပ်လျှော့တွက်လို့မရဘူးဟုတ်လား၊ ဟိုလိုလို ဒီလိုလို ယောင်ယောင်ပေါင်ပေါင်လုပ်လို့မရဘူး၊ ကျနော်တို့တွေ မတူတဲ့သဘောထားတွေ၊ မတူညီတဲ့ဆန္ဒတွေ၊ မတူတဲ့အမြင်တွေပေါ်မှာအခြေပြုပြီးတော့ ကွဲကွဲပြားပြားလည်းလုပ်လို့မရတဲ့အချိန်ရောက်ပြီ၊ အခုလိုအချိန်အခါမျိုးမှာ ဒေါ်အောင်ဆန်းစုကြည်က ဗိုလ်ချုပ်အောင်ဆန်းရဲ့စကားဖြစ်တဲ့ ပြတ်ပြတ်သားသားလုပ်ကြဆိုတဲ့ဟာကိုပြောလိုက်တာဟာ အလွန့်အလွန်ကိုအရေးကြီးတဲ့ သဘောထားအကျိုးပါတယ်လို့ ကျနော်ထင်တယ်”

“ကျနော်တို့ကတော့ ဒီလိုပဲတွက်ချင်၊ ပြောချင်ပါတယ်၊ ကျနော်ထပ်ပြီးတော့ တိုက်တွန်းချင်တာက ဒေါ်အောင်ဆန်းစုကြည်စကားမို့လို့ အရေးကြီးတယ်၊ သို့မဟုတ်ရင်လည်း ဒေါ်အောင်ဆန်းစုကြည်ရဲ့ဖခင်ဖြစ်တဲ့ ဗိုလ်ချုပ်အောင်ဆန်းရဲ့စကားဖြစ်လို့ အရေးကြီးတယ်ဆိုတာမျိုးထက် အခြေအနေအချိန်အခါအရ အလွန့်အလွန်ကိုကိုက်ညီတဲ့စကားဖြစ်တဲ့အတွက်လည်း အလွန်ကိုအဖိုးတန်တယ်လို့ ကျနော်ပြောချင်ပါတယ်၊ ဘာပဲပြောပြော ဗိုလ်ချုပ်အောင်ဆန်းစကားအတိုင်း ပြောရမယ်ဆိုရင် ကျနော်တို့ ပြတ်သားရမယ့်အချိန်ပဲ၊ ပြတ်ပြတ်သားသားလုပ်ကြဆိုတဲ့စကားအညွှန်း ထွက်လာတာဟာ ကျနော်တို့အဖို့ အလွန်ကိုမှတ်သားစရာကောင်းပါတယ်၊ ဒါကို တိုင်းသူပြည်သားလည်း သဘောပေါက်ရမယ်၊ နိုင်ငံရေးအင်အားစုတွေ လည်း သဘောပေါက်ရမယ်၊ လူငယ်အင်အားစု တွေလည်း သဘောပေါက်ရမယ်၊ ဒီမိုကရေစီအင်အားစုတွေလည်း သဘောပေါက်ရမယ်လို့ ကျနော်ယူဆပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဒီအချိန်ကိုက အလွန်အရေးကြီးတဲ့ အချိန်အခါလည်းရောက်နေပြီ၊ ကျနော်တို့ အလွန်ပြတ်သားရမယ့်အချိန်အခါလည်းရောက်နေပြီ၊ ကျနော်တို့ဟာ ခိုင်မာတဲ့သံန္နိဋ္ဌာန်တွေချရမယ့်အချိန် ရောက်နေပြီ၊ အဲဒီလိုအချိန်မှာ ကျနော်တို့ရှေ့ဆက်မယ့်လုပ်ငန်းက သာမန်လုပ်ငန်းမဟုတ်တော့ဘူး၊ သာမန် ဥပမာ အဖွဲ့အစည်းတခုက သာမန် ဒီကြေညာချက်ထုတ်တာ မျိုး၊ အစည်းအဝေးထိုင်ရုံ စကားပြောရမယ့်၊ လုပ်ရမယ့်အခြေအနေမဟုတ်တော့ဘူး၊ ကျနော်တို့က အလွန်ခက်ခဲကျပ်တည်းတဲ့အချိန်အခါကို ရင်ဆိုင်နေရပြီ၊ အလွန်ကြီးမားတဲ့အန္တရာယ်တွေရင်ဆိုင်နေရပြီဆိုတာ သဘောပေါက်ရမယ်”

ဝါရင့်နိုင်ငံရေးသမားကြီး သခင်ချန်ထွန်းက ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ သူ့ရဲ့ဆန္ဒကို ပြည်သူလူထုကိုအသိပေးလိုက်တာဖြစ်တယ်လို့ ပြောပါတယ်။

“ဒေါ်အောင်ဆန်းစုကြည်ဆီက စကားသံတွေထွက်တဲ့အခါ ကျနော်တို့က အဓိပ္ပာယ်တွေ

**စာမျက်နှာ ၁၆ သို့**

နအဖစစ်အုပ်စုက နဖားကြိုးတပ်ဆွဲဒေါ်တိုင်း အဖွဲ့ချုပ်မလိုက်နိုင်
**စာမျက်နှာ ၂**

နယ်အဖွဲ့ချုပ်ဝင်များက အဖွဲ့ချုပ်ဗဟိုကို တက်ကြွစွာ ဦးဆောင်စေလိုသည့်ဆန္ဒရှိ
**စာမျက်နှာ ၃**

ဗမာစစ်အာဏာရှင်အပြုတ်တိုက်ရေးမှာ လက်နက်ကိုင်လှုပ်ရှားမှုဟာလည်း အရေးကြီးတဲ့အခန်းကဏ္ဍက ပါဝင်ကြောင်း ယုံကြည်လာအောင်ပြောနိုင်ရင် ကူညီနိုင်တဲ့နည်းလမ်းတွေ အများကြီးရှိပါတယ်
**စာမျက်နှာ ၄**

ခေါင်းဆောင်နွားလား ဖြောင့်ဖြောင့်သွားမှ နောက်နွားတသိုက် ဖြောင့်ဖြောင့်လိုက်မည်
**စာမျက်နှာ ၆**

နိုင်ငံရေးအကျဉ်းသား မိသားစုများ အိုင်စီအာစီ အကူအညီ ရရန် အခက်တွေ့
**စာမျက်နှာ ၈**

## VOB အာဘော်

# စစ်အုပ်စုကပြတ်သားသည် ဒီမိုကရေစီအုပ်စုက မပြတ်သား

လွတ်လပ်ရေးနေ့မှာ အမှာစကားအဖြစ် နေအိမ်အကျယ်ချုပ်ခံ ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် မြန်မာပြည်သူပြည်သားအားလုံးကို နိုင်ငံအကျိုးအတွက် ပြတ်ပြတ်သားသားလုပ်ဆောင်ရန် ဗိုလ်ချုပ်အောင်ဆန်း၏ပြောစကားကို ကိုးကား၍ နေအိမ်ရှေ့တွင် ရေးသားချိတ်ဆွဲခဲ့သည်။

မည်သည့်အရာကိုပြတ်သားရမည်နည်းဆိုသည်ကို အဓိပ္ပာယ်ဖော်ရန် အရေးကြီးလှပေသည်။ နိုင်ငံရေးအခြေအနေတွေအရ ပြန်လည်သုံးသပ်မှုများနှင့် ချဉ်းကပ်ပုံနည်းလမ်းများကို ပြန်လည်ရေးဆွဲပြီး စုစည်းသောအားဖြင့် စစ်အုပ်စုကို ပြတ်ပြတ်သားသားရင်ဆိုင်ရမည်ဖြစ်သည်။

စစ်အုပ်စုက ၂၀၁၀ ရွေးကောက်ပွဲသည် ၎င်းတို့အာဏာဆက်လက်ချုပ်ကိုင်နိုင်ရေးအတွက် တခုတည်းသော နိုင်ငံရေးထွက်ပေါက်ဖြစ်သည်ဟု ယုံကြည်သောကြောင့် မည်သူက မည်သို့ပင်ပြောဆိုတိုက်တွန်းနေစေကာမူ လုံးဝအထိလိုက်မခံပဲ အဆင့် ၇ ဆင့်ပါ လမ်းပြမြေပုံဖြင့် သွားမည်ဟု ဆိုနေသည်။ တချိန်တည်းမှာပင် ဤလမ်းကို တားဆီးမည့်သူဟုထင်သူ၊ ဖျက်ဆီးမည့်သူဟုယူဆသူ၊ အနှောင့်အယှက်ပေးသူဟု ယုံကြည်သူများကို ပြတ်သားစွာ ရှင်းလင်းနေပြီဖြစ်သည်။ ထို့ကြောင့် ၂၀၁၀ လမ်းကြောင်းသွားတွင် အဟန့်အတားဖြစ်သူမည်သူ့ကိုမဆို ပြတ်ပြတ်သားသားရှင်းပစ်နေခြင်းဖြစ်သည်။

ဒီမိုကရေစီအင်အားစုများကလည်း ပြတ်သားစွာလုပ်ဆောင်ရမည်။ ယခုအခါတွင် ထိုသို့လုပ်နိုင်ခြင်းမရှိသေးပေ။ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ တွေ့ဆုံဆွေးနွေးရေးကို ယနေ့တိုင်တောင်းဆိုတိုက်တွန်းနေဆဲဖြစ်သည်။ သို့သော် နအဖက မကြားချင် မသိချင်ယောင် ဆောင်နေသည်။ ဂရုပင်မစိုက်ပေ။ နအဖက တွေ့ဆုံဆွေးနွေးစရာမလိုဟု ယုံကြည်ထားခြင်းကြောင့်ဖြစ်သည်။ တွေ့ဆုံဆွေးနွေးခြင်းမရှိပဲ ၎င်းတို့လိုချင်သည့်အရာကို ရအောင်ယူနိုင်မည်ဟု ယုံကြည်ခြင်းကြောင့်ဖြစ်သည်။ ဤသည်က ဒီမိုကရေစီအင်အားစုများတွင် နအဖစစ်အုပ်စုက တွေ့ဆုံဆွေးနွေးလာအောင် လုပ်နိုင်သည့်အားမရှိသေးဆိုသည်ကို မြင်နိုင်ပေသည်။

ထို့ကြောင့် တွေ့ဆုံဆွေးနွေးရေးနည်းလမ်းဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကိုလုပ်ဆောင်မည်ဆိုလျှင် မိမိတို့၌ တွေ့ဆုံဆွေးနွေးပွဲများဖြစ်လာစေရန် လုပ်ဆောင်နိုင်သည့်အင်အား အနေအထား ရှိပြီလားဟုသုံးသပ်ရမည်၊ မရှိလျှင် မည်သို့လုပ်ဆောင်မည်နည်း၊ ဗျူဟာသစ်၊ ချဉ်းကပ်ပုံသစ်များကို လက်တွေ့ကျကျ ထိထိရောက်ရောက်အသုံးချနိုင်ရန် လုပ်ဆောင်ရမည်။

မြန်မာ့အရေးသည် စစ်အာဏာရှင်စနစ် မြန်မာနိုင်ငံတွင်ချုပ်ငြိမ်းပြီး ဒီမိုကရေစီနှင့်လူ့အခွင့်အရေးများထွန်းကားပြီး လွတ်လပ်မှုနှင့် သာယာဝပြောမှုများ ရရှိခံစားနိုင်ရေးဖြစ်သည်။ နိုင်ငံရေးအင်အားစုများက နိုင်ငံရေးနည်းအရ ပြတ်ပြတ်သားသားလုပ်ဆောင်ရမည်၊ လက်နက်ကိုင်အင်အားစုများက စစ်ရေးနည်းအရ စစ်အုပ်စုကို ဖိအားပေးနိုင်ရန်လုပ်ဆောင်ရမည်၊ နိုင်ငံတကာရောက်အင်အားစုများကလည်း စည်းရုံးလှုံ့ဆော်ကာ ကမ္ဘာ့နိုင်ငံများက စစ်အုပ်စုအပေါ် အရေးယူမှု၊ ဆက်ဆံမှုနည်းလမ်းများဖြင့် မြန်မာနိုင်ငံအပြောင်းအလဲဖြစ်လာစေရန် လုပ်ဆောင်ရမည်။ ထို့ကြောင့် မြန်မာ့အင်အားစုအားလုံး ပြတ်သားသည့်နည်းလမ်းများကို ဟန်ချက်ညီစွာဖြင့် ပြတ်ပြတ်သားသားချမှတ်အကောင်အထည်ဖော်လုပ်ဆောင်ရမည်ဟု ရေးသားလိုက်ရပေသည်။

---

# နအဖစစ်အုပ်စုက နဖားကြိုးတပ်ဆွဲခေါ်တိုင်း အဖွဲ့ချုပ်မလိုက်နိုင်

**VOA ၊ ဂျန်နဝါရီ ၉ ။** ။ နအဖစစ်အုပ်စုက ၂၀၁၀ မှာ ရွေးကောက်ပွဲပြုလုပ်ပေးမယ့်အပေါ်မှာ ရွေးကောက်ပွဲဝင်ဘို့စိုင်းပြင်းနေကြပြီး နိုင်ငံရေးပါတီတွေ လည်းတည်ထောင်ဘို့ပြင်ဆင်နေကြပါတယ်။

ဒါပေမဲ့ ပါတီတည်ထောင်ခွင့်တို့၊ ရွေးကောက်ပွဲဆိုင်ရာဥပဒေတို့၊ နည်းဥပဒေလုပ်ထုံးလုပ်နည်းဆိုတာတွေ အခုအချိန်ထိ နအဖစစ်အုပ်စုက ထုတ်ပြန်ခြင်းမရှိသေးပါဘူး၊ ၂၀၁၀ ရွေးကောက်ပွဲနဲ့ပတ်သက်ပြီး မြန်မာနိုင်ငံအတွင်း အဓိကနိုင်ငံရေးပါတီကြီးတခုဖြစ်တဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့အမြင်တွေကိုသိရှိဘို့ NLD ပါတီခေါင်းဆောင်တဦးဖြစ်တဲ့ ဦးဝင်းတင်ကို ဆက်သွယ်မေးမြန်းတဲ့အခါ အခုလိုပြောပါတယ်။

“အခြေခံဥပဒေကိုလက်မခံဘူးဆိုတာနဲ့တပြိုင်တည်း ကျနော်တို့မှာ အခြားလည်း ဘာမှ သိပ်ပြီးတော့ ရွေးကောက်ပွဲနဲ့ပတ်သက်လို့ ဘာမှစဉ်းစားစရာမလိုသေးဘူးလို့ ကျနော်ယူဆတယ်၊ ဒီအခြေခံဥပဒေဆိုတာက အတည်မဖြစ်သေးဘူး၊ လွှတ်တော်ပေါ်ပေါက်လာတဲ့အခါကြမှ အခြေခံဥပဒေက အတည်ဖြစ်မှာ၊ အဲဒီအတည်မဖြစ်ခင် အခြေခံဥပဒေကိုပြန်လည်သုံးသပ်ကြရအောင်ဆို ပြီး ကျနော်တို့ကကမ်းလှမ်းတယ်၊ ဒီအခြေခံဥပဒေ ပြန်လည်သုံးသပ်ရေးဆိုတဲ့ ကိစ္စကို ဘာမှ တစုံတရာအဖြေမပေးဘဲ လက်ခံခြင်းမပြုဘဲ ရွေးကောက်ပွဲဆို တာကို ကျနော်တို့ကတော့ ဘာမှ စကားထဲကိုထည့်မပြောဘူး၊ အသိအမှတ်လည်းမပြုဘူး၊ စဉ်းလည်း မစဉ်းစားဘူး၊ ဒါ ကျနော်တို့ရဲ့လက်ရှိအခြေအနေပဲ”

နိုင်ငံတကာကလည်း တောင်းဆိုနေပါတယ်။ လက်ရှိ ၂၀၁၀ ရွေးကောက်ပွဲကို လွတ်လပ်ပြီး တရားမျှတအောင်ဆိုရင် နိုင်ငံရေးအကျဉ်းသားတွေ လွှတ်ပါ၊ နိုင်ငံရေးအဖွဲ့အစည်းတွေအားလုံးပါဝင်နိုင်တဲ့ အခင်းအကျင်းတခုဖန်တီးပေးပါဆိုပြီး တောင်းဆိုနေပါတယ်။ ဒါပေမဲ့ စစ်အုပ်စုဘက်က ဘာကိုမှ ဂရုမစိုက်ဘဲ သူတို့လုပ်မယ့်ပုံစံကိုပဲ စိုက်လိုက်မတ်တပ်လုပ်သွားမယ့်ပုံစံ မြင်နေရပါတယ်။ အကယ်၍ အဲဒီလိုပဲသွားမယ်ဆိုရင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ လက်ရှိရပ်တည်ချက်နဲ့ဆိုရင် ပါတီရပ်တည်ရေးအတွက် နောက်ပိုင်းမှာ တစုံတရာ ပြဿနာရှိမလာနိုင်ဘူးလား။

“ရှိနိုင်တာပေ့ါ၊ ကျနော်တို့က နိုင်ငံရေးလုပ်တဲ့အခါကြတော့ တယူသန်ဘို့ ခေါင်းမာဘို့ဆိုတာ မဟုတ်ပါဘူး၊ သို့သော် ကျနော်တို့ဆုပ်ကိုင်ထားတဲ့ အခြေခံမူဝါဒတွေ၊ အခြေခံသဘောတရားတွေကိုတော့ ကျနော်တို့ကစွန့်လွှတ် ပြီးပစ်ပယ်ပြီး သူများခိုင်းတိုင်း သူများခေါ်တိုင်းမသွားနိုင်ဘူး၊ ထပ်ထပ်ပြီး အခြေအနေသစ်တွေပေါ်ပေါက်လာခြင်းမရှိဘဲနဲ့ဆိုရင်တော့ ရှေ့အလားအလာက လည်းအတော့ကိုမှုန်ဝါးနေတဲ့၊ မေးမှိန်နေတဲ့အနေအထားမှာရှိနေပါတယ်၊ မေးမှိန်မှာကြောက်တာတခုတည်းနဲ့တော့ ကျနော်တို့တတွေအကုန်လုံးက သူတို့ခြေသလုံးဖက်လို့တော့မရတော့ဘူး၊ ဒီလမ်းကိုလျှောက်ဆိုပြီးတော့ ကျနော်တို့ကိုနဖားကြိုးတပ်ဆွဲခေါ်တိုင်းလည်း ကျနော်တို့မလိုက်နိုင်တော့ဘူး၊ ဒါ ဦးကြည်မောင်ပြောစကားနဲ့ပြောရရင် မောင်ခေါ်ရာ မယ်မလိုက်နိုင်ဘူးလို့ပဲ ပြောပြောပေ့ါ၊ ဒါမှမဟုတ် ကျနော်စကားအသစ်နဲ့ပြောရရင် ကျနော်တို့ နဖားကြိုးတပ်ဆွဲခေါ်တိုင်း မလိုက်နိုင်ဘူးလို့ဘဲ ပြောရမှာပဲ”။

# နယ်အဖွဲ့ချုပ်ဝင်များက အဖွဲ့ချုပ်ဗဟိုကို တက်ကြွစွာ ဦးဆောင်စေလိုသည့်ဆန္ဒရှိ

**DVB । ဇန်နဝါရီ ၈ ။** ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဗဟိုကို အောက်တိုဘာလကတည်းက တောင်းဆိုတိုက်တွန်းထားတာတွေရှိပေမယ့် ဘာမှမတုံ့ပြန်လို့ စိတ်ဓာတ်ကျတယ်၊ အားမရဘူးလို့ နယ်အဖွဲ့ချုပ်ဝင်တချို့ကပြောပါတယ်။

အဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်ကော်မတီ (စီအီးစီ) ကို မထိခိုက်စေဘဲ ထက်မြက်သွက်လက်တဲ့ လူငယ်တွေကို စီအီးစီအဖွဲ့ဝင် ဒါမှမဟုတ် အရန်အဖွဲ့ဝင်အဖြစ် ဖြည့်စွက်တာဝန်ပေးဖို့နဲ့ ပြည်သူ့လွှတ်တော် ညီလာခံခေါ်ပေးဖို့ နယ်အဖွဲ့ချုပ်ဝင်တွေက အကြိမ်ကြိမ် တိုက်တွန်းတောင်းဆို ခဲ့ကြပါတယ်။ ဒါပေမယ့် အဖွဲ့ချုပ်ဗဟိုက မတုံ့ပြန်သေးတဲ့အတွက် နယ်အဖွဲ့ချုပ်ဝင်တချို့ဆိုရင် အစည်းအဝေးတောင် တက်ဖို့စိတ်မပါကြတော့ဘူးလို့ တောင်ငူမြို့နယ်မဲဆန္ဒနယ်မြေ အမှတ် ၁ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိုးမြင့်က ပြောပါတယ်။

“ဒီအစည်းအဝေးတွေလုပ်ပြီးတော့ ကြေညာချက်ထုတ်ရုံနဲ့ ကျနော်တို့ အလုပ်မဖြစ်တော့ဘူး၊ ကျနော်တို့က ဘာပဲပြောပြော ဗဟိုက တက်တက်ကြွကြွလေး ဦးဆောင်စေချင်တာပေါ့။ ကျနော်တို့က ဒါကြောင့်မို့လို့ ဗဟိုအင်အားဖြည့်ဖို့ ဘာညာပြောတာ။”

ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦး စတဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ခေါင်းဆောင်တွေကို ရွေးကောက်ပွဲကော်မရှင်က အသိအမှတ်မပြုပေမယ့် အဖွဲ့ချုပ်ဝင်တွေနဲ့ ပြည်သူတွေက အသိအမှတ်ပြုပါတယ်လို့လည်း ဦးအောင်စိုးမြင့်က ပြောပါတယ်။

“အခု ဦးဝင်းတင်တို့ ဦးခင်မောင်ဆွေတို့ လွတ်လာတယ်၊ အဖွဲ့ချုပ်နဲ့ ပြန်ပြီးတော့ပူးပေါင်းဆောင်ရွက်တယ်၊ ကော်မရှင်ကအသိအမှတ်မပြုဘူး။ ကျနော်တို့အဖွဲ့ဝင်တွေ အသိအမှတ်ပြုတယ်။ ပြည်သူက အသိအမှတ်ပြုတယ်၊ အဖွဲ့အတွင်းမှာလည်း နည်းနည်းပါးပါး တက်တက်ကြွကြွလှုပ်လှုပ်ရှားရှားဖြစ်လာတယ်။ ဒါကျနော်တို့ လုပ်ကိုလုပ်ရမယ့်ကိစ္စတွေလေ၊ အဲ့တော့ ဗဟိုကော်မရှင်က အသိအမှတ်ပြုမှ ကျနော်တို့အဖွဲ့ကို တိုးချဲ့ရမယ်ဆိုတာကတော့ အဲ့ဒီအတိုင်းသွားနေရင် ကျနော်တို့တော့ မရတော့ဘူးလို့ထင်တယ်၊ ဗဟိုအနေနဲ့ အဲ့ဒါကို ဦးဆောင်ပြီးတော့ တက်တက်ကြွကြွ ဦးဆောင်လုပ်စေချင်တယ်။”

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ညီလာခံခေါ်ပေးဖို့ ဒါမှမဟုတ် လွှတ်တော်ကိုယ်စားလှယ်တွေကို ပြည်နယ်တိုင်းအလိုက် စုစည်းတွေ့ဆုံနိုင်ဖို့ တောင်းဆိုထားတာကိုလည်း ဗဟိုက မတုံ့ပြန်လို့အားမရဘူးလို့ ဦးအောင်စိုးမြင့်က ပြောပါတယ်။

“တနည်းမဟုတ်တနည်းတော့ ကျနော်တို့က အဖြေရှာရမှာပေါ့၊ တွေ့ဖို့ခဲယဉ်းတယ်ဆိုတာကတော့ မှန်ပါတယ်၊ သို့သော် အဲဒီခဲယဉ်းတာကို အကြောင်းပြပြီးတော့ မလုပ်ဘဲနေလို့တော့မရဘူး။ လုပ်လို့မရရင် ရတဲ့နည်းနဲ့လုပ်ဖို့ကျနော်တို့စဉ်းစားရမယ်။ အဖွဲ့ချုပ်သည် ကျန်တဲ့လူတွေနဲ့ အဲ့ဒီလို ကင်းကွာနေတာမျိုးကျနော်တို့က သဘောမကျဘူးပေါ့ဗျာ။”

**စာမျက်နှာ ၇ သို့**

# စာပေစိစစ်ရေးက ပြည်တွင်းမီဒီယာတွေကို ဝါဒဖြန့်ရာတွင်အသုံးချ

**DVB । ဇန်နဝါရီ ၅ ။** ။ မကြာသေးခင်ကဆန္ဒပြခဲ့တဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင်လူငယ်တွေနဲ့ပတ်သက်ပြီး စာပေစိစစ်ရေးက ဂျာနယ်တွေမှာ ပေါ်လစီဆောင်းပါးတွေ မထည့်မနေရ ထည့်ခိုင်းနေပါတယ်။

ပြီးခဲ့တဲ့အပတ် အင်္ဂါနေ့က ဆန္ဒပြပြီးထိန်းသိမ်းခံခဲ့ရတဲ့ အဖွဲ့ချုပ်လူငယ်တွေနဲ့ပတ်သက်တဲ့သတင်းဆောင်းပါးကို စာပေစိစစ်ရေးက ဒီတပတ်ထုတ်ဂျာနယ်တွေမှာ မထည့်မနေရ ထည့်ခိုင်းနေတယ်လို့ ဂျာနယ်သမားတွေကပြောပါတယ်။ စာပေစိစစ်ရေးကနေ နိုင်ငံရေးနဲ့ပတ်သက်တဲ့ဝါဒဖြန့်စာတွေ မကြာခဏဆိုသလို ဂျာနယ်တွေမှာထည့်ခိုင်းလေ့ရှိပြီး ဂျာနယ်တွေအနေနဲ့လည်း ထုတ်ဝေခွင့်ပိတ်ပင်ခံရမှာကိုစိုးရိမ်ရတဲ့အတွက် ထည့်ပေးနေရတာလို့ ဂျာနယ်သတင်းထောက်တဦးကပြောပါတယ်။

“True ရယ် နောက်တစောင်က ဘာလဲမသိဘူး၊ ဦးဝင်းတင်ကမြှောက်ပေးလို့လုပ်တာဆိုပြီးတော့ပါတယ်၊ သူတို့နဲ့အလုပ်လုပ်နေရတဲ့အချိန်မှာ ဒါမထည့်ပေးလို့လည်း ရမှမရတာ၊ မထည့်ပေးရင် ကိုယ့်ဂျာနယ်ကို ပြန်ပြီးသနားရမှာ၊ ဒီမှာပါတဲ့အချက်အလက်ကြီးက အမှန်မဟုတ်ဘူးဆိုတာတော့ ဂျာနယ်သမားတွေအကုန်သိပါတယ်”

ဒီဆောင်းပါးထဲမှာ ဆန္ဒပြလူငယ်တွေကို အဖွဲ့ချုပ်ဗဟိုအလုပ်မှုဆောင်ကော်မတီဝင်တွေဖြစ်တဲ့ ဦးဝင်းတင်နဲ့ ဦးခင်မောင်ဆွေတို့က မြှောက်ပင့်ပေးတာလို့ရေးသားထားတာနဲ့ပတ်သက်ပြီး ဦးဝင်းတင်ကပြောပါတယ်။

“တကယ်တော့ သူတို့ရေးတာက ဖြစ်ပျက်ပုံသတင်းကိုရေးတယ်၊ နံနက်ခင်းဆိုတဲ့ဂျာနယ်ထဲမှာ ကျနော်ဖတ်လိုက်ရတယ်၊ သူတို့က အဲဒီအထဲမှာ ပါဝင်လှုပ်ရှားတဲ့လူငယ်တွေအကြောင်းကိုရေးတယ်၊ ပြီးခါမှ ကျနော်နဲ့ ဦးခင်မောင်ဆွေကနေ ဝါဒမှိုင်းတိုက်လို့ ဒီလူငယ်တွေဆန္ဒပြတယ်ဆိုတာ ၁ ပေါ့၊ လူထုက ဘာမှစိတ်မဝင်စားဘူးဆိုတာက ၂ ပေါ့၊ ကျနော်တို့က ဝါဒမှိုင်းတိုက်တယ်ဆိုရင် ကျနော်တို့က ဘယ်လိုဝါဒမှိုင်းတိုက်တာလဲ၊ ဘယ်နေရာမှာ ဘယ်ပုံသဏ္ဍာန်နဲ့ ဘယ်လိုတိုက်သလဲဆိုတာ သူတို့ရေးရမှာပေါ့၊ ဥပမာ ဦးခင်မောင်ဆွေရဲ့ဟောပြောပွဲအပြီးမှာဖြစ်လို့ဆိုပြီး ဦးခင်မောင်ဆွေရဲ့ဟောပြောချက်ဟာ ဝါဒမှိုင်းတိုက်တယ်လို့ဆိုရင် အဲဒါမှားတာပေါ့၊ ဘာဖြစ်လို့လဲဆို တော့ သူဟာ လွတ်လပ်မှုအကြောင်းပြောတာပဲ၊ ဒါဟာ ဦးခင်မောင်ဆွေရဲ့ဟောပြောပွဲနဲ့ဆက်စပ်တယ်လို့ ပြောလည်းလို့မရဘူး၊ ဦးခင်မောင်ဆွေ ဆွေးနွေးပွဲကိုလာပြီးတော့ လူစုဘို့အတွက် အဖွဲ့ချုပ်ကိုရောက်လာတယ် ပြီးရင် ဆန္ဒပြတယ်၊ နောက်တချက်က ကျနော်ဝါဒမှိုင်းတိုက်တယ်လို့ပြောရအောင်လည်း ကျနော် ဘယ်လိုဝါဒမှိုင်းတိုက်သလဲ၊ ဘယ်နေရာမှာ ဘယ်လိုပုံသဏ္ဍာန်နဲ့ဝါဒမှိုင်းတိုက်သလဲ၊ ဒါတွေလည်း သူတို့ဖော်ပြနိုင်ခြင်းမရှိတဲ့အခါ ဒါ ကျနော်ကတော့ ဒီဟာနဲ့ပတ်သက်ပြီး ဘာမှ အဓိပ္ပာယ်မရှိဘဲနဲ့စွပ်စွဲတာပဲလို့ ပြောလို့ရတယ်”

ဒ့ါအပြင် ဒီဆောင်းပါးမှာ အဖွဲ့ချုပ်လူငယ်တွေရဲ့ဆန္ဒပြမှုကို ပြည်သူလူထုကစိတ်မဝင်စားဘူးလို့ရေးသားထားနဲ့ပတ်သက်ပြီး ဦးဝင်းတင်က

“လူထုကနေ စိတ်မဝင်စားဆိုတာတော့ မဟုတ်ဘူးလို့ထင်တယ်၊ ဘာလို့လဲဆိုတော့ လူတွေစိတ်ထဲမှာရှိမှာပဲ၊ လူတွေမြောက်မြားစွာ ဒီစစ်အုပ်စုကို ဆန့်ကျင်နေကြတယ်၊ စစ်အုပ်စုကို အံတုနေချင်ကြတယ်၊ စစ်အုပ်စုကိုအံတုတဲ့လူတွေကို လက်ခုပ်တီးချင်ကြတယ်ဆိုတဲ့စိတ်ထားမျိုး ရှိနေတဲ့ကာလမှာ သူ တို့ အဲဒီသတင်းမှာ စိတ်မဝင်စားဘူးဆိုတဲ့ရေးသားချက်ကတော့ အတော်မှားတယ်လို့ ကျနော်ကတော့ပြောချင်တယ်”

ဆန္ဒပြအဖွဲ့ချုပ်လူငယ်တွေကို အင်းစိန်ထောင်မှာထိန်းသိမ်းထားတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့အင်္ဂါနေ့က အဖွဲ့ချုပ်ရုံးမှာ စီအီးစီအဖွဲ့ဝင် ဦးခင်မောင်ဆွေရဲ့ ပြည်သူနဲ့လွတ်လပ်ရေးဆိုတဲ့ခေါင်းစဉ်နဲ့ ဆွေးနွေးပွဲအပြီး ဆန္ဒပြခဲ့ကြတာဖြစ်ပါတယ်။ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ပါစေဆိုတဲ့စာတန်းကိုကိုင်ဆောင်ပြီး ငြိမ်းချမ်းစွာလမ်းလျှောက်ဆန္ဒပြစဉ် ပြည်သူ့လွှတ်တော်ရှေ့အရောက် အမည်မသိသူတွေနဲ့ ရဲတွေက ဝိုင်းဝန်းဖမ်းဆီးခဲ့တာဖြစ်ပါတယ်။ နအဖက ပြည်တွင်းမီဒီယာတွေကို လက်ကိုင်တုတ်အဖြစ်ဝါဒဖြန့်ဖြူးရာမှာအသုံးပြုနေတာဟာ စာပေစိစစ်ရေးရဲ့သက်တမ်းနဲ့အမျှဖြစ်နေတဲ့အတွက် ဒီလိုရေးသားမှုတွေကိုတွေ့တိုင်း ပြည်သူတွေက ပြောင်းပြန်ပဲယူဆလေ့ရှိတယ်လို့ ဝါရင့်စာပေသမားတဦးကပြောပါတယ်။

# လက်နက်ကိုင်မှုနဲ့လွတ်လပ်မှု

ဦးအောင်ခင်
မျက်မှောက်ရေးရာသုံးသပ်ချက်

စစ်အစိုးရရေးဆွဲတဲ့အခြေခံဥပဒေအရ "ဝ" ဒေသဟာ ကိုယ်ပိုင်အုပ်ချုပ်ရေးတိုင်းဖြစ်လာမယ်။ "ဝ" တွေက သူတို့ဒေသကို ပြည်နယ်လို့ အရင်ကတည်းကသတ်မှတ်ထားပေမယ့် စစ်အစိုးရကတော့ ရှမ်းပြည်နယ်အထူး ဒေသအမှတ် ၂ လို့ခေါ်တယ်။ "ဝ" လွတ်လပ်မှုကိုကာကွယ်ဖို့ဖွဲ့ထားတဲ့ "ဝ" တပ်ဖွဲ့ကို လက်နက်စွန့်လွှတ်ဖို့ ဗမာစစ်အစိုးရကြိုးပမ်းနေတယ်။ ဗမာစစ်အစိုးရဟာ သူတဦးတည်းသာ လက်နက်ကိုင်ချင်တယ်။ လွတ်လပ်ရေးသက်တမ်းမှာ လက်နက်ချသူကိုသာ အလင်းဝင်သူအဖြစ်လက်ခံခဲ့တာတွေ့ရတယ်။

ဒါပေမဲ့ ၁၉၈၈ ပြည်သူ့အုံကြွမှုကြီးကိုရင်ဆိုင်ခဲ့ရပြီးတဲ့နောက်ပိုင်း အခြေအနေမကောင်းတဲ့အတွက် ဗမာစစ်အစိုးရဟာ တိုင်းရင်းသားလက်နက်ကိုင်အချို့နဲ့ အပြစ်အခတ်ရပ်စဲပြီး လက်နက်ကိုင်ဆောင်ခွင့်နဲ့ စီးပွါးရေးလုပ်ခွင့်ပေးထားရတယ်။ အခုတော့ ဗမာစစ်အစိုးရဟာ စီးပွါးရေးနဲ့စစ်ရေးမှာ အရင်ကထက်အားကောင်းလာတာမို့ အနှစ် ၂၀ နီးပါးရှိတဲ့ လက်နက်ကိုင်ဆောင်ခွင့်ကိုရုပ်သိမ်းဖို့ ကြိုးစားနေပြီ။ ဒါပေမဲ့ စစ်အင်အားအကောင်းဆုံးဖြစ်တဲ့ "ဝ" တပ်ဖွဲ့ကို လက်နက်စွန့်ဖို့နားချနေတာ အခုထက်ထိမအောင်မြင်သေးဘူး။ "ဝ" တပ်ဖွဲ့ကလည်း လက်နက်စွန့်ဖို့စိတ်မကူးဘူး။ ကိုယ်အုပ်ချုပ်တဲ့နယ်မြေ ကို စစ်အင်အားတောင့်တင်းမှ ကိုယ်ကာကွယ်နိုင်မယ်ဆိုတာကို "ဝ" တွေက နားလည်ပုံရတယ်။

"ဝ" တပ်ဖွဲ့ဟာ လက်နက်ငယ်ထုတ်လုပ်ရေးစက်ရုံကို အောင်မြင်စွာ တည်ဆောက်နိုင်တယ်ဆိုတဲ့သတင်း ဒီဇင်ဘာ ၁၂ ရက်နေ့ထုတ် Jane's ဂျိန်းစ် သတင်းမှာဖတ်လိုက်ရပြီး မကြာမီ ဒီဇင်ဘာ ၁၆ ရက်နေ့ထုတ် ရေဝတီ အင်္ဂလိပ်စာစောင်မှာ "ဝ" သွေးစည်းညီညွတ်ရေးတပ်ဖွဲ့က တရုတ်ပုံစံ AK-47 မောင်းပြန်သေနတ်တွေထုတ်လုပ်နေတာ တနှစ်ကျော်ပြီဖြစ်ကြောင်း ဖော်ပြတယ်။ "ဝ" တပ်ဖွဲ့အတွက်သာမဟုတ်ဘဲ အခြားတိုင်းရင်းသားလက်နက်ကိုင်တွေကိုလည်း ရောင်းတယ်လို့ဆိုတယ်။ ပန်ဆန်းမြို့မြောက်ဘက် မိုင် ၈၀ အကွာက ကွန်းမကျေးရွာမှာ လက်နက်စက်ရုံရှိတယ်လို့သိရတယ်။

Jane's Security သတင်းကတော့ ၂၀၀၆ ခုနှစ် စက်တင်ဘာလက စပြီး မောင်းပြန်သေနတ်ကို "ဝ" တပ်ဖွဲ့ကစတင်ထုတ်လုပ်ကြောင်း အတိအကျရေးထားတယ်။ ဒါတင်မကသေးပါဘူး။ "ဝ" တွေဟာ ယူနန်ပြည်နယ်မှာလက်နက်ဝယ်ယူပြီး ကချင်လက်နက်ကိုင်နဲ့ အိန္ဒိယနယ်စပ်ကလက်နက်ကိုင်တွေကိုပြန်ရောင်းတယ်လို့လည်းဆိုတယ်။ မူးယစ်ဆေးလုပ်ငန်းကရတဲ့ငွေနည်းလာတဲ့အတွက် လက်နက်ထုတ်လုပ်ရောင်းချပြီး ရန်ပုံငွေရှာနေတာလို့လည်းဆိုတယ်။

ထိုင်း–မြန်မာနယ်စပ်က "ဝ" တပ်တွေရုပ်သိမ်းဖို့နဲ့ လက်နက်စွန့်ဖို့ကိစ္စကို ဒီဇင်ဘာ ၅ ရက်နေ့က ဗမာစစ်တပ်ကိုယ်စားလှယ် ဗိုလ်ချုပ်ကျော်ဖြိုး ပန်ဆန်းမှာလာရောက်ဆွေးနွေးတာကို "ဝ" ခေါင်းဆောင်ပိုင်းကလက်မခံကြောင်း ဒီဇင်ဘာ ၉ ရက်နေ့ထုတ် ရှမ်းသံတော်ဆင့်သတင်းမှာဖော်ပြတယ်။ သူတို့မှာလက်နက်ရှိနေလို့သာ သူတို့ဒေသငြိမ်းချမ်းနေတာမို့ ဗမာစစ်တပ်ပြောသလို လက်နက်နဲ့ငြိမ်းချမ်းရေး လဲစရာမလိုဘူးလို့ "ဝ" ဘက်ကယူဆ တယ်။ အဲဒီဆွေးနွေးပွဲပျက်ပြားသွားပြီး မကြာမီ ထိုင်း–မြန်မာနယ်စပ် မိုင်း ယောင်းဒေသမှာ "ဝ" တပ်သားတထောင်လောက်က စစ်ရေးလေ့ကျင့်ခန်း လုပ်တယ်။

လွတ်လပ်ရေးကို လက်နက်နဲ့ကာကွယ်ရမယ်ဆိုတဲ့ ခံယူချက်ပါပဲ။ "ဝ" တွေမှာ လက်နက်အားကောင်းလို့သာ ဗမာစစ်တပ်ကအနိုင်မကျင့်ရဲတာပေါ့။ ဒီအယူအဆမျိုး အနောက်တိုင်းမှာခေတ်စားတယ်။ မိမိနယ်မြေကိုကာကွယ်နိုင်စွမ်းမရှိရင် ကိုယ်ပိုင်အုပ်ချုပ်ရေးကို ရေရှည်ထိန်းသိမ်းထားနိုင်ဖို့ ခက်ခဲမယ်ဆိုတဲ့သဘောပဲ။ နောက်တခုကတော့ မဲဆန္ဒနဲ့တင်မြှောက်တဲ့အစိုးရကို မဲဆန္ဒနဲ့ဖြုတ်ချနိုင်တယ်ဆိုပေမယ့် အာဏာရစဉ်ကာလမှာ လက်နက်မရှိတဲ့တိုင်းသူပြည်သားကို ပမာမခန့်လုပ်ပြီး အနိုင်ကျင့်နိုင်တယ်လို့ယူဆတဲ့အတွက် လက်နက်ကိုင်ဆောင်တာဖြစ်တယ်။

အမေရိကန်မှာလည်း နိုင်ငံသားတိုင်း လက်နက်ကိုင်ဆောင်ခွင့်ရှိပြီး မိမိပြည်နယ်လုံခြုံရေးအတွက် ပြည်သူ့စစ်ကို စနစ်တကျဖွဲ့စည်းပိုင်ခွင့်ရှိတယ် လို့ အခြေခံဥပဒေ ဒုတိယပြင်ဆင်ချက်ကဆိုပါတယ်။ တချို့ဆိုရင် ၁၇၇၆ ခုနှစ် ဂျူလိုင်လ ၄ ရက်နေ့ကို လွတ်လပ်ရေးနေ့လို့မယူဆဘဲ လက်နက်ကိုင်ဆောင်ခွင့်ပြင်ဆင်ချက်ဥပဒေကို ပြည်နယ်တွေကအတည်ပြုတဲ့နေ့ကိုသာ လွတ်လပ်ရေးအစစ်အမှန်ရတဲ့နေ့လို့ သတ်မှတ်ကြတာမျိုးလည်း အမေရိကန်မှာရှိတယ်။

အမေရိကန်မှာသွားရောက်အခြေစိုက်တဲ့လူမျိုးထဲမှာ သူတို့တိုင်းပြည်ကလွတ်လပ်ရေးတိုက်ပွဲအတွက် ငွေကြေး လက်နက်နဲ့ လူအင်အားထောက်ပံ့တာမျိုးလည်းရှိတယ်။ Serbia လက်အောက်ကရုန်းထွက်ဖို့ Kosovo ပြည်နယ်တိုက်ပွဲမှာ အမေရိကန်ရောက် Albanian တွေကလည်း ကူညီတိုက်ခိုက်တယ်။ Kosovo လွတ်မြောက်ရေးတပ်ဖွဲ့မှာ New York မြို့က Albanian တွေအများဆုံးပါဝင်တယ်လို့သိရပါတယ်။ ဒါကြောင့် Kosovo လက်နက်ကိုင်အဖွဲ့မှာ လက်နက်ရဖို့ ပြဿနာမရှိပါဘူး။

စစ်အေးတိုက်ပွဲကာလမှာ အမေရိကန်အစိုးရက ကွန်မြူနစ်ဆန့်ကျင် တဲ့လွတ်မြောက်ရေးလှုပ်ရှားမှုတွေကို ကူညီခဲ့ဘူးတယ်။ လွန်ခဲ့တဲ့အနှစ် ၂၀ ကျော်က သမ္မတ Reagan လက်ထက်မှာ Nicaragua နိုင်ငံကသူပုန်ကိုကူညီ တဲ့ကိစ္စဟာ ထင်ရှားပါတယ်။ လက်နက်နဲ့အုပ်ချုပ်တဲ့ဗမာစစ်အစိုးရဟာ အိန္ဒိယ၊ တရုတ်၊ ရုရှားနဲ့ အခြားနိုင်ငံတွေက စစ်လက်နက်ပစ္စည်းရတယ်။ လက်နက် မရှိရင် စစ်အစိုးရမရှိနိုင်သလို လက်နက်မရှိရင် လက်နက်ကိုင်တော်လှန်ရေး လည်း မရှိနိုင်ဘူး။ ဒါကြောင့် ဖက်ဒရယ်ကိစ္စကိုမပြောမီ ကိုယ့်နယ်မြေကိုယ်ကာကွယ်နိုင်သလားဆိုတာကို အရင်ဆန်းစစ်ဖို့လိုတယ်။

Afghanistan ကို ဆယ်နှစ်ဆယ်မိုး ၁၉၇၉–၁၉၈၈ ဆိုဗီယက်သိမ်းပိုက်ထားတာကို မူဆလင်ပြောက်ကျားကတိုက်ထုတ်နိုင်တာ ဘာကြောင့်လဲ။ ဆိုဗီယက်တပ်နီတော်ကို လက်နက်ငယ်နဲ့တိုက်လို့မရဘူး။ အမေရိကန်ဆီကရတဲ့ လက်နက်ကြီးတွေနဲ့ပစ်လို့ ဆိုဗီယက်တပ်တွေထွက်သွားတာပဲ။ ဒီလိုလုပ်နိုင် အောင် Afghan မူဆလင်သူပုန်ဘက်ကို အမေရိကန်ကကူညီတယ်။

ထင်ရှားသူကတော့ Texas ပြည်နယ်က ဒီမိုကရက်အမတ် Charles Wilson ဆိုသူပဲဖြစ်တယ်။ ခေတ်မီလေယာဉ်ပစ်ဒုံးပျံတွေထောက်ပံ့ဖို့ ဆော်ဩသူဖြစ်တယ်။ သူ့အကြောင်းကို ရုပ်ရှင်တောင်ရိုက်ထားသေးတယ်။ လက်နက်အင်အားကြီးမားတဲ့ ဆိုဗီယက်စစ်တပ်ကို သတ္တိရှိရှိနဲ့ခုခံတိုက်ခိုက်နေတဲ့ မူဂျာဟီဒင်မူဆလင်သူပုန်တွေကို အစွမ်းထက်တဲ့ခေတ်မီလက်နက်တွေပေးဖို့ Charles Wilson ကစည်းရုံးတာ အောင်မြင်သွားတယ်။

ဆိုဗီယက်တပ်တွေ Afghanistan ကထွက်ခွါသွားအောင် မဖြစ်ဖြစ်အောင်လုပ်ရမယ်ဆိုတဲ့ လျှို့ဝှက်အမိန့်ကို သမ္မတ Reagan ၁၉၈၅ ဧပြီလမှာ လက်မှတ်ထိုးလိုက်တဲ့အတွက် CIA အဖို့ ခေတ်မီလက်နက်တွေထောက်ပံ့ဖို့ လမ်းပွင့်သွားတာပါပဲ။ ဒီလိုအခြေအနေရောက်လာအောင် စည်းရုံးရေးဆင်းရတာပဲ။ စစ်အေးခေတ်မို့ အမေရိကန်ကထောက်ပံ့တာဖြစ်ပြီး အခုတော့ ထောက်ပံ့မှာမဟုတ်ဘူးလို့ ဆင်ခြေပေးနိုင်တယ်။ ဒါပေမဲ့ **ဗမာစစ်အာဏာရှင်အပြုတ်တိုက်ရေးမှာ လက်နက်ကိုင်လှုပ်ရှားမှုဟာလည်း အရေးကြီးတဲ့အခန်းကဏ္ဍက ပါဝင်ကြောင်း ယုံကြည်လာအောင်ပြောနိုင်ရင် ကူညီနိုင်တဲ့နည်းလမ်းတွေ အများကြီးရှိပါတယ်။**

# စင်ပြိုင်အစိုးရဖွဲ့ရေးအရှုပ်တော်ပုံ အန်စီယူဘီအကွဲအပြဲ သရုပ်ပေါ်လွင်

**NEJ ၊ ဂျန်နဝါရီ ၅ ။** ။ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ NCUB မှ အမျိုးသားညီညွတ်ရေးအစိုးရခေါ် စင်ပြိုင်အစိုးရတရပ်ဖွဲ့စည်းမည်ဆိုသည့်ကြေညာချက်ကို လူတစုကထုတ်ပြန်ခြင်းသာဖြစ်ပြီး ခေါင်းဆောင်ပိုင်းနှင့် တိုင်ပင်ခဲ့ခြင်းမရှိဟု NCUB ဒုဥက္ကဋ္ဌတဦးက ခေတ်ပြိုင်သို့ပြောပါတယ်။

NCUB အနေဖြင့် သီးသန့်စင်ပြိုင်အစိုးရဖွဲ့မည်ဆိုသည့်ကိစ္စနှင့်ပတ်သက်ပြီး မိမိကိုယ်တိုင်မသိပါကြောင်းနှင့် လူ ၂ ဦး ၃ ဦးက ၎င်းတို့သဘောနှင့် ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်ဟု NCUB သဘာပတိအဖွဲ့ဝင်လည်းဖြစ် ဒုတိယဥက္ကဋ္ဌလည်းဖြစ်သူ ခွန်မာကိုဘန်းက ခေတ်ပြိုင်နှင့်ဆက်သွယ်မေးမြန်းရာတွင် ယခုကဲ့သို့ပြောကြားခြင်းဖြစ်ပါတယ်။ သို့သော် စင်ပြိုင်အစိုးရဖွဲ့လိုသည့် NCUB တပ်ပေါင်းစုမှ လူတစု မည်သူတွေဆိုသည်ကိုမူ ခွန်မာကိုဘန်းက ရှင်းရှင်းလင်းလင်းပြောဆိုသွားခြင်းမရှိပေ။ NCUB က စင်ပြိုင်အစိုးရသစ်ထူထောင်ရေးနှင့် ပတ်သက်ပြီး လွှတ်တော်ကိုယ်စားလှယ်များသမဂ္ဂ MPU နှင့် အဝေးရောက်ပြည်ထောင်စုမြန်မာနိုင်ငံညွန့်ပေါင်းအစိုးရအဖွဲ့ NCUB စသည့်အဖွဲ့များနှင့် မတိုင်ပင်ဘဲ တဖက်သတ်ထုတ်ပြန်ခြင်းဖြစ်ပါတယ်။ ထို့ကြောင့် NCUB ၏ အမျိုးသားညီညွတ်ရေးစင်ပြိုင်အစိုးရကို လက်တွေ့အကောင်အထည်ဖော်နိုင်မည်မဟုတ်ဟု ခွန်မာကိုဘန်းက ဝေဖန်ထားပါတယ်။

NCUB က စင်ပြိုင်အစိုးရသစ်ဖွဲ့မည်ဟု မကြာခင်က ကြေညာချက်ထုတ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များသမဂ္ဂ MPU ပြောခွင့်ရပုဂ္ဂိုလ် ခွန်မြင့်ထွန်းကမူ ဒေါက်တာစိန်ဝင်းစင်ပြိုင်အစိုးရအား တိုးချဲ့ဖွဲ့စည်းရေးကို NCUB က စင်ပြိုင်အစိုးရသစ်ဖွဲ့တော့မယောင် လွဲမှားထုတ်ပြန်ခြင်းဖြစ်သည် ဟု ပြောပါတယ်။ NCUB ဒုဥက္ကဋ္ဌ ခွန်မာကိုဘန်ကလည်း NCUB စင်ပြိုင်အစိုးရဖွဲ့ရေးကိစ္စကို ခေါင်းဆောင်ပိုင်းနှင့်မတိုင်ပင်ဘဲ လူတစုကထုတ်ပြန်ခြင်းဖြစ်သည်ဟု စွပ်စွဲပါတယ်။ လက်ရှိစင်ပြိုင်အစိုးရခေါင်းဆောင် ဒေါက်တာစိန်ဝင်းကလည်း NCUB က စင်ပြိုင်အစိုးရဖွဲ့မည်ကိုမသိပါကြောင်း ငြင်းဆိုပါတယ်။

ထို့ကြောင့် စင်ပြိုင်အစိုးရဖွဲ့စည်းရေးအရှုပ်တော်ပုံနှင့်ပတ်သက်ပြီး မည်သည့်အဖွဲ့အစည်း၏ပြောကြားချက်မှန်သည်ဟု အတိအကျမသိရသော်လည်း သေချာသည့်အချက်မှာ NCUB တပ်ပေါင်းစုခေါင်းဆောင်ပိုင်းအတွင်း အက်ကြောင်းထင်နေသည့်ပြင် NCUB MPU နှင့် ဒေါက်တာစိန်ဝင်း စင်ပြိုင်အစိုးရကြား အကွဲအပြဲကိုထုတ်ဖော်သလိုရှိသည်ဟု ရန်ကုန်နိုင်ငံရေးသမားအချို့က နားလည်နေကြပါတယ်။

စင်ပြိုင်အစိုးရအရှုပ်တော်ပုံနှင့်ပတ်သက်ပြီး သက်ဆိုင်ရာအဖွဲ့ဝင်များ တပ်ပေါင်းစုများက တယောက်တပေါက်ပြောဆိုနေသော်လည်း ထိုစင်ပြိုင်အစိုးရသစ်ကို ၂၀၁၀ ရွေးကောက်ပွဲမတိုင်မီ အပြီးသတ်ဖွဲ့နိုင်မည် မဖွဲ့နိုင်မည်၊ အဆိုပါစင်ပြိုင်အစိုးရက စစ်အုပ်စုရွေးကောက်ပွဲမဖြစ်မြောက်အောင် မည်သို့ဟန့်တားမည် စသည့်အချက်များကို မည်သူမျှ ခိုင်ခိုင်မာမာမပြောနိုင်ဖြစ်နေသည်ကို တွေ့ရပါတယ်။

---

# လူထုလှုပ်ရှားမှုများ ဆက်လက်ဆောင်ရွက်မည်ဟု စံပယ်အဖွဲ့ကပြော

**DVB ၊ ဂျန်နဝါရီ ၆ ။** ။ ဒီနေ့ဟာ နှစ်ပတ်ကြာပြုလုပ်ခဲ့တဲ့ စံပယ်လူထုလှုပ်ရှားမှု ပြီးဆုံးတဲ့နေ့ဖြစ်ပါတယ်။

ပြည်သူလူထုကိုမတရားအုပ်ချုပ်နေတဲ့ နအဖစစ်အုပ်စုကိုအမြန်ပယ်၊ နိုင်ရေးနဲ့အကျဉ်းကျခံနေရတဲ့ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားတွေ အမြန်ဆုံးလွတ်မြောက်နိုင်ရေးအတွက် ဒီဇင်ဘာလ ၂၃ ရက်နေ့ကစတင်ခဲ့တဲ့လှုပ်ရှားမှုဟာ ဒီနေ့မှာ နှစ်ပတ်ပြည့်မြောက်ခဲ့တာ ဖြစ်ပါတယ်။

နှစ်ပတ်အတွင်းမှာ စံပယ်လူထုလှုပ်ရှားမှုအပေါ် ပြည်သူတွေရဲ့စိတ်ဝင်စားမှုတွေနဲ့ပတ်သက်လို့ ဦးဆောင်ပြုလုပ်နေတဲ့ လူငယ်တဦးကပြောပါတယ်။

“စံပယ်လှုပ်ရှားမှုနဲ့ပတ်သက်ပြီး ကျနော်တို့ကတော့ လူထုကိုပူးပေါင်းပါဝင်ဘို့ အဖွဲ့အစည်းအသီးသီးပူးပေါင်းပါဝင်ဘို့ လှုံ့ဆော်တဲ့အနေနဲ့လုပ်တာ ပေါ့၊ နှစ်ပတ်ထဲမှာ လူတန်းစားအသီးသီးပါဝင်ကြတယ်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အဖွဲ့ဝင်တွေ၊ လူငယ်တွေ၊ ကျောင်းသားလူငယ်တွေ၊ အတော်များများ ပူးပေါင်းပါဝင်တယ်၊ ကားသမားတွေကအစ ကားလေးတွေမှာချိတ်ပေးနေကြတာပေါ့၊ အန်အဲလ်ဒီလူငယ်တချို့ ဆန္ဒပြလို့ပါသွားတဲ့အချိန်မှာ စံပယ်ပန်းလေးတွေ သူတို့ရင်ဘတ်မှာချိတ်ထားကြတယ်၊ ဒါပေမဲ့ စိတ်တိုင်းတော့မကျသေး ဘူး၊ လူထုပါဝင်မှုနည်းသေးတယ်၊ အဲဒါကြောင့် ကျနော်တို့ နောက်ကမ်ပိန်းတွေ မှာ လူထုပါဝင်မှုများအောင် အဖွဲ့အစည်းအသီးသီးကိုလည်း မေတ္တာရပ်ခံပြီး လုပ်ဆောင်သွားမယ်”

စံပယ်လှုပ်ရှားမှုလိုမျိုး ငြိမ်းချမ်းတဲ့လူထုလှုပ်ရှားမှုတွေကို ဆက်လက်လုပ်ဆောင်မှာဖြစ်ပြီး လူထုအနေနဲ့ပူးပေါင်းပါဝင်ကြဘို့ကိုလည်း သူက မေတ္တာရပ်ခံထားပါတယ်။

“ရှေ့ဆက်ပြီးတော့ လူထုကိုမနစ်နာတဲ့နည်းနဲ့ လူထုလိုက်ပါနိုင်အောင်၊ အဖွဲ့အစည်းအသီးသီးလည်းလိုက်ပါနိုင်အောင် ကျနော်တို့ဆက်ပြီးလုပ်မှာပါ၊အဖွဲ့အစည်းအသီးသီးကိုလည်း ပူးပေါင်းပါဝင်ပေးကြပါလို့ မေတ္တာရပ်ခံချင်တယ်၊ ဒီအချိန်မှာ အမျိုးသားရေးအတွက် အရေးကြီးဆုံးအချိန်ဖြစ်နေပြီ၊ ကျနော်တို့ တိုင်းပြည်အတွက် အရမ်းလိုအပ်ချက်ဖြစ်နေပြီ၊ ကျနော်တို့တိုင်းပြည်မှာဗျာ ဘယ်လိုမှ လူစင်မမီတော့တဲ့ရောဂါတွေစွဲကပ်နေပြီ”

စံပယ်လူထုလှုပ်ရှားမှုဟာ မျိုးဆက်သစ်လူငယ်တွေရဲ့ပထမဆုံးခြေလှမ်း လူထုလှုပ်ရှားမှုတခုဖြစ်ပါတယ်။ နောက်ပိုင်းမှာ ပြည်သူလူထုတရပ်လုံး ဘေးအန္တရာယ်ကင်းကင်းနဲ့ပါဝင်လှုပ်ရှားနိုင်မယ့် ဘယ်လိုကမ်ပိန်းမျိုးလုပ်ကြီးမယ်ဆိုတာကို ပြည်သူလူထုက စိတ်ဝင်စားနေပါတယ်။

---

## လွတ်လပ်ရေးနေ့မှာဆန္ဒပြသူ ဖမ်းဆီးခံရ

**DVB ၊ ဂျန်နဝါရီ ၅ ။** ။ ဗြိတိသျှလက်အောက်ကလွတ်လပ်ရေးရခဲ့တာ ၆၁ နှစ်ရှိသွားပြီဖြစ်ပေမယ့် မြန်မာနိုင်ငံသားတွေ မလွတ်မလပ်ရှိနေဆဲလို့ ဆန္ဒပြခဲ့သူ အနည်းဆုံး တဦး အာဏာပိုင်တွေရဲ့ဖမ်းဆီးခြင်းခံလိုက်ရကြောင်း ဒီမိုကရေစီအရေးလှုပ်ရှားသူတွေကပြောပါတယ်။

တွံတေးမြို့က အသက် ၆၀ ကျော်အရွယ် ကျူရှင်ဆရာဦးအောင်ဖေဟာ မလွတ်လပ်မှုရဲ့သင်္ကေတကိုပြသတဲ့အနေနဲ့ သူ့လက် ၂ ဖက်ကိုကြိုးနဲ့ချည်ပြီး တွံတေးမြို့ လွတ်လပ်ရေးကျောက်တိုင်ရှေ့မှာအလေးပြုနေစဉ် အထူးရဲတပ်ဖွဲ့ရဲ့ ဖမ်းဆီးခြင်းကိုခံလိုက်ရတာဖြစ်တယ်လို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပြန်ကြားရေးအဖွဲ့ကပြောပါတယ်။ အခုအချိန်ထိ သူ့ကို ပြန်လွှတ်မပေးသေးဘူးလို့ သိရပါတယ်။

ကျူရှင်ဆရာဦးအောင်ဖေဟာ အရင်ကလည်း အလားတူလှုပ်ရှားမှုတွေအတွက် မကြာခဏဖမ်းဆီးခံရဘူးသူဖြစ်ပြီး လွတ်လပ်ရေးကျောက်တိုင်ရှေ့မှာ အဖမ်းခံရတာချည်း အနည်းဆုံး ၃ ကြိမ်ရှိနေပြီလို့ ပြန်ကြားရေးအဖွဲ့ကပြောပါ တယ်။ ပထမအကြိမ်အဖမ်းခံရတာကတော့ ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက် ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့မှာဖြစ်ပြီး ကျောင်းသားတွေနဲ့အတူ လွတ်လပ်ရေးကျောက်တိုင်ကိုအလေးပြုနေစဉ် အဖမ်းခံရပြီး ထောင်ဒဏ် ၃ နှစ် ချမှတ်ခံခဲ့ရပါတယ်။ ပြီးခဲ့တဲ့နှစ်အစောပိုင်း ဖေဖော်ဝါရီမှာ ရက်စေ့လို့ပြန်လွတ်လာတဲ့ ဦးအောင်ဖေဟာ တကိုယ်တော်လှုပ်ရှားမှုတွေကိုဆက်လုပ်နေပြီး ထပ်မံဖမ်းဆီးခံရခြင်းဖြစ်တယ်လို့ ပြန်ကြားရေးအဖွဲ့ရဲ့ပြောကြားချက်အရ သိရပါတယ်။

# ခေါင်းဆောင်နွားလား ဖြောင့်ဖြောင့်သွားမှ နောက်နွားတသိုက် ဖြောင့်ဖြောင့်လိုက်မည်

**လွင်အောင်စိုး**

၂၀၀၉ ခုနှစ် ဇန်နဝါရီ ၂၆ ရက်သည် တရုတ်လူမျိုးတို့၏ နှစ်သစ်ကူးဖြစ်သည်၊ တရုတ်တို့၏ရိုးရာအတိုင်း တိရိစ္ဆာန် ၁၂ ကောင်အား တနှစ်လျှင် တကောင်စီကို ကိုယ်စားပြုစေသည်။

၂၀၀၉ ခုနှစ်ကား နွား နှစ် ဖြစ်သည်။ နွားနှစ်ဖြစ်၍လည်း တနှစ်ပတ်လုံး နွားကဲ့သို့ ရုန်းကြရမည်ဟု ခန့်မှန်းသူများရှိကြသည်။ ယခုနှစ်ကား တကမ္ဘာလုံး ဘဏ္ဍာရေးအကျပ်အတည်းနှင့်ရင်ဆိုင်နေရသဖြင့် လည်ပတ်ငွေအားနည်းသောကြောင့် အလုပ်အကိုင်သစ်များဖန်တီးရန် ခက်ခဲနေမည်ဖြစ်သည်။ စီးပွားရေးကို မည်သူမျှအရှုံးခံလုပ်မည်မဟုတ်သောကြောင့် အလုပ်ဖြုတ်ရခြင်းများလည်းရှိနေဦးမည်၊ အလုပ်လက်မဲ့များလျှင် ဝယ်ယူစားသုံးနိုင်စွမ်းအားကျဆင်းသည့်အခြေအနေမျိုးကဲ့သို့သော နောက်ဆက်တွဲဆိုးကျိုးများစွာရှိမည်၊ ထို့ကြောင့်လည်း ရုန်းကန်ရမည်ဟု နိမိတ်ဖတ်ကြသည်ဟု ယူဆရသည်။

အမှန်စင်စစ် နွားဆိုသည့်သတ္တဝါတမျိုးတည်းရုန်းကန်ရသည်မဟုတ်၊ သတ္တဝါတိုင်းသည် အသက်ရှင်ရပ်တည်ရေးအတွက် နည်းအမျိုးမျိုးဖြင့် အမြဲတစေရုန်းကန်လှုပ်ရှားနေရသည်။ စားရေး သောက်ရေး လုံခြုံရေးတို့ကို အတတ်နိုင်ဆုံးဂရုစိုက်မှသာ မနက်ဖြန်အတွက် အသက်ဆက်ရှင်နိုင်မည်ကို သဘာဝအားဖြင့် အလိုလိုသိနေကြသောကြောင့်ဖြစ်သည်။ ဤသည်မှာ အမြင်အားဖြင့်တွေ့ရှိနိုင်သည့် ပြင်ပရုန်းကန်လှုပ်ရှားမှုများဖြစ်သည်။

သို့ဖြစ်ရာ နွားနှစ်ဖြစ်၍ ရုန်းကန်ရသည်ဟု မယူဆစေလို၊ ရုန်းကန်ရသောအကြောင်းရင်းခံရှိသောကြောင့်ရုန်းကန်ရသည်ဟု သဘောပိုက်စေချင်သည်။ အေးချမ်းလှသည့် ဆောင်းမနက်တွင် ကျောင်းတက်ရမည့်ကလေးတဦး အဖို့ အိပ်ယာထဲကွေးမနေနိုင်၊ မည်မျှပင်အိပ်ချင်စေကာမူ ရုန်းကန်ပြီး အိပ်ယာထရသည်၊ ကျောင်းတက်ရမည့်တာဝန်က ရှိနေသကိုး။ အလုပ်သမားတဦးလည်း လုပ်ငန်းခွင်ဝင်ရန် မထချင်ပဲ ထရဦးမည်၊ လယ်သမားကြီးလည်း လယ်ယာလုပ်ငန်းခွင်သွားရန် အိပ်ယာထရမည်သာ၊ တာဝန် ဖြစ်သည်ဆိုသည့် ဘဝပေးအသိအရပျင်းနေ၍မရ။ ဒီလိုကိစ္စမျိုးတွင် လုံ့လမစိုက်သော် ပို၍ ပင်ပန်းဆင်းရဲမည်မှန်း အလိုလိုသိနေတတ်သည့်သဘာဝကြောင့်ဖြစ်သည်။ ဤသည်မှာ လူတိုင်း တွင် တာဝန်ကိုယ်စီရှိသည်ဆိုသည့်သဘောကို ထင်ထင်ရှားရှားပြသနေသည်။

လူတဦးချင်းအတွက် ပုဂ္ဂိုလ်ရေးရာတာဝန်ကို မိမိဘာသာ သတ်မှတ်နိုင်သည်။ အဖွဲ့အစည်းနှင့်တိုက်ရိုက်ပတ်သက်လျှင်မူ အဖွဲ့က တာဝန်ပေးမည်။ အဖွဲ့ဖြစ်လျှင် ခေါင်းဆောင်ရှိရသည်။ ခေါင်းဆောင်ကပေးသည့် တာဝန်ကိုယူပြီး လုပ်ဆောင်ပေးနိုင်မှ တာဝန်ကျေမည်။

သို့ဖြစ်ရာ ခေါင်းဆောင်က တာဝန်ပေးတတ်ရန် လိုအပ်လာသည်။ ခေါင်းဆောင်က ခေါင်းဆောင်အရည်အချင်းပြည့်ဝ၍ ထိုက်သင့်မှန်ကန်သောတာဝန်ပေးနိုင်မှ တာဝန်ယူသူအားလုံးတို့ကလည်း မပျင်းမရိလှုပ်ရှားရုန်းကန်ပေးမှ ထိုတာဝန်ကျေပွန်ကာ အဖွဲ့တိုးတက်မည်ဖြစ်သည်။

ယခုလောလောဆယ်တွင်အတိမ်းအစောင်းမခံသောအခြေအနေရောက်နေသည့် မြန်မာ့နိုင်ငံရေးတွင်လည်း ခေါင်းဆောင်တို့၏အရည်အချင်း၊ နောက်လိုက်တို့၏တာဝန်ယူမှု၊ လှုပ်ရှားရုန်းကန်မှုများသည် အလွန်ပင်အရေးကြီးလာသည်။ အဓိကအကြောင်းကား နောက်ပြန်ဆုတ်၍မရနိုင်လောက်အောင် ခေတ်စနစ်တခုကို အသွင်ပြောင်းချိန်၊ တော်လှန်နေချိန်သို့ရောက်ရှိနေသောကြောင့်ဖြစ်သည်။

တချက်မှားလျှက် တသက်နာမည်ပျက်ရုံတင်မဟုတ်တော့၊ သမိုင်းတွင်မည့်နာမည်ဆိုးဖြစ်သွားနိုင်သောကြောင့်တည်း။ တချိန်တည်းမှာပင် တချက်ကလေးပြင်လိုက်ရုံနှင့် သမိုင်းတွင်မည့် မော်ကွန်းဖြစ်သွားနိုင်သည်။

ထိုအချက်မှာ အခြားမဟုတ်၊ အမျိုးသားပြန်လည်သင့်မြတ်ရေးသာဖြစ်သည်။ လူထုက တညီတညွတ်တည်းမထောက်ခံသရွေ့ မည်သည့်ကိစ္စလုပ်လုပ် မအောင်မြင်ပေ၊ လူထုတရပ်လုံးက ညီညွတ်နေဖို့ဆိုသည်မှာ မြန်မာနိုင်ငံအနေအထားနှင့်ဆိုလျှင် အမျိုးသားပြန်လည်သင့်မြတ်ရေးမှလွဲ၍ တခြားမရှိနိုင်ပေ။

၂၀၀၉ ခုနှစ်သည် နွားနှစ်ဖြစ်၍ မြန်မာ့နိုင်ငံရေးအပေါ် နွားဥပမာအတိုင်းပေးရလျှင် ခေါင်းဆောင်နွားလားဖြောင့်ဖြောင့်သွားမှ နောက်နွားတသိုက်ဖြောင့်ဖြောင့်လိုက်နိုင်မည့်နှစ်ဖြစ်သည်ဟုသာ ဆိုရပေလိမ့်မည်။

ခေါင်းဆောင်တို့သည် အမျိုးသားပြန်လည်သင့်မြတ်ရေးပန်းတိုင်သို့ ဖြောင့်ဖြောင့်သွားနိုင်ရန် အဆင်သင့်ဖြစ်နေကြပြီလော၊

ခေါင်းဆောင်တို့က ရှေ့မှသွားသော် နောက်မှလိုက်မလာလျှင်လည်း မဖြစ်၊ သို့ဖြစ်ရာ နောက်လိုက်တို့သည်လည်း ဖြောင့်ဖြောင့်လိုက်နိုင်ရန် အဆင်သင့်ဖြစ်နေကြပြီလော။

---

# စစ်တွေတွင် ကျောင်းသား ၅၀၀ ခန့်ဆန္ဒပြ

**RFA ၊ ဇျန်နဝါရီ ၇ ။** ။ စစ်တွေမြို့တွင် ပြီးခဲ့တဲ့သောကြာနေ့က တက္ကသိုလ်ကျောင်းသားတွေရဲ့ဆန္ဒပြမှုတခုဖြစ်ပွားခဲ့ပြီး ဇျန်နဝါရီ ၅ ရက် တနင်္လာနေ့မှာလည်း ထပ်မံဖြစ်ပွားခဲ့တယ်လို့ သတင်းရရှိပါတယ်။

ဖြစ်ပွားပုံမှာ လောင်စာဆီဈေးနှုန်းကြောင့် ကျောင်းသားတွေအတွက် ဘတ်စ်ကားခတွေကို အရင် ၅၀ ကျပ်ကနေ ၁၀၀ ကျပ်အထိတိုးမြှင့်လိုက်တဲ့ အပြင် ပြေးဆွဲနေကျကားအစီးရေကိုလည်း လျှော့ချလိုက်တဲ့အတွက် အခက် အခဲဖြစ်ပြီး ကျောင်းသား ၅၀၀ ဝန်းကျင်ခန့် လမ်းလျှောက်ဆန္ဒပြခဲ့ကြကြောင်း နဲ့ ကားခတွေကို အရင်အတိုင်းဈေးနှုန်းပြန်သတ်မှတ်ပေးဘို့တောင်းဆိုကြတယ် လို့ စစ်တွေမြို့ခံတွေကပြောပါတယ်။ ဒီဖြစ်ရပ်နဲ့ပတ်သက်ပြီး ထိုင်း–မြန်မာ အခြေစိုက် မြန်မာနိုင်ငံကျောင်းသားလူငယ်များကွန်ဂရက် SYSB ရဲ့ အတွင်း ရေးမှူး ကိုထွန်းဇော်က အခုလိုပြောပြပါတယ်။

"အဓိကကတော့ ဆီဈေးတွေကြီးတယ်၊ အဲဒါကြောင့် ကားသမားတွေက မမောင်းနိုင်ဘူး၊ လိုက်မပို့နိုင်ဘူး၊ အဲဒါကြောင့် ဈေးကိုချပေးပါပေါ့၊ ၁၀၀ ကနေ ၅၀ ကို ကျောင်းအာဏာပိုင်တွေကလုပ်မပေးတော့ အဲဒီနေ့မှာပဲ ကျောင်းသား ၃၀ ခန့် လမ်းလျှောက်ပြန်တယ်၊ အဲ နှစ်မိုင်လောက်ကိုအရောက်မှာ ပါချုပ်တို့ ကျောင်းအာဏာပိုင်တို့ကလိုက်လာပြီး လာလာပေါ့၊ သူတို့ ကားပေါ်ကို တင်သွားတယ်၊ မင်းတို့လိုချင်တာကို လုပ်ပေးမယ်ပေါ့၊ ဆီဈေးတွေဘာတွေ ချပေးမယ်ပြောတယ်ဆိုရင် အဲဒီနေ့မှာ သူတို့ပြေလည်သွားတာပေါ့၊ စနေ တနင်္ဂနွေ ခံသွားတယ်၊ တနင်္လာနေ့မှာရောက်တဲ့အခါ ဈေးတွေလည်း ပြန်မချဘူး"

"အဲဒီနှုန်းထားအတိုင်းပဲဖြစ်နေတော့ ကျောင်းသားတွေက အဲဒီမှာ ဒေါ်ပွပြီး ကျောင်းအုပ်ကားကလည်း ကြာတယ်၊ မရောက်နိုင်ဘူးဆိုတော့ မထူးတော့ဘူး သူတို့တွေအကုန်လုံး လမ်းလျှောက်ပြီးဆန္ဒပြမယ်ပေါ့၊ ၅ ရက်နေ့မှာ မနက် ၈ နာရီလောက်ကတည်းက မြို့လယ်ချောင်းတံတားထိပ်မှာ ကျောင်းသားတွေစုကြတာပေါ့၊ သူတို့ အဲဒီဂိတ်ကနေပြီး လမ်းလျှောက်ပြီးတော့ ကျောင်းကိုရောက်တဲ့အထိဆန္ဒပြကြတယ်၊ သို့ပေမယ့် သူတို့ လမ်းမှာလာပြီးတော့မှ ကားတွေအကုန်လုံး ချောဆွဲတယ်၊ ကားပေါ်တက်ဆိုပြီးတော့ အာဏာပိုင်တွေက တင်ပြီး သူတို့ကိုလိုက်ပို့တယ်"

ဆန္ဒပြခဲ့ကြတဲ့ကျောင်းသားတွေက လောင်စာဆီဈေးနှုန်းနဲ့ ကျောင်းကားခတွေလျှော့ချပေးဘို့နဲ့ ကျောင်းဖယ်ရီဘတ်စ်ကားတွေ ပုံမှန်ပြေးဆွဲပေးဘို့ဖြစ်တယ်လို့လည်း ကိုထွန်းဇော်ကပြောပါတယ်။ နောက်ဆုံးအခြေအနေအရတော့ ကျောင်းကားခတွေကို ၇၅ ကျပ်သတ်မှတ်ပေးလိုက်တဲ့အတွက် ဆန္ဒပြမှုအခြေအနေတွေ ပြန်ငြိမ်သွားတယ်လို့ စစ်တွေမြို့ခံတဦးကပြောပါတယ်။

## စီအာရ်ပီပီဥက္ကဋ္ဌ ဦးစောမြအောင်ကွယ်လွန်

**VOB ၊ ဂျန်နဝါရီ ၆ ။** ။ ဂျန်နဝါရီလ ၅ရက်နေ့က ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ(CRPP)ဥက္ကဋ္ဌ ဦးစောမြအောင်ကွယ်လွန်သွားတယ်လို့ သိရပါတယ်။ အသက် ၉၃ နှစ်ရှိနေပြီဖြစ်တဲ့ ဦးစောမြအောင်ဟာ ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ် မဲဆန္ဒနယ်မြေ အမှတ် ၁ ရဲ့ ပြည်သူ့ကိုယ်စားလှယ်ဖြစ်ပြီး ဆရာဝန်ကြီးတဦးလည်းဖြစ်ပါတယ်။

ဒီကနေ့မှာ ဦးစောမြအောင်ရဲ့ရျာပနအခမ်းအနားကို ကျင်းပခဲ့တာဟာ ကွယ်လွန်သွားသူရဲ့ဆန္ဒအတိုင်းဖြစ်တယ်လို့ CRPP အတွင်းရေးမှူးဦးအေးသာအောင်က RFA ကို ပြောပြခဲ့ပါတယ်။ နိုင်ငံရေးသမားတဦးဖြစ်တဲ့အတွက် နိုင်ငံရေးလုပ်ဖော်ကိုင်ဘက်တွေ ရျာပနအခမ်းအနားကို တက်ရောက်ခဲ့ကြတဲ့အပြင် ဒေါ်အောင်ဆန်းစုကြည်ကလည်း ဝမ်းနည်းကြောင်းပန်းခြင်းနဲ့ သက်ကီး ၅ စုံ ပေးပို့ခဲ့တယ်လို့လည်း သိပါတယ်။

မြန်မာ့နိုင်ငံရေးအခြေအနေ အရေးကြီးတဲ့အနေအထားကိုရောက်နေတဲ့ အခုအခါမှာ CRPP ဥက္ကဋ္ဌတာဝန်လစ်လပ်သွားတဲ့အတွက် သူ့နေရာမှာ အစားထိုးဖို့ကိစ္စကို ဘယ်လိုလုပ်မလဲဆိုတာတော့ မသိသေးပါဘူး။ အတွင်းရေးမှူးဖြစ်တဲ့ ဦးအေးသာအောင်ကတော့ တိုင်ပင်ဆွေးနွေးမှုတွေလုပ်ရဦးမယ်လို့ RFA ကို ပြောသွားပါတယ်။

---

## ဝန်ကြီးဌာန ၃ ခုကို ဝန်ကြီးတဦးတည်းကိုင်မည်

**NEJ ၊ ဇန်နဝါရီ ၈ ။** ။ နေပြည်တော်ဝန်ကြီးအချို့ နိုင်ငံရေးဘက်ကို ပြောင်းတော့မည်ဖြစ်သည့်အတွက် လစ်လပ်သည့်ဝန်ကြီးနေရာများကို အစားထိုးမခန့်တော့ပဲဝန်ကြီးဌာန ၃ ခုကို ဝန်ကြီးတဦးတည်းက ပူးတွဲကိုင်တွယ်ရန် စစ်အုပ်စုက စီစဉ်နေပါတယ်။

နေပြည်တော်စက်မှု ၁ ဝန်ကြီးနှင့်အခြားဝန်ကြီးအချို့ကို နိုင်ငံရေးဘက်ပြောင်းခိုင်းမှာဖြစ်သည့်အတွက် စက်မှု ၁ ဝန်ကြီးဌာန စက်မှု ၂ ဝန်ကြီးဌာနနှင့် အခြားဝန်ကြီးဌာနတခု စုစုပေါင်း ဝန်ကြီးဌာန ၃ ခုကို စက်မှု ၂ ဝန်ကြီး ဒု ဗိုလ်ချုပ်ကြီး(ရေ) စိုးသိန်းတဦးတည်းကို တာဝန်ပေးမည်ဟု ဝန်ကြီးချုပ်ရုံးသတင်းရပ်ကွက်က ပြောပါတယ်။

အသက်ကြီးသည့် ဝန်ကြီးများကို နိုင်ငံရေးဘက်ပြောင်းရန် စစ်အုပ်စုက စီစဉ်နေရာ သစ်တောဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်ဆိုလျှင် နိုင်ငံရေးဘက်ပြောင်းတော့မည်ဖြစ်ကြောင်း ၎င်း၏အရာရှိများအား မကြာခင် တရားဝင်ပြောခဲ့ပြီးဖြစ်သည်ဟု နေပြည်တော်အရာရှိတဦးကပြောပါတယ်။ ဆောက်လုပ်ရေးဝန်ကြီး ဗိုလ်ချုပ်စောထွန်းဆိုလျှင် အသက် ၇၃ နှစ်ရှိပြီဖြစ်ပါတယ်။ စွမ်းအင် ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီဆိုလျှင်လည်း ၆၈ နှစ်ရှိဖြစ်ပါတယ်။ စက်မှု ၁ ဝန်ကြီး ဦးအောင်သောင်းက ၇၂ နှစ်ရှိပြီဖြစ်ပါတယ်။

---

**သတင်းပြက္ခဒိန်မှ**

**ဇန်နဝါရီ ၉ ၊ AFP ။ ။** ကမ္ဘာ့စီးပွားကသောင်းကနင်းဖြစ်နေပေမယ့် အရှေ့တောင်အာရှနိုင်ငံများသို့ နှစ်စဉ်လာရောက်လည်ပတ်နေသော ကမ္ဘာလှည့်ခရီးသည် များလျော့နည်းသွားမည်ဟုမထင်ကြောင်း ဟန္တိုင်းတွင်ကျင်းပသော နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးတွင် အာဆီယံအထွေထွေအတွင်းရေးမှူး Mr.Surin Pitsuwan မှဆို၏။ အာဆီယံ ၁၀ နိုင်ငံသို့ ယခင်နှစ်လာရောက်သော ကမ္ဘာလှည့်ခရီးသည် ၅၈ သန်းခန့်ရှိ၏။

**ဂျန်နဝါရီ ၉ ၊ RFA ။ ။** ပခုက္ကူခရိုင်တွင် နအဖထိပ်သီးများမှမြေများဈေးနှိမ်ဝယ်ယူခြင်း၊ အခွန်ကောက်မှုများခြင်းများကို ညှိမပေး၍ ဒေသခံရေနံတူးလုပ်သား ၂၀၀ ကျော်မှ ကုမ္ပဏီပိုင်အခွန်ဂိတ်နှင့် ရုံးခန်းများကို မီးရှို့ ဖျက်ဆီးခဲ့၏။

---

## လူကုန်ကူးမှုသတင်းဖော်ပြသဖြင့် သတင်းထောက်နှင့် အယ်ဒီတာကိုဖမ်းဆီး

**RFA ၊ နိုဝင်ဘာ ၁၃ ။** ။ ပြီးခဲ့တဲ့ နိုဝင်ဘာလ ၅ ရက်နေ့ကအပတ်စဉ်ထုတ်စောင့်ကြည့်သတင်းဂျာနယ် News Watch ကသတင်းထောက် မနော်ထွန်းခေါ် ထွန်းထွန်းသိန်းနဲ့ အယ်ဒီတာ ဦးခင်မောင်အေးတို့ကို လူကုန်ကူးမှုအကြောင်းဖော်ပြခဲ့တဲ့ သတင်းတပုဒ်နဲ့ပတ်သက်ပြီး အာဏာပိုင်တွေက ဖမ်းဆီးခဲ့တယ်လို့ ရန်ကုန် သတင်းဂျာနယ်အသိုင်းအဝိုင်းက ပြောပါတယ်။

ဒီသတင်းမှာ အာဏာပိုင်တွေရဲ့ လာဘ်စားမှုတွေကိုဖော်ပြခဲ့တယ်လို့ သိရပါတယ်။ သူတို့နှစ်ဦးစလုံးကို ဗဟန်းတရားရုံးကနေ မျက်ကွယ်အမိန့် ထောင်သုံးလစီ ချမှတ်ခဲ့တယ်လို့ နယ်ခြားမဲ့သတင်းထောက်များအဖွဲ့နဲ့ မြန်မာ့သတင်းသမဂ္ဂတို့ရဲ့နိုဝင်ဘာ ၉ ရက်နေ့ထုတ် ပူးတွဲကြေညာချက်မှာ ဖော်ပြထားပါတယ်။ မြန်မာ့သတင်းသမဂ္ဂက ပြုစုထားတဲ့ အချက်အလက်တွေအရဆိုရင် ၂၀၀၇ စက်တင်ဘာ ရွှေဝါရောင်တော်လှန်ရေးအပြီးအဖမ်းခံရတဲ့ သတင်းစာနယ်ဇင်းသမားပေါင်း တဒါဇင်ကျော်ရှိပါတယ်။ အဲဒီစာရင်းတွေထဲမှာ ဒီနှစ်ဇန်နဝါရီလက အချစ်ဂျာနယ်မှာ အာဏာရှူးကြီးမှူးကြီးသန်းရွှေလို့အဓိပ္ပါယ်ရတဲ့ ကဗျာကိုရေးခဲ့တဲ့ ကဗျာဆရာ စောဝေအပါအဝင် မြန်မာနေရှင်းဂျာနယ် အယ်ဒီတာ ကိုသက်ဇင်နဲ့ ထုတ်လုပ်ရေးမန်နေဂျာ ဦးစိန်ဝင်းမောင် နာဂစ်မုန်တိုင်းဒုက္ခသည်တွေအရေးအတွက် ကူညီဆောင်ရွက်ပေးခဲ့တဲ့ အားကစားသတင်း အယ်ဒီတာကိုဇော်သက်ထွေးနဲ့ အီကိုဗီးရှင်းဂျာနယ်က မအိမ့်ခိုင်ဦးတို့တွေ လည်းပါဝင်ပါတယ်။

---

**စာမျက်နှာ ၃ မှ**

အဖွဲ့ချုပ် မိတ္ထီလာမြို့နယ် အတွင်းရေးမှူး ဒေါ်မြင့်မြင့်အေးကလည်း “ဗဟိုက ဘာမှညွှန်ကြားချက်မရှိတော့ ဘာမှအလုပ်မရှိဖြစ်နေတာပေ့ါ”လို့ ပြောပါတယ်။“ကျမတို့ကသာရပ်သွားရင် ကိုယ့်နိုင်ငံကြီးကသေသွားမယ်။ ” ဒါကြောင့် မိတ္ထီလာမှာ မြို့နယ်၊ ခရိုင်စတဲ့ အဖွဲ့ချုပ်အစည်းအဝေးတွေကို စဉ်ဆက်မပြတ်ဆောင်ရွက်လာတာပါလို့ ဒေါ်မြင့်မြင့်အေးက ရှင်းပြပါတယ်။

“တကယ့်တကယ်ကျတော့ နေ့ထူးနေ့မြတ် အာဇာနည်နေ့လို အခမ်းအနားတွေ လုပ်နေရတယ်။ တကယ့်တကယ် ဗဟိုကနေပြီးတော့ ဘာလုပ်ရမယ် ဘာကိုင်ရမယ်ပေ့ါ။ အောက်ခြေအဆင့်ကစပြီးတော့ စည်းရုံးလှုပ်ရှားတာလေး ကအစပေ့ါ။ ဒါ ကျမတို့ တရားဝင်နိုင်ငံရေးပါတီတခုကြီးရဲ့ တရားဝင်လုပ်ပိုင်ခွင့်ထဲက လုပ်ဖို့ပြောတာပါ။ ဘောင်လွတ်၊ စည်းလွတ်၊ ကနားလွတ် လုပ်ဖို့ပြောတာ မဟုတ်ပါဘူး။“

“ဗဟိုက ဘာမှညွှန်ကြားချက်မရှိတဲ့အတွက်၊ ဘာမှလုပ်စရာမရှိတဲ့ အတွက် စိတ်ဓာတ်ကျတယ်။ ဘာမှလည်းမလုပ်ခိုင်းဘူး၊ လုပ်စရာလည်းဘာမှမရှိဘူး၊ ဘာမှလည်းဖြစ်ထွန်းမလာဘူးဆိုပြီးတော့ စိတ်ဓာတ်ကျတယ်ဆိုတာတွေက ဒါတွေက အမှန်တရားတွေပါ။ ဒါ ဖုံးကွယ်လို့မရတဲ့ အမှန်တရားတွေပါ။ မြို့နယ်တိုင်းမြို့နယ်တိုင်းမှာ အဲန်အဲလ်ဒီက လုံးပါးပါးနေတဲ့ အနေအထားဖြစ်တယ်ဆိုတာ ပွင့်ပွင့်လင်းလင်းပြောချင်ပါတယ်။”

ဒီလို ဝေဖန်အကြံပြုချက်တွေ ဒီနှစ်အတွင်းအများကြီးရထားတယ်၊ ဒါတွေကို အဖွဲ့ချုပ်ဗဟိုက ကြိုဆိုတယ်၊ အလေးထားပါတယ်လို့ အဖွဲ့ချုပ်ပြန်ကြားရေးအဖွဲ့ဝင် ဦးဉာဏ်ဝင်းက ပြောကြားပါတယ်။

“ဒီဟာတွေက သူ့အချိန်နဲ့ သူ့အချိန်ပေ့ါလေ၊ ဒါဟာ လူကြီးတွေက စဉ်းစားဆုံးဖြတ်ပြီး အသုံးပြုသွားမှာပဲ။ အဲ့ဒီတခုချင်းအပေါ်မှာ အဖြေကို လိုက်မပေးနိုင်ဘူးတဲ့။ တကယ်လို့ သူတို့ဆီမေးရင်တော့ သူတို့ဖြေမှာပေ့ါ၊ မေးမယ်ဆိုတာ မီဒီယာကိုပြောတာမဟုတ်ဘူးလေ။ သက်ဆိုင်ရာပုဂ္ဂိုလ်တွေ၊ နိုင်ငံရေးအရမိမိတို့အောက်ခြေအဖွဲ့အစည်းတွေ အလယ်အလတ်အဖွဲ့အစည်းတွေ တင်ပြတာတွေတော့ အားလုံးလေးလေးစားစားသုံးသပ်မှာပါ။”

# နိုင်ငံရေးအကျဉ်းသားမိသားစုများ အိုင်စီအာစီအကူအညီရရန် အခက်တွေ့

**DVB ၊ ဂျန်နဝါရီ ၇ ။** ။ နိုင်ငံရေးအကျဉ်းသားမိသားစုဝင်တွေကို သက်ဆိုင်ရာတရားရုံးတွေက အမှုတွဲမိတ္တူထုတ်မပေးတော့ဘူးလို့ သိရပါတယ်။

ဂျနီဗာအခြေစိုက် အပြည်ပြည်ဆိုင်ရာကြက်ခြေနီအဖွဲ့ ICRC ရဲ့ကူညီထောက်ပံ့မှုရယူနေရတဲ့ နိုင်ငံရေးအကျဉ်းသားမိသားစုဝင်တွေ အခက်အခဲဖြစ်အောင် တရားရုံးတွေက မိသားစုဝင်တွေကို အမှုတွဲမိတ္တူတွေထုတ်မပေးတော့တာပါ။ ICRC အနေနဲ့ အမှုတွဲမိတ္တူရမှ မိသားစုတွေကိုကူညီနိုင်တယ်လို့ဆိုပါတယ်။ အမှုတွဲမိတ္တူရဘို့ဆိုရင် အကျဉ်းကျခံနေရတဲ့နိုင်ငံရေးအကျဉ်းသားက ရှေ့နေဆီကို ကိုယ်စားလှယ်လွှဲစာလက်မှတ်ထိုးပေးရပြီး ရှေ့နေကတဆင့် သက်ဆိုင်ရာတရားရုံးတွေမှာလျှောက်ရတာပါ။

"တရားသူကြီးကိုယ်တိုင်ကပြောတယ်၊ သူတို့ကိုပိတ်ခိုင်းထားတယ်တဲ့၊ သူတို့ထုတ်ပေးလို့မရဘူးတဲ့၊ ကျနော် အဖေတယောက်အနေနဲ့ အရင်တုန်းက ထုတ်လို့ရတယ်၊ အခုမရဘူး၊ မိသားစုသွားထုတ်လည်းမရဘူး၊ အဲဒီကနေ သူ့ရဲ့ကိုယ်စားလှယ်တို့ဘာတို့ အင်းစိန်ကပေးထားတာလည်း မရဘူး၊ မိသားစု က သွားထိုးပေးရင်ထိုးပေး၊ မထိုးပေးလို့ရှိရင် ရှေ့နေကိုယ်တိုင်သွားထိုး၊ ရှေ့နေကိုယ်တိုင်ထိုးပြီးကာမှ အဲဒါရမှာကိုး၊ တခုတော့ရှိတယ် မိသားစုကသွားတွေ့နေတယ်ဆိုရင်တော့ မိသားစုကနေယူသွားမယ်၊ ရှေ့နေက လက်မှတ်ထိုးပေးလိုက်မယ်၊ အဲဒါကို ထောင်ကိုယူသွားမယ်၊ ထောင်ကနေပြီး အဲဒီစာရွက်ပြမှ ထောင်ထဲကလူက လက်မှတ်ထိုးပေးလို့ရမှာပေ့ါ၊ အဲဒီပုံစံ ပုံစံသွားရတာပဲ၊ နိုင်ငံရေးအကျဉ်းသားမိသားစုဝင်တဦး ပြောပြသွားတာပါ။ ဒါပေမယ့်လည်း ထောင်ဝင်စာပိတ်ပင်ထားတဲ့ထောင်တွေမှာအကျဉ်းကျခံနေရတဲ့ အကျဉ်းသားတွေအနေနဲ့ ကိုယ်စားလှယ်လွှဲစာမပေးနိုင်တဲ့အတွက် မိသားစုဝင်တွေ အမှုတွဲမိတ္တူရဘို့ ခက်ခဲနေတာပါ"

ဒီလိုထောင်ဝင်စာတွေ့ခွင့်ပိတ်ပင်ခြင်းခံထားရတဲ့ထောင်တွေမှာ ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်တွေပါဝင်နေသလို သူတို့ရဲ့အမှုတွဲမိတ္တူတွေကိုလည်း ထုတ်ရခက်နေတယ်လို့ပြောပါတယ်။ အမှုတွဲမိတ္တူမရတဲ့အတွက် ICRC ရဲ့အကူအညီရဘို့ ခက်ခဲနေတဲ့အကြောင်းကို နိုင်ငံရေးအကျဉ်းသား တွေနဲ့ နီးစပ်သူတဦးကပြောပါတယ်။

"ဒဂုံမြို့သစ်မြောက်ပိုင်းက လူငယ်တာဝန်ခံ ၂ ကိုကြည်ဖြူရဲ့မိခင်ဆိုလို့ရှိရင် အဲဒီတရားရုံးကအမိန့်ချတဲ့အမှုတွဲကို အင်းစိန်အထူးတရားရုံးမှာသွားထုတ်တာ ထုတ်ယူဘို့ကို အခက်အခဲဖြစ်နေတယ်၊ အခက်အခဲဖြစ်တဲ့အခါ အမှုတွဲမိတ္တူမပါတဲ့အတွက် ICRC က အကူအညီယူဘို့က အခက်အခဲဖြစ်နေတယ်"

ICRC နဲ့နီးစပ်တဲ့သူတွေရဲ့ပြောပြချက်အရ ဒီလိုအခြေအနေတွေ ကြောင့် အကျဉ်းသားတွေဆီက ကိုယ်စားလှယ်လွှဲစာရရှိဘို့အတွက် ပထမဆုံး ထောင်ဝင်စာတွေ့ဘို့ပါ ICRC က မိသားစုဝင်တွေကို ကူညီပေးနေတယ်လို့ သိရပါတယ်။

---

# စိုက်ပျိုးစရိတ်ဘဏ်ချေးငွေမရသဖြင့် လယ်သမားများအခက်တွေ့

**RFA ၊ ဂျန်နဝါရီ ၆ ။** ။ ဆောင်းရာသီကောက်ပဲသီးနှံတွေစိုက်ပျိုးနိုင်ဘို့အတွက် ဘဏ်ချေးငွေစာအုပ်လုပ်ပေးမယ်ဆိုပြီး ပဲခူးတိုင်း သနပ်ပင်မြို့နယ်အတွင်းမှာရှိတဲ့ သက်ဆိုင်ရာအာဏာပိုင်တွေက ငွေကောက်ခံခဲ့ပေမယ့် လယ်သမား တွေ အခုအချိန်ထိမရရှိကြသေးဘူးလို့ သိရပါတယ်။

ဆန်စပါးဈေးတွေကျဆင်းနေတာကြောင့် ရောင်းချဘို့အခက်အခဲဖြစ်နေချိန်မှာ ပဲခူးတိုင်း တိုင်းမှူးအမိန့်နဲ့ စိုက်ပျိုးရေးဘဏ်တွေကနေတဆင့် လယ် သမားတွေကို စိုက်ပျိုးစရိတ်ထုတ်ပေးနေတာဖြစ်ပါတယ်။ သနပ်ပင်မြို့နယ်အတွင်း ရှိကျေးရွာဥက္ကဌတွေကနေပြီး ဘဏ်ချေးငွေစာအုပ်အတွက် လယ်သမားတွေ ထံက ခရီးသွားလာစရိတ်တောင်းခံခဲ့ပေမယ့် အခုအချိန်ထိ ဘဏ်ချေးငွေစာအုပ်မရရှိကြသေးဘူးလို့ တံခွန်တိုင်ကျေးရွာမှလယ်သမားတဦးက ပြောပြပါတယ်။

"ကောက်ပဲသီးနှံအတွက် စိုက်ပျိုးစရိတ် ချေးငွေထုတ်ပေးမယ်၊ အဲဒီအတွက် ချေးငွေစာအုပ်လုပ်ပေးမယ်၊ သွားလာခဆိုပြီး တအိမ်ထောင်ကို ၁၅၀၀ နှုန်းပေးရမယ်ပေ့ါ၊ အဲဒါဆိုလို့ရှိရင် ဘဏ်ချေးငွေကိုရမယ်ဆိုပြီး ရဝတလူကြီးတွေကပြောသွားတာပါ။ အခုဆိုရင် နှစ်လကျော်သွားပါပြီ၊ အဲဒီ ဘဏ်ချေးငွေ လည်း မရဘူး၊ ဘဏ်ချေးစာအုပ်လည်းမရဘူး"

သနပ်ပင်မြို့နယ်အတွင်းကရွာအတော်များများကို ကောက်ခံသွားတာဖြစ်ပြီး ဘဏ်ချေးငွေမရရှိကြသေးတဲ့အတွက် သီးနှံစိုက်ပျိုးဘို့စောင့်ဆိုင်းနေကြတဲ့လယ်သမားတွေ အခက်တွေ့နေကြရတယ်လို့ဆိုပါတယ်။ သနပ်ပင်မြို့နယ်ဟာ စပါးအထွက်နှုန်းကောင်းတဲ့ဒေသဖြစ်ပါတယ်။

ဒီအတောအတွင်း ပဲခူးတိုင်းအနောက်ဘက်ခြမ်း ဇီးကုန်းမြို့နယ်အတွင်းရှိတောင်သူလယ်သမားတွေကို သက်ဆိုင်ရာဒေသအာဏာပိုင်တွေက ပဲစိုက်ပျိုးထားတဲ့စိုက်ခင်းတွေထဲမှာ နေကြာပင်တွေအဓမ္မစိုက်ခိုင်းနေတယ်လို့ဆိုပါ တယ်။ ဒီဇင်ဘာလဆန်းပိုင်းကစပြီး ဇီးကုန်းမြို့နယ်အတွင်းက မတ်ပဲစိုက်ခင်းတွေ ထဲမှာ နေကြာမျိုးစေ့တွေကို အတင်းအဓမ္မဝယ်ယူစိုက်ပျိုးခိုင်းနေတာဖြစ်တယ် လို့ ဒေသခံတဦးက RFA ကိုပြောပြပါတယ်။

"ကျနော်တို့ဇီးကုန်းမြို့နယ်အတွင်းမှာ အခု မတ်ပဲကြားထဲမှ နေကြာစိုက်ခိုင်းတယ်၊ မတ်ပဲစိုက်ထားတဲ့စိုက်ခင်းထဲမှာ ခြောက်ပေတတန်း နေကြာတွေ စိုက်ခိုင်းတယ်၊ စိုက်ခိုင်းတော့ နေကြာစေ့ကို ငွေနဲ့ပေးဝယ်ရတယ်၊ အချိန်လည်း ပေးရတယ်၊ ဖြစ်ထွန်းမှုကျတော့ မနှစ်ကလည်းမရှိခဲ့ဘူး၊ အခုနှစ်လည်း ရှိမယ်မထင်ဘူး၊ ဖြစ်ထွန်းမှုမရှိဘဲနဲ့၊ လယ်သမားများဆန္ဒမပါဘဲနဲ့ အတင်းအဓမ္မစိုက်ခိုင်းတယ်၊ ဘုရားကြီးကုန်းအုပ်စုမှာဆိုလို့ရှိရင် ဒီဇင်ဘာလဆန်းပိုင်းလောက် က မယကအဖွဲ့နဲ့ ကြံ့ခိုင်ရေးအဖွဲ့တို့ ကားနှစ်စီးနဲ့ရောက်လာပြီး ဒီနေကြာကို မဖြစ်မနေအတင်းစိုက်ခိုင်းတယ်၊ မစိုက်တဲ့လယ်သမားဆိုရင် လယ်သိမ်းမယ်ဆိုတဲ့သဘောမျိုး မယကအဖွဲ့ဝင်များကခြိမ်းခြောက်သွားတဲ့အတွက် လယ်သမားတွေ စိတ်အနှောင့်အယှက်ဖြစ်နေကြရတယ်"

မတ်ပဲခင်းတွေကြားထဲမှာ နေကြာပင်တွေ ကြားညပ်စိုက်ပျိုးရတာ ကြောင့် ပဲလည်းအထွက်မကောင်းသလို နေကြာလည်း မအောင်မမြင်ဖြစ်ရတဲ့ အတွက် လာမယ့်ဖေဖော်ဝါရီလမှာ နွေစပါးစိုက်ပျိုးနိုင်ဘို့ လယ်သမားတွေ အတွက် ငွေအရင်းအနှီးအခက်တွေ့နေကြရတယ်လို့ အခုလိုဆက်ပြောပါတယ်။

"လယ်သမားတွေက စပါးကိုမရောင်းကြဘူး၊ မရောင်းနိုင်ကြဘူး၊ တသိန်းကိုးသောင်းလောက်ပဲရှိတယ်၊ လယ်သမားတွေ အဲဒီလိုအခက်အခဲ ဖြစ်နေတဲ့ အချိန်မှာ အခုတခါ နေကြာကိုစိုက်ခိုင်းတယ်၊ တခါ မတ်ပဲဈေးကလည်း ဇောက်ထိုးကျနေတယ်၊ မတ်ပဲက မပေါ်သေးဘူး၊ မတ်ပဲပေါ်ပြီးတာနဲ့ တလလောက်အကြာမှာ နေကြာကပေါ်တယ်၊ အဲဒီတော့ သူက စိုက်ထုတ်မှုအရင်းအနှီးပေးသော်လည်း ပေါ်ပေါက်မှုဖြစ်ထွန်းမှုနည်းတယ်၊ ငွေကြေးအကုန်အကျများတယ်၊ အချိန်ကုန်တယ်၊ အဲဒီလိုဖြစ်နေတဲ့အချိန်မှာ နောက်ဖေဖော်ဝါရီလကျရင် ကျနော်တို့ နွေစပါးစိုက်ရဦးမယ်၊ စပါးဈေးကျတာရယ်၊ နေကြာ မဖြစ်မနေစိုက်ရတာရယ်၊ ဒီကြားထဲ နောက်လ နွေစပါးစိုက်ခိုင်းမှာဆိုတော့ လယ်သမားတွေအနေနဲ့ ငွေကြေးအခက်အခဲအများကြီးရှိတယ်၊ အလွန်ကို စိတ်အနှောင့်အယှက်ဖြစ်နေကြရတယ်"။




# သတင်းပြက္ခဒိန်

**ဂျန်နဝါရီ ၃၊ DVB ။** ။ လူရွှင်တော် ပါပါလေးနှင့်လူမော်တို့၏ဖခင် လူရွှင်တော်ဦးညိုသန်း၏ ရက်လည်တရားနာပွဲကို အာဏာပိုင်များမှ အနီးကပ်စောင့်ကြည့်ခဲ့ကြောင်း။

**ဂျန်နဝါရီ ၅၊ DVB ။** ။ မြန်မာအနှံ့ NLD များသည် သက်နီးကျွန်းမြို့နယ်ကဲ့သို့ နိုင်ငံရေးအကျဉ်းကျမိသားစုများအား တပ်အားသရွေ့ ပိုင်းဝန်းအကူအညီပေးသင့်သည်ဟု သက်နီးကျွန်း NLD မှ တိုက်တွန်းနိုးဆော်၏။

**ဂျန်နဝါရီ ၅၊ RGN ။** ။ ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်ရှေ့တွင် ကြွေးကြော်သံအသစ်ဆိုင်းဘုတ်တခု တင်ထားသည်ကို တွေ့ရကြောင်း NLD မှဆို၏။

**ဂျန်နဝါရီ ၅၊ DVB ။** ။ လွတ်လပ်ရေးနေ့တွင် ဆန္ဒပြခဲ့သူ NLD လူငယ်များနှင့်ပတ်သက်၍ ဂျာနယ်များတွင် ပေါ်လစီဆောင်းပါးများ မထည့်မနေရ စာပေစိစစ်ရေးမှထည့်ခိုင်းနေကြောင်း။

**ဂျန်နဝါရီ ၅၊ RGN-AP ။** ။ ယခုနှစ်စက်တင်ဘာအထိ ၉ လအတွင်း မြန်မာတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုသည် ယခင်နှစ်ထက် ၂ ဆဖြစ်၏။

**ဂျန်နဝါရီ ၅၊ DVB ။** ။ တွံတေးမြို့၌ လွတ်လပ်ရေးနေ့တွင် လက် ၂ ဖက်ကို ကြိုးနှင့်ချီ၍ ဗိုလ်ချုပ်ကျောက်တိုင်တွင် အလေးပြုသူ ကျူရှင်ဆရာဦးအောင်ဖေသည် တတိယအကြိမ်မြောက်အဖမ်းခံရကြောင်း တွံတေး NLD မှဆို၏။

**ဂျန်နဝါရီ ၅၊ DVB ။** ။ ဇီးဖြူကုန်းမြို့နယ် နတ်စင်ချောင်းရွာ ရယကသည် ဒေသခံရွာသားများအား အခမဲ့လုပ်အားပေးခိုင်းစေမှုများ သိသာစွာလုပ်ဆောင်နေကြောင်း။

**ဂျန်နဝါရီ ၅၊ DVB ။** ။ ဗကသခေါင်းဆောင် ကိုကျော်ကိုကိုသည် အသည်းရောင် အသားဝါရောဂါဖြစ်၍ ဆေးရုံတင်ထားရကြောင်း ဖခင်ဦးကျော်အေးမှဆို၏။

**ဂျန်နဝါရီ ၆၊ VOA ။** ။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့သည် ယခုနှစ်လည်း မြန်မာတွင် ပိုလီယိုဆေးထိုးပေးရန် ဆုံးဖြတ်၏။

**ဂျန်နဝါရီ ၆၊ RFA ။** ။ ဇာဂနာအား မိသားစုများမှ ယခုအပတ် ထောင်ဝင်ခွင့်ပိတ်ထားဖြင့် တွေ့ခွင့်မရခဲ့ကြောင်း။

**ဂျန်နဝါရီ ၆၊ DVB ။** ။ နာဂစ်လေဘေးဒုက္ခသည် ကိုညာဏ်ထွန်းသည် ဘဝတူ လေဘေးဒုက္ခသည်များအားကူရင်း ထောင် ၁၄ နှစ်ဖြင့် သာယာဝတီတွင်အကျဉ်းကျနေရာ မိသားစုမှ ထောင်ဝင်စာသွားတွေ့ရေး ခက်ခဲနေကြောင်း။

**ဂျန်နဝါရီ ၆ ၊ XNA ။** ။ တောင်ကိုရီးယားအစိုးရ၏ပညာသင်ကြေးအဖွဲ့သည် ဇန်နဝါရီလကုန်နောက်ဆုံးထား၍ ဘွဲ့ကြိုမြန်မာကျောင်းသား ၁၅ဝ အား ခေါ်ယူမည်။

**ဂျန်နဝါရီ ၆၊ National Post ။** ။ ဒီမိုကရေစီနှင့်ဆန့်ကျင်သည့် ပြောင်းလဲမှုသို့ဦးတည်နေသည့် နအဖစစ်အုပ်စုကို တရားဝင်အစိုးရအဖြစ်အသိအမှတ်မပြုဖြစ်အောင် ကမ္ဘာမှ ပိုင်းဝန်းကြိုးပမ်းရမည်ဟု သတင်းစာအာဘော်မှ တိုက်တွန်း၏။

**ဂျန်နဝါရီ ၆၊ DVB ။** ။ ၆၁ နှစ်မြောက်လွတ်လပ်ရေးနေ့တွင် ဒေါ်အောင်ဆန်းစုကြည်ပါးသည့် သတင်းစကားအတိုင်း မြန်မာနိုင်ငံဒီမိုကရေစီဖော်ဆောင်ရေးအတွက် ပြတ်သားဘို့အချိန်တန်ပြီဟု NLD ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးဝင်းတင်မှဆို၏။

**ဂျန်နဝါရီ ၆၊ DVB ။** ။ ယမန်နေ့က ထောင် ၁၀ နှစ်ကျခဲ့သူ နိုင်ငံရေးအကျဉ်းသား ကိုခင်မောင်ဝင်းသည် တရားရုံးအတွင်း ချစ်သူနဲ့လက်ထပ်ခွင့်တောင်းသော်လည်း အာဏာပိုင်များမှ ခွင့်မပြုကြောင်း မျက်မြင်တွေ့ရှိသူ ရှေ့နေ ဦးညီညီလှိုင်မှဆို၏။

**ဂျန်နဝါရီ ၆၊ NEJ ။** ။ ရွေးကောက်ပွဲနီးလာပြီဖြစ်၍ နေပြည်တော်ဝန်ထမ်းများအား လစာတိုး၍မက်လုံးပေးရန် နအဖစစ်အုပ်စုမှ ပြင်ဆင်နေကြောင်း ဝန်ထမ်းများမှဆို၏။

**ဂျန်နဝါရီ ၆၊ RFA ။** ။ ဆောင်းသီးနှံ စိုက်ပျိုးနိုင်ရန် ပဲခူးတိုင်းသနပ်ပင်မြို့နယ်အာဏာပိုင်များသည် ဘဏ်ချေးငွေစာအုပ်အတွက် ငွေကောက်ခံပြီး ဘာမှလုပ်မပေးကြောင်း။

**ဂျန်နဝါရီ ၆၊ DVB ။** ။ ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင် ကိုကျော်ကျော်ထွေး(ခ)မာကီး၏ညီ ကိုဇော်နိုင်ထွေး(ခ)ကက်နက်အား ရဲဘက်စခန်းသို့ ပို့ခဲ့ကြောင်း။

**ဂျန်နဝါရီ ၆၊ DVB ။** ။ ယနေ့သည် နှစ်ပတ်ကြာ စံပယ်လူထုလှုပ်ရှားမှု နောက်ဆုံးနေ့ဖြစ်၏။ လှုပ်ရှားမှုများဆက်လက်ပြုလုပ်မည်ဟု စံပါယ်အဖွဲ့ မှဆို၏။

**ဂျန်နဝါရီ ၆၊ NEJ ။** ။ ဘန်ကောက် လေဆိပ်ကဲ့သို့ ဆန္ဒပြဝင်စီးမှုမှကာကွယ်နိုင်ရန် မင်္ဂလာဒုံလေဆိပ်ကိုလုံခြုံရေးတင်းကျပ်ထားရန် ဗိုလ်ချုပ်သိန်းစိန်က ညွှန်ကြား၏။

**ဂျန်နဝါရီ ၇၊ NEJ ။** ။ ၂၀၀၈ ဇန်နဝါရီမှ စက်တင်ဘာထိ ဝန်ကြီးဌာနပေါင်းစုံမှ အဂတိလိုက်စားမှု ၄၄၈ မှုရှိသည်ဟု ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်မှဆို၏။။

**ဂျန်နဝါရီ ၇၊ RFA ။** ။ မြန်မာ၏၂၀၀၈ ဘဏ္ဍာရေးနှစ်ကုန်ပိုင်းတွင်း ပို့ကုန်ဝင်ငွေ ၅၀ ရာခိုင်နှုန်းကျော်ကျဆင်းဖွယ်ရှိကြောင်း စီးပွားရေးပညာရှင်တဦးမှခန့်မှန်း၏။

**ဂျန်နဝါရီ ၇၊ RFA ။** ။ နတ်မောက်မြို့ လယ်သမားများအရေးအမှုလိုက်ပေးသူ ရှေ့နေကိုဖိုးဖြူကို အာဏာပိုင်များမှ ဖမ်းစီးစစ်ဆေးခဲ့ကြောင်း။

**ဂျန်နဝါရီ ၇၊ NEJ ။** ။ ရန်ကုန်တွင် နိုင်ငံခြားငွေလဲလက်မှတ်များ တန်ဖိုး ဖောက်ထိုးကျနေကြောင်း။

**ဂျန်နဝါရီ ၇၊ NEJ ။** ။ အင်စီယူဘီသည် သီးခြားစင်ပြိုင်အစိုးရတရပ်ဖွဲ့ မည်ဟုဆိုခြင်းသည် လူတစု၏ကျေညာချက်သာဖြစ်သည်ဟု အင်စီယူဘီဒုဥက္ကဋ္ဌမှဆို၏။

**ဂျန်နဝါရီ ၇၊ NEJ ။** ။အသက် ၁၂ နှစ်တွင် တပ်ထဲအတင်းသွင်းခံရပြီး တပ်ထဲ ၁၀ နှစ်နေခဲ့ရသူ တပ်ပြေးမှုဖြင့် ဖမ်းဆီးထောင်ချခံရပြီး မုပ္ပလင်ရဲဘက်စခန်းသို့ပို့ခြင်းခံခဲ့ရသူ ကိုထွဋ်ဆန်းမင်းအား ထောင်အာဏာပိုင်များမှ ILO ဖိအားဖြင့် ဝန်ခံကတိဖြင့် လွှတ်ခဲ့၏။

**ဂျန်နဝါရီ ၇၊ DVB ။** ။ နိုင်ငံရေးအကျဉ်းသား မိသားစုများအား တရားရုံးများမှ အမှုတွဲမိတ္တူ ထုတ်မပေးတော့ဟု သိရ၏။ အပြည်ပြည်ဆိုင်ရာကြက်ခြေနီအဖွဲ့ ICRC ထောက်ပံ့မှုရ နိုင်ငံရေးအကျဉ်းသားမိသားစုများ ဆက်လက်ရယူရန် အခက်အခဲတခုဖြစ်၏။

**ဂျန်နဝါရီ ၇၊ RFA ။** ။ စစ်တွေတွင် ယခင်သောကြာနေ့က တက္ကသိုလ် ကျောင်းသား ၅၀၀ ခန့် လမ်းလျှောက်ဆန္ဒပြခဲ့၏။

**ဂျန်နဝါရီ ၇၊ DVB ။** ။ မိတ္ထီလာထောင်ရှိ နိုင်ငံရေးအကျဉ်းကျ ကိုထွန်းထွန်းနိုင်(အင်းစိန် NLD)အား ထောင်စည်းကမ်းဖောက်ဖျက်၍ ထောင်ဝင်စာတလ ပိတ်ထား၏။

**ဂျန်နဝါရီ ၇၊ DVB ။** ။ မိတ္ထီလာမြို့ ရတနာမန်အောင်ရပ်ကွက် ရယကအဖွဲ့ဝင်ဦးဝင်းမြင့်သည် ပြည်သူပိုင်မြေများကို ကိုယ်ကျိုးအတွက် ရောင်းစားနေကြောင်း မြို့ခံများမှဆို၏။

**ဂျန်နဝါရီ ၈၊ DVB ။** ။ စစ်အုပ်ချုပ်ရေးအဖွဲ့သည် အခြေခံဥပဒေကို မပြင်မချင်း ရွေးကောက်ပွဲကိစ္စ မစဉ်းစားဟု NLD ဦးဝင်းတင်မှဆို၏။

**ဂျန်နဝါရီ ၉၊ Irrawaddy ။** ။ ၂၀၀၇ သံဃာ့ဆန္ဒပြပွဲအတွက် လအနည်းငယ်က အဖမ်းခံရပြီး ၂၀၀၈ ဒီဇင်ဘာတွင် ပြစ်ဒဏ်စီရင်ခံခဲ့ရသူ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်မှ ကျော်ဇော(၁၉နှစ်)အား အင်းစိန်မှ တွံတေးမြို့နယ် ရွှေတသေးအလုပ်ကြမ်း စခန်းသို့ ပို့လိုက်ကြောင်း။

**စာမျက်နှာ ၇ သို့**

# ဒီမိုကရေစီမိခင်နိုင်ငံကြီး (Mother India) တိုက်ခိုက်ခံရပြီ

**မောင်ပုည (သြစတြေးလျား)**

## (ရန်လိုခြင်း၊ ကလဲ့စားချေခြင်း၊ အစုလိုက်သတ်ဖြတ်ခြင်း၊ ဒါဟာ ဂျီဟဒ်စ် (Jihadist) လား)

### (၁)

‘ဆရာမောင်ပုညပါလား၊ ဆရာများခရီးလွန်နေသလားလို့ဆရာ’

“ခရီးတော့မလွန်ပါဘူးကိုဒေါင်းရယ်၊ အိန္ဒိယရုပ်ရှင်ဘောလီဝုဒ် (Bollywood) စာအုပ်ဖတ်နေလို့ကွယ်၊ Shri-420 (ရှရီ–၄၂၀)၊ Anankali (အနာကာလီ)၊ Mughal-e-Azam (မဂိုလေအာဇမ်)၊ Mother India (မားသားအိန္ဒိယ) ဒါတွေပြန်တွေ့ရတော့ အိန္ဒိယကိုလွမ်းဆွတ်မိပါတယ်ကိုဒေါင်း”

‘လွမ်းတာတော့ လွမ်းပေ့ါဆရာ၊ နိုဝင်ဘာ ၂၆ ရက် ညဦး (၉း၂၀) နာရီကနေ နိုဝင်ဘာ ၂၉ ရက် နံနက်ခင်း (၄း၃၀) နာရီအထိ စီးနင်းတိုက်ခိုက်ခံရတဲ့ အိန္ဒိယနိုင်ငံ မွမ်ဘိုင်း (ဘုံဘေ) ရှိဟိုတယ်ကြီးနှစ်ခုမှာ လူပေါင်း ၁၇၂ ဦးထိသေဆုံးခဲ့ကြရပါတယ်ဆရာ’

“မွမ်ဘိုင်း (ဘုံဘေ) မြို့မှာက ကမ္ဘာ့အရှေ့ခြမ်းရှိ ဘောလီဝုဒ်မြို့တော် (Bollywood) ကိုယ်ပိုင်ရှိတယ်မဟုတ်လားကိုဒေါင်း၊ ဒါကြောင့် ကိုယ်လည်း အလွမ်းပြေကြည့်မိတာပါကွယ်၊ နည်းနည်းမှစိတ်မကောင်းပါဘူး”

‘ကမ္ဘာကြီးမှာ ဆူခနဲညံခနဲဆို “သြဆီ” ကပါတတ်တာမို့၊ ခုတခါ မွမ်ဘိုင်းမှာတော့ သြဆီကနှစ်ယောက်ထဲပါလေတော့ တော်သေးတာပေ့ါဆရာ’

“မွမ်ဘိုင်း (ခေါ်) တဲ့ ဘုံဘေက ကိုယ်တို့ရောက်ခဲ့တဲ့ ၁၉၆၅ ခုနှစ်မှစပြီး တရှိန်ထိုးတိုးတက်လာပါတယ်၊ ဒီတုန်းက လူဦးရေက ၁၂ သန်းလောက်ရှိနေပြီး ခုတော့ သန်းပေါင်း ၂၀ ထိရှိနေတယ်လေ၊ ခုတိုက်ခိုက်ခံရတဲ့မွမ်ဘိုင်း (ခေါ်) ဘုံဘေက မြို့လယ်ခေါင်ရှိ လူအစည်ကားဆုံးနေရာပေ့ါကိုဒေါင်း”

‘ဟုတ်ကဲ့ဆရာ၊ ပြောပါ’

“ရုပ်ရှင်တွေအပါအဝင် တိုးတက်မှုကတော့ ဝန်ကြီးချုပ်နေရူးလက်ထက်ကစတင်ပါတယ်၊ နေရူးဟာ ရုပ်ရှင်ကို အမျိုးသားရေးအဆင့်ထိ မြှင့်တင်ပေးခဲ့ပါတယ်၊ ခုတော့ ဟောလီဝုဒ်ကရုပ်ရှင်ဒါရိုက်တာကြီး ‘စတီဗင်စပီးလ်ဘာဂ်’ (Steven Spielberg) လည်း ဘောလီဝုဒ်ကိုရောက်နေတယ်၊ နေ့စဉ်နဲ့နှစ်စဉ် စတူဒီယိုကြီး ၁၂ ခုကနေပြီး ပြည်တွင်းလူဦးရေ သန်းပေါင်းတထောင့်တရာနဲ့ ကမ္ဘာ့အရပ်ရပ်ဆီကိုတင်ပို့နိုင်အောင် တနှစ်ကို ရုပ်ရှင်ဇာတ်ကားပေါင်း ငါးရာ (၅၀၀) နဲ့ ခြောက်ရာ (၆၀၀) ရိုက်ကူးနေတယ်ကိုဒေါင်း”

‘ဟုတ်ကဲ့ပါဆရာ’

“ဒီလို ရောမဘောလီဝုဒ်ကြီးဖြစ်လာအောင် ဟိုတုန်းကတော့ ရပ်ချ် ကပူး (Raj Kapoor) သာမက ပါကစ္စတန်နဲ့ နီပေါလ်ကသရုပ်ဆောင်တွေနဲ့ တေးဂီတပညာရှင်တွေဟာ ပျိုးထောင်ခဲ့ကြတာဖြစ်ပါတယ်”

‘ခုတော့ဆရာ၊ မွမ်ဘိုင်းအတိုက်ခံရတော့ အိန္ဒိယနဲ့ပါကစ္စတန် တမျိုးစီဖြစ်သွားပြီဆရာ’

### (၂)

‘မွမ်ဘိုင်းတိုက်ခိုက်ခံရတာနဲ့ပတ်သက်ပြီး ပြောပါဦးဆရာ’

“အိန္ဒိယနဲ့ပါကစ္စတန်တို့ဟာ မမေ့ပျောက်နိုင်တဲ့အကြောင်းအရာကြီး နှစ်ခုရှိပါတယ်၊ ပထမအကြောင်းကတော့ အိမ်နီးချင်းနိုင်ငံတွေလည်းဖြစ်တယ်၊ ကိုလိုနီဖြစ်ခဲ့တာလည်း အတူတူဖြစ်တယ်၊ ဒါပေမင့် အိန္ဒိယနိုင်ငံက ဟင်ဒူကိုးကွယ်ပြီး ပါကစ္စတန်နိုင်ငံက အစ္စလာမ်ကိုးကွယ်တယ်၊ အိန္ဒိယနိုင်ငံမှာ လူဦးရေ သန်း ၁၁၀၀ ရှိတဲ့အနက်က အစ္စလာမ်ကိုးကွယ်သူပေါင်းက သန်း ၁၅၀ ရှိတယ်၊ ဒါတွေဟာ သေးငယ်တဲ့ကိစ္စတွေမဟုတ်ပါဘူးကိုဒေါင်း”

‘သဘောပေါက်ပါတယ်ဆရာ’

“အဲဒီမှာကိုဒေါင်းရေ အိန္ဒိယနဲ့ပါကစ္စတန်တို့ လူသိရှင်ကြားဖြစ်တဲ့ စစ်ပွဲက ‘လေးကြိမ်’ ပါကွယ်၊ ပြီးခဲ့တဲ့နှစ်တွေမှာ အိန္ဒိယပါလီမန် စီးနင်းခံရတယ်၊ အာဖဂန်နစ္စတန်ရှိအိန္ဒိယသံရုံး တိုက်ခိုက်ခံရတယ်၊ မွမ်ဘိုင်းမှာ မီးရထားဖောက်ခွဲခံရတယ်၊ ဒါတွေလည်းရှိပါသေးတယ်ကွယ်”

‘ဟုတ်ကဲ့ဆရာ၊ ဆက်ပြောပါ’

“ဒီလို နံပါတ်တစ်စစ်ပွဲလေးပွဲဖြစ်ပြီးတဲ့နောက် ခုတော့ အိန္ဒိယက ဦးစွာ အနုမြူပိုင်ဆိုင်ပြီးနောက်ပိုင်းမှာ ပါကစ္စတန်က အနုမြူပိုင်ဆိုင်လာပါတယ်”

‘ဆက်ပါဆရာ’

“ခုဆို အနုမြူထိပ်ဖူးပေါင်း အိန္ဒိယက ၈၀ က ၁၀၀ ထိပိုင်ဆိုင်ပြီး ပါကစ္စတန်ကတော့ အနုမြူထိပ်ဖူးပေါင်း ၄၀ က ၆၀ ထိ ပိုင်ဆိုင်ကြပါတယ်၊ ‘missile’ ဒုံးပျံကိုတော့ အိန္ဒိယက သူ့ဘာသာသူထုတ်လုပ်ပြီး ပါကစ္စတန်က တော့ တရုတ်နဲ့မြောက်ကိုရီးယားထံက အကူအညီတွေရရှိပါတယ်”

‘စစ်ပွဲတွေလည်း လေးကြိမ်တိုင်ဖြစ်ခဲ့ဘူးတယ်၊ အိမ်နီးချင်းနှစ်နိုင်ငံစလုံးက အနုမြူတွေလည်းပိုင်ဆိုင်တော့ အနုမြူစစ်ပွဲများဖြစ်ဘို့အလားအလာရှိပါသေးသလားဆရာ၊ စိုးရိမ်လို့ပါဆရာ’

“ကိုဒေါင်းစိုးရိမ်တာတွေက ယခင်စိုးရိမ်တာတွေထက် ခုစိုးရိမ်တာက ပိုမိုပြီးစိုးရိမ်သင့်တဲ့အခြေအနေကိုရောက်နေပါတယ်ကွယ်”

‘ဒါဆို ဆက်ပြောပါဆရာ၊ ဒါဟာ သိပ်ကိုအရေးကြီးပါတယ်ဆရာ’

### (၃)

“ခုအကြိမ် မွမ်ဘိုင်း (ဘုံဘေ) နဲ့ ကြယ်ငါးပွင့်ဟော်တယ်ကြီးတွေလည်းဖြစ်တဲ့ တာဂျ်မဟာ (Tajmahar) ရယ်၊ အိုဘီရွိုင်း (Oberoi) ရယ်၊ ဂျူးရပ်ကွက်ရယ်ကိုလာရောက်တိုက်ခိုက်သူတွေက ပါကစ္စတန် ‘ကရာချိ’ (Karachi) က စတင်ခရီးထွက်လာသူတွေဖြစ်တယ်၊ ကရာချိကမှတဆင့် ကုန်တင်သင်္ဘောနဲ့ မွမ်ဘိုင်းအနောက်ဘက်ကမ်းရှိ ‘ဆော်ဒီအာရေဗျ’ ပင်လယ်ပြင်ကိုရောက်လာပါတယ်၊ အဲဒီမှာတွေ့ရတဲ့ငါးဖမ်းသင်္ဘောငယ်တွေကိုဖမ်းဆီးပြီး လူတွေကိုသတ်ဖြတ်ပစ်ပါတယ်၊ အဲဒီကမှတဆင့် စပိဘုတ် (speed boat) အမြန်သင်္ဘောငယ်တွေနဲ့ လုပ်ကြံသူဆယ်ဦးအနက်က အချို့ဟာ မွမ်ဘိုင်းကိုရောက်လာပြီး တချို့ကတော့ တာဂျ်မဟာဟိုတယ်ကို ကြိုတင်ရောက်နေနှင့်ကြပါတယ်”

‘ကွယ်လွန်သေဆုံးသူတွေလည်း ပြောပါဦးဆရာ’

“နောက်ဆုံးရတဲ့သတင်းအရ လာရောက်လုပ်ကြံတိုက်ခိုက်သူ ၁၀ ဦးအနက်က ၉ ဦးဟာ ပွဲချင်းသေပြီး အသက် ၂၁ နှစ်ရွယ် ‘အဲဂျ်မာလ်အမယ် ကမဲလ်’ (Ajmal Amir Kamal) တဦးတည်းသာ ရဲအဖွဲ့ကလက်ရဖမ်းမိတယ်၊ သေဆုံးသူပေါင်း ၁၈၈ ဦးထဲမှာ နိုင်ငံခြားသားက ၂၁ ဦး၊ ဒီအထဲမှာ ဂျူးက ၆ ဦးကွယ်လွန်ခဲ့ပါတယ်၊ ဒဏ်ရာရသူပေါင်းကတော့ ကိုဒေါင်းရေ ၃၀၀ တဲ့ကွယ်”

‘ပါကစ္စတန်ကလာရောက်တဲ့ အကြမ်းဖက်သမားတွေဆိုတော့ဆရာ၊ ပါကစ္စတန်က ဘာများပြောပါသေးသလဲ’

“ဒီအဖြစ်အပျက်တွေကို အစိုးရဌာနတွေ၊ ခေါင်းဆောင်တွေ၊ လက်နက်ကိုင်တပ်ဖွဲ့တွေ၊ ထောက်လှမ်းရေးအဖွဲ့တွေနဲ့ ကျွမ်းကျင်သူတွေပြောတာတွေ ကိုသတင်းစာတွေကရေးသားကြတာဖြစ်ပါတယ်၊ အိန္ဒိယပိုင်ကက်ရှ်မီးယား (Kashmir) နဲ့ ပါကစ္စတန်ပိုင်နယ်စပ်မှာရှိတဲ့ အဲလ်ကိုင်ဒါ (al-qaida) နဲ့လည်း အဆက်အသွယ်ရှိ၊ မွမ်ဘိုင်းတိုက်ခိုက်မှုမှာခေါင်းဆောင်ခဲ့ပြီး အကြမ်းဖက်သမားတွေကိုသင်တန်းပေးလေ့ကျင့်ပေးနေတဲ့ လာဟိုး (Lahore) အနီးရှိ လက်ရှ်ကာရီတွိုင်ဘာ (Lashkare-Toiba) အကြမ်းဖက်ဌာနချုပ်ကို လေကြောင်းကတိုက်ခိုက်ဘို့ အိန္ဒိယလက်နက်ကိုင်တပ်ဖွဲ့တွေက နိုင်ငံရေးခေါင်းဆောင်တွေကို ဖိအားတွေပေးနေပါတယ်”

‘ဒါဆိုရင်တော့ စိုးရိမ်စရာပဲဆရာရယ်’

**တဘက်သို့**

# ရန်ကုန်မြို့တွင် အက်ဖ်အီးစီတန်ဖိုး ဇောက်ထိုးကျ

**NEJ ၊ ဂျန်နဝါရီ ၇ ။** ။ အစိုးရပိုင် ဓါတ်ဆီဒီဇယ်ရောင်းချသည့်ဆိုင်များတွင် FEC ဖြင့်ဝယ်သူနည်းပါးလာသောကြောင့် ပြီးခဲ့သည့်လများကထက် FEC ဈေး ၂၀ ရာခိုင်နှုန်းနီးပါးကျဆင်းသွားကြောင်း စုံစမ်းသိရပါတယ်။

ဆူးလေဘုရားလမ်းရှိ မှောင်ခိုနိုင်ငံခြားငွေလဲလှယ်ရေးဒိုင်ပိုင်ရှင်တဦးက "အစိုးရက လောင်စာဆီတွေကို FEC နဲ့ဝယ်ယူခွင့်ပြုလိုက်တုန်းက FEC ဝယ်လိုအားတွေတက်လာပြီး ဈေးနှုန်းလည်းမြင့်လာတယ်၊ နဂိုက FEC တယူနစ် ကျပ် ၈၀၀ ကနေ ၉၀၀ နီးပါးရှိရာက ၁၀၀၀ ကျော်၊ နောက်ပိုင်း ဒေါ်လာဈေးနဲ့မတိမ်းမယိုင်း ၁၂၅၀ ကျပ်လောက်အထိရောက်ခဲ့တယ်၊ ခု ပြင်ပဓါတ်ဆီ ဒီဇယ်ဆီပေါက်ဈေးဟာ အစိုးရဆိုင်မှာ FEC နဲ့ဝယ်တဲ့ဈေးထက် အများကြီးသက်သာနေတာကြောင့် FEC လဲပြီး လောင်စာဆီဝယ်တဲ့သူမရှိသလောက်နည်းသွားတယ်၊ ဒါကြောင့် FEC ဝယ်လိုအားနည်းသွားပြီး ဒီနေ့ ၇-၁-၀၉ ပေါက်ဈေးဆို တယူနစ် ၁၀၃၀ ကျပ်လောက်ပဲရှိတော့တယ်" လို့ ရှင်းပြပါတယ်။

FEC ဈေးနှုန်းများသည် တက်သွားသည့်ဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက ၂၀ ရာခိုင်နှုန်းနီးပါးကျသွားသော်လည်း လက်ရှိဒေါ်လာပေါက်ဈေးနှင့်နှိုင်းယှဉ်လျှင် ၁၀ ရာခိုင်နှုန်းခန့်သာကွာခြားနေကြောင်း သိရပါတယ်။ မြန်မာနိုင်ငံ၌ နာဂစ်မုန်တိုင်းဒဏ်ခံပြီး နိုင်ငံတကာအကူအညီအထောက်အပံ့များ ပြည်တွင်းသို့ပို့ပေးရာတွင် ဒေါ်လာငွေကို ဘဏ်မှတဆင့်လွှဲပေးရပြီး ပြည်တွင်းတွင်မူ FEC ကိုသာ ပြန်လည်ထုတ်ယူသုံးစွဲရပါတယ်။ ထို့ကြောင့် FEC အဝင်သာရှိပြီး သုံးစွဲရမည့်နေရာ များများစားစားမရှိသောကြောင့် ဒေါ်လာပြင်ပပေါက်ဈေးနှင့်နှိုင်းယှဉ်ပါ က ၂၀ မှ ၂၅ ရာခိုင်နှုန်းကွာခြားခဲ့ပြီး နိုင်ငံတကာအလှူငွေ သန်းပေါင်းများစွာ နစ်နာဆုံးရှုံးရပါတယ်။ ထို့ကြောင့် စစ်အုပ်စုက လောင်စာဆီကို FEC နှင့်ဝယ်ယူခွင့်ပြုသည့်အစီအစဉ်လုပ်ခဲ့သည့်အတွက် FEC ဈေးနှုန်း တရိပ်ရိပ်ပြန်တက်လာပြီး ဒေါ်လာဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက ၃ ရာခိုင်နှုန်းမှ ၅ ရာခိုင်နှုန်းအထိသာ ကွာသွားခဲ့ပါတယ်။

ယခုလောင်စာဆီဝယ်ယူရာတွင် FEC ကိုသိပ်မသုံးသည့်အတွက် ဈေးနှုန်းပြန်လည်ကျဆင်းသွားခြင်းဖြစ်ပါတယ်။ ပြီးခဲ့သည့်ဒီဇင်ဘာလအတွင်းက လည်း ဦးတေဇပိုင်ကုမ္ပဏီကရောင်းချမည့် တခါသုံး GSM prepay ကတ်များ ကို FEC ဖြင့်သာရောင်းချရန် စစ်အုပ်စုဆက်သွယ်ရေးဝန်ကြီးဌာနက ညွှန်ကြား ခဲ့ပါတယ်။ FEC ၁၀ တန်နဲ့ ၂၀ တန်ကတ် ၂ သောင်းကျော်ရောင်းချခဲ့ရ၍ FEC တန်ဖိုး အနည်းငယ်မြင့်တက်လာခဲ့သော်လည်း နောက်ပိုင်း အဆိုပါကတ် များသည် စတင်အသုံးပြုသည်နှင့် ၁၄ ရက်သို့မဟုတ် ၁ လအတွင်း သက်တမ်းကုန်ဆုံးမည်ဖြစ်ခြင်း၊ နောက်ထပ်ဝယ်ယူအသုံးပြုပါကလည်း နံပါတ်မတူတော့ ခြင်း၊ အဝင်ခေါ်ဆိုခအတွက် ငွေပေးရသည့်အပြင် ဆက်သွယ်ခဈေးနှုန်းကြီးမြင့် ခြင်း စသည့်အချက်များကြောင့် အဝယ်မလိုက်ဘဲ FEC ဝယ်လိုအားလည်း ကျဆင်းသွားခဲ့ခြင်းဖြစ်ပါတယ်။

နအဖစစ်အုပ်စုက ပြည်တွင်း၌ အမေရိကန်ဒေါ်လာအပါအဝင်မည် သည့်နိုင်ငံခြားငွေကိုမှ တရားဝင်ကိုင်ဆောင်ခွင့်မပေးဘဲ ကိုင်ဆောင်လက်ဝယ်တွေ့ရှိပါက ထောင်ဒဏ်ချမှတ်နိုင်သည့်ဥပဒေပြဌာန်းထားပြီး အမေရိကန်ဒေါ်လာနှင့်တန်ဖိုးညီမျှသည်ဆိုသည့် FEC များကိုသာ ထုတ်ဝေအသုံးပြုစေပါတယ်။ ယခုကဲ့သို့ FEC တန်ဖိုးကျဆင်းပြီး အမေရိကန်ဒေါ်လာတန်ဖိုးနှင့် ပြန် လည်ကွာခြားလာခြင်းကြောင့် လေဘေးသင့်ဒေသအပါအဝင် မြန်မာနိုင်ငံတွင်း သို့ ဒေါ်လာငွေဖြင့်အကူအညီပေးပြီး ပြည်တွင်းမှာ FEC နှင့်ပြန်လည်ထုတ်ယူ သုံးစွဲရမည့်ကိစ္စများတွင် နစ်နာမှုများ ယခင်ကဲ့သို့ပြန်လည်ကြုံတွေ့ရမည်ဖြစ် ကြောင်း စုံစမ်းသိရပါတယ်။

---

**တဘက်မှ**

"သေချာတာပေါ့ကိုဒေါင်း၊ အိန္ဒိယကအကြမ်းဖက်စာရင်းပေါက်သူ လူပေါင်းနှစ်ဆယ်ကို ပါကစ္စတန်က အိန္ဒိယကိုလွှဲပြောင်းပေးရမယ်၊ မွမ်ဘိုင်းမှာ ရဲကဖမ်းမိထားသူထွက်ချက်အရ မွမ်ဘိုင်းတိုက်ခိုက်မှုကိုစီစဉ်သူမှာ 'မူဇမ်မီလ်' (Muzammil) ဖြစ်ကြောင်းကိုလည်း ပါကစ္စတန်ကထိပ်တန်းအရာရှိတဦးက အတည်ပြုပြောတယ်လို့ ပြောတယ်လေ"

'ကျနော်စိုးရိမ်တာက ကြောက်ရွံ့မှုနဲ့စိုးရိမ်မှုတွေလွှန်ကဲပြီး တစုံတဦး က အနုမြူခလုတ်ကိုနှိပ်လိုက်မှာ စိုးရိမ်မှုဖြစ်တယ်ဆရာ'

"အကြမ်းဖက်သမားတွေ နာရီပေါင်း ၆၀ မွမ်ဘိုင်းကိုသိမ်းထားစဉ် မွမ်ဘိုင်းရဲအဖွဲ့က ၁၆ ဦးသေဆုံးရာမှာ အရာရှိ ၃ ဦးပါဝင်ပါတယ်၊ အိန္ဒိယတနိုင်ငံလုံးမှာ ရဲတပ်ဖွဲ့က ၂.၂ သန်းရှိပါတယ်၊ အိန္ဒိယမှာ လူတသိန်းမှာ ရဲအရာရှိက ၁၂၆ ဦးဖြစ်ပြီး၊ အနောက်နိုင်ငံတွေမှာတော့ လူတသိန်းမှာ ရဲအရာရှိ ၂၂၅ က ၅၅၀ ထိရှိပါတယ်၊ အိန္ဒိယရဲအဖွဲ့ရဲ့လက်နက်ကတော့ ပထမကမ္ဘာစစ်ကအမျိုးအစားပဲဖြစ်ပါတယ်"

"ပါကစ္စတန်က သူ့ရဲ့အနုမြူပုံးကို လူမျိုးစုတွေဒေသနဲ့ 'ဂျီဟာဒ်စ်' တွေစိုးမိုးတဲ့ဒေသမှာထားပြီး အိန္ဒိယကတော့ 'ရာဂျာစသန်' (Rajasthan) သဲကန္တာရမှာထားပြီး ပါကစ္စတန် (သို့မဟုတ်) တရုတ်ကိုချိန်ရွယ်ထားပါတယ်"

(၄)

'တဦးနဲ့တဦး လက်ဦးမှုယူပြီး အနုမြူခလုတ်ကိုနှိပ်ကြရင်ရောဆရာ၊ ဘယ်လိုများဖြစ်လာနိုင်ပါသလဲ'

"အဖြစ်အပျက်ကတော့ အိန္ဒိယပဲဖြစ်ဖြစ်၊ ပါကစ္စတန်ပဲဖြစ်ဖြစ်၊ အကျိုးသက်ရောက်မှုကတော့ တဘက်နဲ့တဘက် အတူတူပါပဲကိုဒေါင်း"

'ပြောပါဆရာ'

"ကျွမ်းကျင်သူတွေရဲ့ပြောဆိုချက်အရ၊ အိန္ဒိယကပဲ ပါကစ္စတန်ကိုစတင်တိုက်ခိုက်သည်ဖြစ်စေ၊ ပါကစ္စတန်ကပဲ အိန္ဒိယကိုစတင်တိုက်ခိုက်သည်ဖြစ်စေ ပထမမိနစ်အနည်းငယ်အတွင်းမှာ အိန္ဒိယရှိမြို့ကြီးငါးမြို့ (သို့မဟုတ်) ပါကစ္စတန်ရှိမြို့ကြီးငါးမြို့ဟာပျောက်ကွယ်သွားပြီး လူနှစ်သန်းလောက်သေဆုံးမယ်၊ နောက်ထပ်သုံးမိနစ်ကြာပြန်ရင် လူသုံးသန်းကျော်ဟာ ရစရာမရှိအောင် ဒဏ်ရာတွေရကြမယ်တဲ့ကိုဒေါင်း"

'သူလည်းမသာ၊ ကိုယ်လည်းအသုဘဖြစ်မှာကိုသိလျက်သားနဲ့ "ဂျီဟာဒ်စ်" လုပ်နေရသေးသလားဆရာ'

"ကိုယ်လည်း ပထမတော့ 'ဂျီဟာဒ်စ်' ဆိုတာ လူတွေကိုအစုအပုံလိုက်သေအောင် နာအောင်လုပ်နေတယ်လို့ထင်ပါတယ်၊ ဒို့မိတ်ဆွေမူဆလင်ကြီးနဲ့တွေ့တော့ ဒီလိုမဟုတ်ပြန်ဘူးကိုဒေါင်းရဲ့"

'သိနိုင်သမျှ သိပါရစေဆရာ'

"နိုင်ငံရေးသမားတွေက 'ဂျီဟာဒ်စ်' ကို လက်နက်အဖြစ်သုံးတာလေ၊ တရုတ်မှာ 'ရင်' နဲ့ 'ရန်' လို အတွင်းအားနဲ့အပြင်အားကို မျှတစွာသုံးတာ ဂျီဟာဒ်စ်တဲ့ကိုဒေါင်း၊ ဆိုပါတော့ကွယ် ဗုဒ္ဓဘာသာမှာ 'အောင်ခြင်းရှစ်ပါး' မှာ ဖွဲ့သလို 'မာန်နတ်မင်း' မှာ 'လက်ရုံးတထောင်' ရှိတယ်ဆိုတော့ ဗုဒ္ဓကို မာန်နတ်က လက်ရုံးတထောင်နဲ့လာတိုက်တာမဟုတ်ပါဘူး၊ အပြင်က လက်ရုံးတထောင်နဲ့ညီမျှတဲ့တိုက်ခိုက်မှုကို ဗုဒ္ဓကတွန်းလှန်ပစ်တာပါ"

"ပြီးတော့ ဘောလိဝုဒ်မတိုင်မီက အိန္ဒိယကရိုက်ခဲ့တဲ့ 'အင်္ဂုလိမာလ' ကို 'အင်္ဂုလိမား' အမည်နဲ့လေ၊ လက်ညှိုးပေါင်းတထောင်လိုက်လံဖြတ်တော့ ဗုဒ္ဓနဲ့တွေ့တော့ 'ငါကမပြေး၊ သင်ကပြေး၊ ငါကမကြောက်၊ သင်သာကြောက်' နောက်ဆုံးမှာ 'အင်္ဂုလိမာလ' ကျွတ်တမ်းဝင်သွားတယ်မဟုတ်လားကိုဒေါင်း"

'ဂျီဟာဒ်စ်ဆိုတာ အတွင်းအားမွေးဘို့၊ လူတွေကိုလိုက်သတ်ဘို့မဟုတ်ဘူးဆိုတာ အယူမှားနေသူများ အမြန်ဆုံးသိပါစေ'

# အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် သင်္ကန်းကျွန်းမြို့နယ် လပတ်ဆွေးနွေးပွဲကျင်းပ

**DVB ၊ ဂျန်နဝါရီ ၅ ။** ။ သင်္ကန်းကျွန်းမြို့နယ်တွင်းက အကျဉ်းကျခံနေရတဲ့ မင်းကိုနိုင်နဲ့ မဂ္ဂင်ကျောင်းဆရာတော်အပါအဝင် နိုင်ငံရေးအကျဉ်းသားမိသားစုဝင်တွေအပေါ် တတ်နိုင်သလောက်ဝိုင်းဝန်းကူညီပေးခဲ့တဲ့ ကျိုင်းတုံနဲ့ လားရှိုးမြို့နယ်က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင်တွေရဲ့လုပ်ရပ်လိုမျိုး မြန်မာပြည်အနှံ့ကအဖွဲ့ချုပ်ဝင်တွေအနေနဲ့လုပ်ဆောင်ကြဖို့ သင်္ကန်းကျွန်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က တိုက်တွန်းပြောဆိုလိုက်ပါတယ်။

သင်္ကန်းကျွန်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုဥက္ကဋ္ဌဦးညွန့်တင်ရဲ့ ဒီနေ့မနက်ပိုင်းက အသင်းတိုက်မှာပြုလုပ်တဲ့ ၁/၂၀၀၉ လပတ်ဆွေးနွေးပွဲမှာ တိုက်တွန်းပြောဆိုလိုက်တာပါ။ ဒီနေ့အစည်းအဝေးကို မြို့နယ်စည်းအဖွဲ့ဝင် ၉ ဦးအပါအဝင် လူငယ်အဖွဲ့ဝင်တွေနဲ့ လေ့လာသူ ၁၈ ဦးတက်ရောက်ခဲ့ပြီး ဆုံးဖြတ်ချက် ၃ ရပ်၊ မှတ်တမ်းတင်မှု ၂ ရပ် ချမှတ်ခဲ့ပါတယ်။ ဆုံးဖြတ်ချက် ၃ ခု ထဲကတစ်ချို့ကို သင်္ကန်းကျွန်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ပြောရေးဆိုခွင့်ရှိသူ ဒေါ်အေးမြင့်သန်းကပြောပါတယ်။

"သင်္ကန်းကျွန်းမြို့နယ်ကအကျဉ်းကျသွားတဲ့ မင်းကိုနိုင်ဆိုလို့ရှိရင် ကျိုင်းတုံထောင်ကိုရောက်သွားတယ်၊ ရောက်သွားတဲ့အခါ ကျိုင်းတုံကအဖွဲ့ချုပ်အဖွဲ့ဝင်တွေက မိသားစုကိုကူညီတာကြောင့် မိသားစုဟာ အခက်အခဲအနည်းငယ်နဲ့ပဲရင်ဆိုင်ခဲ့ရတယ်၊ ဒါပေမဲ့ သူတို့ကူညီတဲ့အတွက်ကြောင့် အန်တီတို့မိသားစုတွေမှာ အများကြီးပဲစိတ်ချမ်းသာခဲ့ရတယ်၊ နောက်တခါ လားရှိုးထောင်ကိုရောက်နေတဲ့ မဂ္ဂင်ဆရာတော်ကိုလည်းပဲ ဆရာတော်ရဲ့ဆွေမျိုးသားချင်း မလိုက်နိုင်သည့်တိုင်အောင် လားရှိုးမှာရှိတဲ့အဖွဲ့ချုပ် အဖွဲ့ဝင်တွေကနေ သောင်းသောင်းဖျဖျကူညီကြတယ်၊ အဲဒါကြောင့် အန်တီတို့ သင်္ကန်းကျွန်းမြို့နယ်စည်းရဲ့ ၁/၂၀၀၉ ဆွေးနွေးပွဲမှာ ကျိုင်းတုံက နိုင်ငံရေးအကျဉ်းသားတွေကိုကူညီတဲ့ ကျိုင်းတုံ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် တိုင်းစည်းတွေ၊ ပြည်နယ်စည်းတွေ၊ မြို့နယ်စည်းတွေကို သင်္ကန်းကျွန်းမြို့နယ်ကနေ အထူးကျေးဇူးတင်စကားနဲ့ မှတ်တမ်းတင်ဂုဏ်ပြုတယ် ကွယ်၊ အဲဒါကို အန်တီတို့ဆုံးဖြတ်တယ်၊"

လစ်လပ်သွားတဲ့မြို့နယ်စည်းရုံးရေးအဖွဲ့ဝင်နေရာကို အသစ်ရွေးချယ်တင်မြှောက်ပြီး အတည်ပြုဆုံးဖြတ်ချက်နဲ့ မြို့နယ်ဥပဒေအဖွဲ့ကို ဦးကျော်၊ ဦးဝင်းရွှေ၊ ဦးသိန်းထွေး၊ (လက်ရှိတရားရုံးရင်ဆိုင်ခဲ့ထားရသူ ဦးတင်မြင့်) တို့နဲ့ပြင်ဆင်ဖွဲ့စည်းကြောင်း ဆုံးဖြတ်ချက်တွေကိုချမှတ်ခဲ့ပါတယ်။ ဒီနေ့အစည်းအဝေးကနေ အနယ်နယ်အရပ်ရပ်က အဖွဲ့ချုပ်အဖွဲ့ဝင်တွေကိုလည်း ဒေါ်အေးမြင့်သန်းက တိုက်တွန်းထားပါတယ်။

"မြန်မာနိုင်ငံအရပ်ရပ်ကအကျဉ်းထောင်တွေကိုရောက်ရှိသွားကြတဲ့ နိုင်ငံရေး အကျဉ်းကျမိသားစုတွေ ရောက်ရှိလာခဲ့လို့ရှိရင်လည်း အကျဉ်းထောင်တွေရှိရာမြို့တွေက အဖွဲ့ချုပ်အဖွဲ့ဝင်များကလည်း အခုကျိုင်းတုံမြို့နယ်၊ လားရှိုးမြို့က အဖွဲ့ချုပ်အဖွဲ့ဝင်များနည်းတူ ကူညီကြပါလို့ မေတ္တာရပ်ခံပါတယ်"။

# ဝန်ကြီးဌာနပေါင်းစုံ အဂတိလိုက်စားမှု ၅၀၀ နီးပါးရှိ

**NEJ ၊ ဂျန်နဝါရီ ၇ ။** ။ ၂၀၀၈ ခုနှစ် ဂျန်နဝါရီမှ စက်တင်ဘာထိ ၉ လအတွင်း စစ်အုပ်စုဝန်ကြီးဌာနပေါင်းစုံမှ အဂတိလိုက်စားသည့်အမှုပေါင်း ၄၄၈ မှုရှိသည်ဟု ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ကပြောပါတယ်။

မြန်မာစစ်အုပ်စုဝန်ကြီးဌာနပေါင်းစုံ၌ အဂတိလိုက်စားမှုများရှိနေ ကြောင်း မြန်မာစစ်အုပ်စုဘက်မှ ပထမဆုံးအကြိမ် တရားဝင်ထုတ်ဖော်ပြောဆိုခြင်းဖြစ်ပါတယ်။ သို့သော် ထိုအဂတိလိုက်စားသည့် အမှုကျူးလွန်သူများ၏ အမြင့်ဆုံးရာထူးအဆင့်ကို ဖော်ပြထားခြင်းမရှိသည့်အတွက် ဝန်ကြီးနှင့်အထက်ရာထူးယူထားသူများကို အဂတိလိုက်စားမှုကြောင့် အရေးယူထားခြင်းမရှိဆိုသည့်သဘော ရှင်းပြသွားသည့်အတွက် ဝန်ကြီးအဖွဲ့အစည်းအဝေးမှတ်တမ်းဖတ်ရသူအရာရှိများက မကျေမနပ်ဖြစ်နေကြပါတယ်။

"အမှန်တကယ်အဂတိလိုက်စားမှုကိုဖော်ထုတ်မယ်ဆိုရင် ဝန်ကြီးတယောက်မကျန်အရေးယူရမယ်ဆိုတာ လူတိုင်းသိပါတယ်၊ ဝန်ကြီးတယောက်ဘယ်လောက်လာဘ်စားသလဲဆိုတာ သက်ဆိုင်ရာဝန်ကြီးဌာနတွေက ဝန်ထမ်းတွေအသိဆုံးပါ၊ ဒါပေမဲ့ ဝန်ကြီးတွေက ဗိုလ်ချုပ်တွေဆိုတော့ ဘယ်အရေးယူ ပုံမလဲ၊ ဝေစားမျှစားတွေပေါ့၊ ဝန်ကြီးဦးအောင်သောင်းလိုလူမျိုး မတရားသဖြင့်လာဘ်စားတာ စက်မှု ၁ ဝန်ကြီးဌာနတခုလုံး ဝန်ထမ်းတိုင်းသိတာပဲ၊ ဒီလိုဝန်ကြီးတွေ အရာရှိကြီးတွေကျတော့ ၄၄၈ မှုထဲ မှာ ဝန်ကြီးချုပ်က ဘာကြောင့်မထည့်သလဲ မေးချင်တာပေါ့၊ ခုတော့ အောက်ခြေက ဘာမဟုတ်တဲ့ဝန်ထမ်းတွေနှစ်ပြားတပဲစားတာကို ပုံကြီးချဲ့ပြောနေတယ်" ဟု အရာရှိတဦးကရင်ဖွင့်ပါတယ်။

နေအိမ်အကျယ်ချုပ်ကျခံနေရသည့် ဗိုလ်ချုပ်ခင်ညွန့်ကိုဖမ်းဆီးပြီးနောက် အဂတိလိုက်စားမှုနှင့်စွဲချက်တင်ခဲ့သော်လည်း မည်သည့်ကိစ္စများတွင် အဂတိလိုက်စားခဲ့သည်ကို စစ်အုပ်စုဘက်က ယခုထိ တိုင်းပြည်သို့ထုတ်ပြန်နိုင်ခဲ့ခြင်းမရှိပေ။ စစ်အုပ်စု၏ ဝန်ထမ်းများအဂတိလိုက်စားမှုပပျောက်ရေးစီမံချက်တွင် ဝန်ထမ်းများနှင့်မထိတွေ့စေရန် အွန်လိုင်းမှအခွန်ဆောင်ရေးကိစ္စပါသည့်အတွက် အခွန်ဦးစီးဌာနမှအရေးယူခံရသူ များပုံရသည်ဟု ပြောဆိုနေကြပါတယ်။

# ကိုကျော်ကိုကိုအား ထောင်ဆေးရုံတင်

**DVB ၊ ဂျန်နဝါရီ ၅ ။** ။ ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် (ဗကသ) ခေါင်းဆောင် ကိုကျော်ကိုကို အသည်းရောင်အသားဝါရောဂါဖြစ်လို့ ဆေးရုံတင်ထားရတယ်ဟု ဖခင်ဖြစ်သူ ဦးကျော်အေးကပြောပါတယ်။

သားဖြစ်သူ ကိုကျော်ကိုကိုအား ဒီနေ့ထောင်ဝင်စာတွေ့ခဲ့ရာမှာ ဆေးရုံတက်နေရကြောင်း ကိုကျော်ကိုကိုကပြောပြသဖြင့်သိရတာလို့ ဦးကျော်အေးကပြောပါတယ်။ ကိုကျော်ကိုကိုအား အခုလ ၂ ရက်နေ့က မင်္ဂလာတောင်ညွန့်မြို့နယ်တရားရုံးတွင် ရုံးထုတ်စစ်ဆေးအပြီး အော့အန်ခဲ့တာကြောင့် ထောင်ဆေးရုံဆီပို့ဆောင်လိုက်ရတယ်လို့ ဖခင်ဖြစ်သူ ဦးကျော်အေးကပြောပါတယ်။

"သောကြာနေ့ကရုံးထုတ်ပြန်သွားပြီးတော့ အန်လို့ သူ ဆေးမှူးကိုခေါ်တော့ ဆေးမှူးကမရှိဘူးတဲ့၊ စနေနေ့ကလာပြီး သူထပ်အန်တဲ့အခါ သူ့ကို ဆေးရုံတင်ပေးပါတယ်တဲ့၊ မျက်လုံးလည်းဝါ၊ အသားလည်းဝါတဲ့အတွက်ကြောင့် ဒရစ်လည်းသွင်းပေးပါတယ်တဲ့၊ အခုတော့ ဆေးရုံမှာနေပြီးနားနေတာပေါ့၊ အသည်းရောင်အသားဝါဆိုတော့ ဘီပိုးတွေ၊ စီပိုးတွေဖြစ်မှာစိုးလို့ ကြောက်နေတယ်"

ကိုကျော်ကိုကိုဟာ တခါမှ ဒီလို အသည်းရောင်အသားဝါရောဂါ မဖြစ်ဘူးဘူးလို့ ဦးကျော်အေးကပြောပါတယ်။ အသက် ၂၇ နှစ်ရှိ ကိုကျော်ကိုကို ဟာ ရန်ကုန်စီးပွားရေးတက္ကသိုလ်၌ မဟာတန်းတက်နေသူတဦးဖြစ်ပြီး၊ အခုနှစ် မတ် ၁၆ ရက်နေ့က ဖမ်းဆီးခံရတာဖြစ်ပါတယ်။ သူ့ကို ဗွီဒီယိုအက်ဥပဒေနဲ့ တရားစွဲပြီး မရမ်းကုန်းမြို့နယ်နဲ့ မင်္ဂလာတောင်ညွန့်တရားရုံးက ရုံးထုတ်စစ် ဆေးနေတာ ၉ ကြိမ်ရှိသွားပြီလို့ သိရပါတယ်။ စွဲချက်တင်သင့်၊ မတင်သင့် စစ် ဆေးနေတာဖြစ်ပြီး၊ တရားလိုပြသက်သေထွက်ဆိုချက်အရ ဥပဒေနဲ့ငြိစွန်းတာ မရှိတာကြောင့် စစ်ဘက်ရေးရာလုံခြုံရေးမှူးချုပ်ရုံး (စရခ) က တရားလိုပြသက်သေတဦးကိုထပ်ခေါ်ပြီး စစ်နေတာလို့ ဦးကျော်အေးကပြောပါတယ်။

ကိုကျော်ကိုကိုဟာ ပြီးခဲ့တဲ့နှစ် စက်တင်ဘာလ ၂၅ ရက်နေ့က သိန်းနဲ့ချီတဲ့လူထုဆန္ဒပြမှုအတွင်း ရဲရဲတောက်မိန့်ခွန်းတွေပြောကြားခဲ့ပါတယ်။ အာဏာပိုင်တွေက ဖမ်းဆီးဖို့လိုက်လံရှာဖွေရင်း တံတားနီအရေးအခင်းအထိမ်းအမှတ်နေ့ မတ်လ ၁၆ ရက်မှာ ဗကသခေါင်းဆောင်တဦးဖြစ်တဲ့ စီးပွားရေးတက္ကသိုလ်နောက်ဆုံးနှစ်ကျောင်းသား ကိုဉာဏ်လင်းအောင်နဲ့အတူ အာဏာပိုင်တွေကဖမ်းဆီးလိုက်တာဖြစ်ပါတယ်။



# သတင်းတိုထွေထွေဖတ်စရာကဏ္ဍ ကျော်စံကြွေး

## ဗိတ်

ဗိုလ်ချုပ်သန်းရွှေ၏မြေး နည်းပညာတက္ကသိုလ် ဒုတိယနှစ်ကျောင်းသား ဖိုးလပြည့်က မေမြို့ကိုခေါ်ဆောင်သွားခဲ့သူဆိုပြီး အနုပညာလောကနှင့် ပြည်သူများကြားရေပန်းစားနေတဲ့ မော်ဒယ်ဝတ်မှုန်ရွှေရည်၏သတင်းနှင့်ဓါတ်ပုံကို အခြားပုဂ္ဂလိကမဂ္ဂဇင်းနှင့်ဂျာနယ်များတွင် ဖော်ပြခွင့်ပိတ်ပင်ထားသော်လည်း ဒီဇင်ဘာ ၃၁ ရက်နေ့ထုတ် Weekly Eleven ဂျာနယ်တခုတည်းသာဖော်ပြခွင့်ရခဲ့ကြောင်း စာနယ်ဇင်းအသိုင်းအဝိုင်းက ပြောပြကြပါတယ်။ **(NEJ, 7.1.2009)**

## တစည က အဆင်သင့်တဲ့

မဆလတဖြစ်လဲ တစည်ပါတီဟာ နအဖရဲ့ ၂၀၁၀ ရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးမှုတွေလုပ်ဖို့ အဆင်သင့်ဖြစ်နေပြီလို့ သိရပါတယ်။ ပါတီဥက္ကဌ ဦးထွန်းရီ(ဗိုလ်ချုပ်ကြီးဟောင်း)က လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ်နဲ့ ပါတီဝင်တွေကို အခုနှစ်မှာ စည်းရုံးရေးလုပ်ငန်းတွေကို အဓိကထားလုပ်မယ်လို့ပြောတာကို သတင်းမှန်ဂျာနယ်မှာရေးသားထားပါတယ်။

**(IRRAWADDY, 7.1.2009)**

## မြန်မာပြည်သွား ဂျပန်များ

မြန်မာပြည်ကိုအလည်အပတ်သွားတဲ့ ဂျပန်လူမျိုးတွေရဲ့အရေအတွက်ဟာ ၂၀၀၈ ခုနှစ် ဂျန်နဝါရီကနေ စက်တင်ဘာအထိ ၉ လတာကာလအတွင်း ၂၉၉၀ ဦးပဲရှိကြောင်းနဲ့ ၂၀၀၇ ခုနှစ်တုန်းကဆိုရင် ၉၃၁၉ ဦး ရှိခဲ့တဲ့တယ်လို့ သိရပါတယ်။ ၂၀၀၇ ခုနှစ် စက်တင်ဘာလနှောင်းပိုင်းက သံဃာတွေကို စစ်အုပ်စုက နှိပ်ကွပ်ခဲ့တာနဲ့ ၂၀၀၈ ခုနှစ် မေလဆန်း နာဂစ်မုန်တိုင်းတိုက်ခတ်မှုတွေကြောင့် နိုင်ငံခြားခရီးသည်တွေ ၂၅ ရာခိုင်နှုန်းကျဆင်းခဲ့တယ်လို့ သိရပါတယ်။ **(JAPAN TIMES, 8.1.2009)**

## အာဧချးကျွန်းပေါ်ရောက်ဒုက္ခသည်

ရာဂဏန်းချီရှိတဲ့သူတွေ အင်ဒိုနီးရှားနိုင်ငံရဲ့အနောက်မြောက်ပိုင်း အာချေးပြည်နယ်ကကျွန်းကလေးတကျွန်းပေါ်မှာ တွေ့လိုက်ရကြောင်းနဲ့ သူတို့တတွေဟာ မြန်မာနိုင်ငံနဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွေကဖြစ်ပြီး အစာရေစာပြတ်လပ်ကာ အားအင်ချိနဲ့နေတဲ့အတွက် ဆေးရုံမှာ ကုသမှုပေးရတယ်လို့ သိရပါတယ်။

**(VOA, 6.1.2009)**

## အစောင့်အကြပ်အောက်မှ ရက်လည်ဆွမ်းကျွေး

မန္တလေးမြို့က လူရွှင်တော်ပါပါလေးနဲ့ ကိုလူမော်တို့ရဲ့ဖခင် ခေတ်ဟောင်းလူရွှင်တော်ကြီး ဦးညိုသန်းရဲ့ ရက်လည်ဆွမ်းကျွေးတရားနာပွဲကို အာဏာပိုင်တွေဘက်က အနီးကပ်စောင့်ကြည့်မှုတွေရှိခဲ့တယ်လို့ လူရွှင်တော်ပါပါလေးကပြောပါတယ်။ ပါပါလေးနေအိမ်မှာ တခုခုလုပ်တိုင်း အဲန်အဲလ်ဒီက အမြဲလိုလိုလာတဲ့အတွက် အာဏာပိုင်တွေက နေရာစုံ ထောင့်ပေါင်းစုံမှ စောင့်ကြပ်ကြည့်ပြီး ဗွီဒီယိုမှတ်တမ်းအပြည့်အဝရိုက်တယ်လို့ သိရပါတယ်။ **(DVB, 3.1.2009)**

## ကချင်လည်း ၂၀၁၀ ဆန့်ကျင်

ကချင်အမျိုးသားအစည်းအရုံး KNO ပြည်ပက စစ်အုပ်စုက ပြင်ဆင်နေတဲ့ ၂၀၁၀ ရွေးကောက်ပွဲကို ဆန့်ကျင်တိုက်ပွဲဝင်သွားမယ်လို့ ဆိုလိုက်ပါတယ်။ KNO က နိုင်ငံရေးအရတင်မပဟုတ် ကျန်တဲ့တိုင်းရင်းသားအင်အားစုများ၊ ဒီမိုကရေစီအင်အားစုတွေနဲ့ပူးပေါင်းပြီး လက်နက်ကိုင်နည်းလမ်းအရပါ ဆက်တိုက်သွားမယ်လို့ အခိုင်အမာပြောဆိုလိုက်ပါတယ်။ **(MIZZIMA, 9.1.2009)**

## စက်မှု ၁ ဝန်ထမ်းနှင့် လိမ် ၄ လိမ်

နေပြည်တော်စက်မှု ၁ ဝန်ကြီးဌာနလက်အောက်ရှိ လုပ်ငန်းဌာနကြီး ၆ ခုမှ အရာထမ်းအမှုထမ်းများမှာ ဝန်ကြီးဦးအောင်သောင်း အလိုကျ လိမ်ပေးနေရသည့်အတွက် လိမ် ၄ လိမ်နှင့်အလုပ်လုပ်နေရသည်ဆိုပြီး ဝန်ထမ်းများ ကြားပြောဆိုနေကြပါတယ်။ အဆိုပါလိမ် ၄ လိမ်မှာ ကုန်ပစ္စည်းများမထုတ်ဘဲ အထုတ်ပြပြီးလိမ်နေရခြင်း၊ မမြတ်ဘဲနှင့် မြတ်ပါသည်ဆိုပြီး လိမ်၍အမြတ်ပြရခြင်း၊ ဌာနငွေမသုံးဘဲနှင့် သုံးပါသည်ဆိုပြီး လိမ်နေရခြင်း၊ လက်ကျန်မရှိပါဘဲ ရှိပါသည်ဆိုပြီး လိမ်နေရခြင်းတို့ဖြစ်သည်ဟု စက်မှု ၁ စက်ရုံဝန်ထမ်းတဦးကပြောပါတယ်။

**(NEJ, 6.1.2009)**

## ဘုရားစာနှင့်လွတ်မြောက်ရေး

စစ်အစိုးရရဲ့လက်အောက်ကနေ မြန်မာပြည်သူတွေ လွတ်မြောက်ရေးအတွက်ရည်စူးပြီး ပြည်ပရောက် မြန်မာ့ဒီမိုကရေစီအင်အားစု ၂ စုဖြစ်တဲ့ မြန်မာပြည်လွတ်မြောက်ရေးအဖွဲ့ချုပ်နှင့် ရှမ်းပြည်လူ့အခွင့်အရေးအဖွဲ့တို့ပူးပေါင်းပြီး ဂျန်နဝါရီ ၇ ရက်ကစပြီးတော့ ပဲခူး၊ ပြည်၊ တောင်ငူ၊ မန္တလေး၊ စစ်ကိုင်း၊ မုံရွာ၊ တောင်ကြီး မြို့တွေမှာရှိတဲ့ စေတီပုထိုးတွေမှာ ပရိတ်ကြီး ၁၁ သုတ်စာအုပ်လေးတွေကို မြန့်ချိကာ ရွတ်ဆိုဆုတောင်းတဲ့ လှုပ်ရှားမှုကို တလကြာလုပ်မယ်လို့ သိရပါတယ်။ **(DVB, 8.1.2009)**

## နယ်စပ်တိုက်ပွဲသစ်

မဲဆောက်မြို့နားက အုန်းဖျန်ဆိုတဲ့ ရွာမျက်နှာချင်းဆိုင်မှာရှိတဲ့ ကေအဲန်ယူရဲ့စခန်းတခုကို ဒီကေဘီအေနဲ့ နအဖစစ်တပ်တို့ပေါင်းပြီး တိုက်ခိုက်ခဲ့တယ်လို့ သိရပါတယ်။ အကဲခတ်တွေကတော့ နအဖက မတ်လ ၂၇ မတိုင်မီ ကေအဲန်ယူစခန်းတခုကို သိမ်းပိုက်နိုင်ဖို့ကြိုးပမ်းချက်တခုဖြစ်တယ်လို့ ပြောပါတယ်။ ဒါ့အပြင် နယ်စပ်ဖြတ်ကျော်ပြီး ကေအဲန်ယူကို လျှပ်တပြက်တိုက်ခိုက်မှုတွေလုပ်ဖို့စီစဉ်နေတယ်လို့လည်း ဆိုပါတယ်။ **(MIZZIMA, 9.1.2009)**

## ဆန်ဈေးကျ၍ပြည်ပပို့သူထိခိုက်

ကမ္ဘာ့ဆန်ဈေးကွက်မှာ ဈေးကျနေတဲ့အတွက် မြန်မာပြည်ကဆန်တင်ပို့တဲ့သူတွေလည်း ထိခိုက်မှုရှိတယ်လို့ သိရပါတယ်။ ဆန်အကျိုး ၂၅ ရာခိုင်နှုန်းပါတဲ့ မြန်မာ့ဆန် တတန်ကို ဒေါ်လာ ၂၅၀ ပေါက်ဈေးရှိပြီး အဲဒီအထဲက ၁၀ ရာခိုင်နှုန်းကို ပို့ကုန်ခွန်ပေးရတဲ့အတွက် တင်ပို့သူတဦးဟာ ၂၂၅ ဒေါ်လာပဲရပါတယ်။ ကုန်သည်တဦးက ပြီးခဲ့တဲ့လအနည်းငယ်က တတန်ကို ဒေါ်လာ ၂၆၀နဲ့ ဝယ်ထားရတဲ့အတွက် အခုဈေးနဲ့ အရှုံးပေါ်နေပြီလို့ ဆိုပါတယ်။ ဗီယက်နမ်က ၂၅ ရာခိုင်နှုန်းဆန်ဟာ ဒေါ်လာ ၃၃၅ ပေါက်ဈေးရှိပြီး မြန်မာ့ဆန်ကတော့ ကြိတ်ခွဲမှုအရည်အသွေးညံ့လို့ အခုလိုဈေးနည်းတာပါ။ **(REUTERS, 9.1.2009)**

# အမြင်မတော် ဆင်တော်နဲ့ခလောက်

**ဒုဗိုလ်မှူးကြီးအေးမြင့်(ငြိမ်း)**
**ကြည်း-၈၅၆၃**

အသက်ကလေးကလည်းရလာ၊ ကျန်းမာရေးကလည်း အရင်လို မကောင်းတော့လို့၊ အင်တာနက်ကရေဒီယိုနားမထောင်နိုင်တော့သလို၊ ပစ္စက္ခ ဖြစ်ပျက်နေသမျှ ဘာမှကိုမဖတ်မိတော့တာမို့ စာမရေးနိုင်ခဲ့တာပင်ကြာခဲ့ပါပြီ။

တလောကတော့ ဒူးမနာသား၊ အမောင်ကျောင်းသားလေးက ထူးခြား အံ့သြစရာကောင်းတဲ့သတင်းနဲ့ဓါတ်ပုံပါ၊ အင်တာနက်သတင်းပုဒ်ကိုကူးယူလို့ လာပေးတာ လက်ခံရရှိလိုက်ပါတယ်။ အမှတ်မထင်တွေ့လိုက်ရတော့ စိတ် မကောင်းဖြစ်ခဲ့ရသလို ဒေါသပါပွါးခဲ့မိလို့ ဒီဆောင်းပါးလေးကို ကောက်ကာ ငင်ကာရေးလိုက်မိပါတော့တယ်။

ကျနော်တို့မြန်မာမှုနယ်ပယ်မှာ မျက်စိစပါးမွေးစူးစရာ၊ ခိုးလိုးခုလုရှုမြင် စရာ၊ မတန်မရာများတွေ့ခဲ့ရလျှင် ဒေါသအလျောက် မြည်တမ်းခဲ့ကြလေ့ရှိပါ တယ်။ “အမြင်မတော် ဆင်တော်နဲ့ခလောက်” တဲ့ခင်ဗျ။ မှန်ပါတယ် မြင်ရပုံ ကလည်း စိတ်မသိုးမသန့်ဖြစ်စရာမြင်ကွင်းပါပဲဗျာ။ အမဲရိုးက ဟင်းအိုးမှအား မနာ သန်းရွှေလုပ်ပုံဟာ ရင်နာစရာပါပဲ။

မေမြို့စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ် ၅၁ ရဲ့သင်တန်း ဆင်းပွဲအခမ်းအနားမှာ တွေ့လိုက် သိလိုက်ရတာပါ။ ဒီခိုးလိုးခုလုမြင်ကွင်းမျိုး ကို ကျနော်တို့တပ်ထဲမှာရှိစဉ်ကရော၊ နောက်ပိုင်း စစ်မှုထမ်းဟောင်းဘဝမှာ ပါ တခါမှမမြင်ဘူးခဲ့တဲ့ အံ့သြစရာမြင်ကွင်းဖြစ်ပါတယ်။ စစ်သင်တန်းကျောင်း ဆင်းပွဲဆိုတာဟာ တပ်မတော်နေ့အခမ်းအနားမှအပ အခမ်းနားဆုံး အလှပဆုံး တန်ဖိုးအရှိဆုံး စစ်တပ်ရဲ့စစ်ရေးပြအခမ်းအနားတခုဖြစ်ပါတယ်။

အထူးသဖြင့် သင်တန်းဆင်းပွဲအခမ်းအနားများအနက် စစ်တက္ကသိုလ် သင်တန်းဆင်းပွဲစစ်ရေးပြအခမ်းအနားဟာ အဆင့်အတန်းအမြင့်မားဆုံး အလှ ပဆုံးနဲ့ တန်ဖိုးအရှိဆုံး စစ်အခမ်းအနားတခုဖြစ်ပါတယ်။ စစ်ဦးစီးချုပ်ကိုယ်တိုင် တက်ရောက်တဲ့ပွဲဖြစ်သလို ရှေ့တန်းထိုင်ခုံနေရာများတွင် တပ်မတော်ရဲ့ထိပ် တန်းအကြီးအကဲ၊ စစ်ခေါင်းဆောင်၊ အရာရှိကြီးများသာ အစဉ်အလာအရ ရှေ့ တန်းတင်ပွဲထုတ်ပြသတဲ့ပွဲဖြစ်ပါတယ်။ ၁၉၅၉ ခုနှစ်မှစလို့ သမားရိုးကျ ဒီအစဉ် အလာအတိုင်း ကျင်းပခဲ့ကြတာပါ။ အစိုးရအဖွဲ့ဝင် ဝန်ကြီးများပင်လျှင် အခမ်း အနားရဲ့ရှေ့ဆုံးတန်း VIP ထိုင်ခုံမှာထိုင်တာ မတွေ့ခဲ့ရဘူးခင်ဗျ။

၅၁ ကြိမ်မြောက်သင်တန်းဆင်းပွဲမြင်ကွင်းမှာတော့ ရှေ့ဆုံးတန်း အထူး ထိုင်ခုံကြီးများမှာ ထိပ်တန်းစစ်ဗိုလ်ချုပ် တဦးတလေမှမတွေ့ရဘဲ နောက်ဆုံး ပေါ် ဇရာအိုစစ်ဦးစီးချုပ်၊ ပြုတ်မနူး၊ ဥစ္စာရူး၊ ဘုရင်ရူး၊ ကံကြီးထိုက်သန်းရွှေနဲ့ ဇနီး၊ သမီးများနဲ့ မြေးမျောက်မူးလဲ အော်ဂလီဆန်စရာလေးတို့က ခန့်ခန့်ကြီး ထိုင်ကာ နေရာယူထားတာတွေ့ရလို့ စက်ဆုပ်ရွံရှာဘွယ်ရာတွေ့ရပါတယ်။

စစ်တက္ကသိုလ်သင်တန်းဆင်းစစ်ရေးပြအခမ်းအနားဆိုတာဟာ စစ်ဦး စီးချုပ်နဲ့ တပ်မတော်ထိပ်တန်းစစ်ဗိုလ်ချုပ်၊ တပ်အကြီးအကဲများနဲ့ ဗိုလ်လောင်း ကျောင်းသားများရဲ့ မိဘ၊ မောင်ဘွား၊ အုပ်ထိန်းသူများနဲ့သာ တိုက်ရိုက်သက် ဆိုင်တဲ့၊ စစ်တပ်အခမ်းအနားတခုသာဖြစ်ပါတယ်။ စစ်ဗိုလ်ချုပ်သား၊ သမီး၊ မြေး၊ မြစ်တို့အတွက် ပွဲထုတ်ပြသတဲ့ပွဲမဟုတ်ဘူးခင်ဗျ။

တပ်မတော်ရဲ့ တချိန်ကစစ်ဦးစီးချုပ်ဖြစ်ခဲ့သူ သမိုင်းအစဉ်အလာကြီး မားခဲ့ဘူးတဲ့ သွားလေသူ ဗိုလ်ချုပ်ကြီးနေဝင်းပင်လျှင် ဒီလိုစစ်ရေးပြပွဲများမှာ သား၊ သမီး၊ မြေးတို့ကို အစဉ်အလာကိုမျက်ကွယ်ပြုလို့ ရှေ့တန်းတင်ပွဲထုတ် ပြသခဲ့တာ မတွေ့ခဲ့မိပါဘူး။ စစ်ဦးစီးချုပ်များဖြစ်ခဲ့တဲ့ ဗိုလ်ချုပ်ကြီးစန်းယု၊ ဗိုလ် ချုပ်ကြီးသူရတင်ဦး၊ ဗိုလ်ချုပ်ကြီးသူရကျော်ထင်၊ ဗိုလ်ချုပ်ကြီးစောမောင်တို့ လည်း ဒီနေ့လို အမြင်မတော် ဆင်တော်နဲ့ခလောက် သရုပ်ပြအမွန်းတင်မှုမျိုး လုပ်ခဲ့တာ တကြိမ်တခါမှမတွေ့ခဲ့ဘူးပါဘူး။

ဗိုလ်လို့အကျည်းတန်အရုပ်ဆိုးတာက စစ်ရေးပြပွဲနဲ့ဘာမှမဆိုင်တဲ့ ဗိုလ် သန်းရွှေရဲ့အဆွယ်အပွါး တန်ဖိုးမရှိတဲ့ သမီး၊ မြေးမျောက်မူးလဲတို့က ရာရာ သသ၊ ရှေ့တန်းအထူးဆိုဖာထိုင်ခုံများမှာ အငြိမ့်သားထိုင်ခွင့်ရကြပြီး၊ သင်တန်း ဆင်းစစ်ရေးပြပွဲနဲ့ အစဉ်အလာအရ ပတ်သက်ယှက်နွယ်အကျုံးဝင်တဲ့ တပ် မတော်ထိပ်တန်းစစ်ခေါင်းဆောင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ဒုဗိုလ်ချုပ်ကြီးသီဟ သူရတင်အောင်မြင့်နဲ့အတူ စစ်ဗိုလ်ချုပ်များက နောက်တန်းသာမန်ထိုင်ခုံမှာ မဝင့်မကြွား ကုပ်ကုပ်လေးထိုင်နေတာတွေ့ရလို့ သူတို့ကိုသနားမိပါတယ်။

ဒီလိုနေရာချ ပွဲထုတ်ရှေ့တန်းတင်၊ လူမြင်သူမြင်ပြသမှုကို ဘဝင်မကျ လို့ထင်ပါရဲ့၊ ဒုစစ်ဦးစီးချုပ် ဒုဗိုလ်ချုပ်မှူးကြီးမောင်အေးက တက်ရောက်ခြင်း မရှိတာ သတိပြုမိပါတယ်။ ဒီလိုသရုပ်ပျက်အစဉ်အလာကို မျိုးဖျက်ပြီး ပြုတ်မနူး

**တဘက်သို့**



# မီတာမသုံးသည့် စီးတီးတက္ကစီများ လုပ်ငန်းလိုင်စင်သိမ်းမည်

**NEJ ၊ ဂျန်နဝါရီ ၆ ။** ။ ရန်ကုန်တွင် CNG ပြောင်းပြီးသော စီးတီးတက္ကစီများ၌ တက္ကစီမီတာတပ်ဆင်မှုပြုတင်ထားသော်လည်း မီတာကိုအသုံးမပြုဘဲ မောင်းနှင်သည်ကိုတွေ့ရှိပါက လုပ်ငန်းလိုင်စင်သိမ်းကာ စီးတီးတက္ကစီအဖြစ်မှ ပယ်ဖျက်မည်ဖြစ်သည်ဟု ရန်ကုန်ရှိတက္ကစီမောင်းသူများထံမှသိရပါတယ်။

“အစိုးရကတော့ ရာဇသံနဲ့ အာဏာတွေအပြည့်သုံးနေပြီ၊ ဘယ်လိုမှ ဒီမီတာကိုသုံးလို့မှမရတာ၊ စီးတဲ့လူ မောင်းတဲ့လူ ဒီနှစ်ယောက်ရဲ့ နားလည်မှုနဲ့ပဲ လုပ်နေကြတာပဲ၊ ခရီးနီးရင် မီးပွိုင့်စောင့်ရတာနဲ့ ယာဉ်ကြောကျပ်လို့ကြာတာနဲ့ အဲဒီအချိန်တွေကိုစောင့်ဆိုင်းနေရတာလည်း ငွေကတက်နေတာပဲ၊ မြို့တွင်းကနေ တာမွေကိုငှါးစီးမယ်ဆိုရင် မီတာနဲ့ ၁၃၀၀ လောက်ပေးရတယ်၊ မီတာမပြရင် ၁၂၀၀ နဲ့ပြတ်တယ်၊ ဒါ ဥပမာတခုပါ” ဟု စီးတီးတက္ကစီမောင်းသူတဦးကပြောပါတယ်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီက ထုတ်ပြန်ထားသည်ဟု CNG ပြောင်းပြီးယာဉ်စာရင်းနှင့် မီတာတပ်ဆင်ပြီးယာဉ်စာရင်းတို့ကိုတိုက်ဆိုင်စစ်ဆေးပြီး မီတာမပြသည်ကိုတွေ့ရှိပါက ကညနမှ လုပ်ငန်းလိုင်စင်သက်တမ်းခွင့်မပြုခြင်းလိုင်စင်အနီ မှ ကိုယ်ပိုင်နံပါတ်အနက်ကိုပြောင်းပစ်မည်ဖြစ်ခြင်းနှင့် စီးတီးတက္ကစီမှ ပယ်ဖျက်ခြင်းတို့ကို ဆောင်ရွက်ကြမည် ဟု သိရပါတယ်။

“မီတာတပ်ရင် တခု ၁ သိန်းကို အရစ်ကျနဲ့ပေးရတယ်၊ ၃ ရစ်ကြေပေ့ါ၊ စဝယ်တာနဲ့ ၁ သိန်းပေးရတယ်၊ ဒီငွေတွေကိုရင်းနှီးထားရတာ အလကားအမြဲပွါယ်မရှိဘူး၊ အစိုးရမိသားစုအသိုင်းအဝိုင်းကုမ္ပဏီတွေချည်း ပေါင်းစားကြတော့ မြို့တော်အဆင့်မြှင့်တင်ရေးမှာ စီးတီးတက္ကစီကိုမီတာတပ်တာက အရေးပါသလား၊ လမ်းတွေ့ကျတော့ပစ်ထားပြီး ပြောရရင် ကျနော်တို့တတွေက အာဏာရှင်အောက်ကလူတွေပါ” ဟု တက္ကစီမောင်းသူတဦးကပြောပါတယ်။

ယခုအခါ ရန်ကုန်၌ စီးတီးတက္ကစီစီးရေ ၁၅၅၀၀ ကျော်ရှိသည့်အနက် CNG ပြောင်းလဲပြီးယာဉ်မှာ ၁၂၂၀၀ကျော်ရှိကြောင်း၊ ယင်းတွင် မီတာတပ်ဆင်ပြီးယာဉ် ၉၈၀၀ ရှိကြောင်း သိရှိရပါတယ်။ မီတာတပ်ဆင်ရန်ကျန်သော CNG ယာဉ်များကို အဆိုပါကုမ္ပဏီများတွင်သွားရောက်တပ်ဆင်ကြရန် စီးတီးတက္ကစီယာဉ်ပိုင်ရှင်များအား နောက်ဆုံးသတိပေးထားကြောင်း သိရပါတယ်။

---

**တဘက်မှ**

ဘုရင်ရူးသန်းရွှေရဲ့လုပ်ရပ်ကို စောက်ရုက်လက်စ်စွာနဲ့ မျက်နှာပြောင်တိုက်ကာ ငုံ့ခံ နေထိုင်ကျင့်ကြံနေကြတဲ့ ဗိုလ်ယုတ်ကြီးများ၊ ဗိုလ်စုတ်ကြီးများ၊ ဗိုလ်ရှုပ်ကြီးများကို ကျနော် ဘယ်လိုမှနားလည်လို့မရဘူးခင်ဗျ။ မမှန်မကန်၊ မလျော်မကန်၊ မတော်မှန်စွာလုပ်စားနေတဲ့ သန်းရွှေရဲ့ညာဉ်ဆိုးကို တိတိကျကျ မှန်မှန်ကန် ကန်မြန်မြန်ဆန်ဆန် ဝေဖန်ထောက်ပြ ဆန့်ကျင်သင့်ကြတာပေ့ါ။

ဗိုလ်ကောင်းဆိုတာ မာန်ရှိရမယ်၊ သတ္တိရှိရမယ်၊ တပ်မတော်ရဲ့သမိုင်းအစဉ်အလာကို ရဲရဲဝံ့ဝံ့၊ ထဲထဲဝင်ဝင်၊ ပီပီပြင်ပြင်အလေးဂရုပြုပြီး ထိန်းသင့်ကြပါတယ်။ ဒူးနေရာဒူး တော်နေရာတော်ပေ့ါဗျာ။ နေရာတကာမှာ ဇနီး၊ သား၊ သမီး၊ မြေးတို့ကို အခုလို အမြင်မတော် ဆင်တော်နဲ့ခလောက်၊ ကတောက် ကတက်၊ ရှေ့တန်းတင်ပွဲထုတ်ပြသလွန်းတာကတော့ အရမ်းကိုတရားလွန်နေပြီ ခင်ဗျ။ “ယိုသူမရှက် မြင်သူရှက်” ဆိုတာလို ဒီနေ့တပ်မတော်က သောက်ရှက်လက်စ်ဗိုလ်တုပ်ကြီးများမရှက်ကြပေမဲ့ အငြိမ်းစားဒုတိယဗိုလ်မှူးကြီးအေးမြင့်ကတော့ ရှက်လွန်းလို့ မျက်နှာကိုဓါးနဲ့တောင်လှီးချင်တဲ့အထိရင်နာလွန်းလှပါတယ်။

ကျနော်တို့မြန်မာမှုနယ်ပယ်မှာ ဆိုရိုးစကားတခုရှိပါတယ်။ “တမင်းပြောင်းမှ တမင်းအကြောင်းသိ” တဲ့ခင်ဗျ။ အာဏာရှင်အရင့်အမကြီး ဗိုလ်ချုပ်ကြီးနေဝင်းကို သတိရမိသေးရဲ့။ သမိုင်းအစဉ်အလာ အတွေးအခေါ်နဲ့ လုပ်နည်းလုပ်ဟန်ပါ ပြုတ်မနူး ဘူကောင်သန်းရွှေနဲ့ မဆီရယ်တဲ့မှမဆိုင်၊ မသတီစရာကောင်းမှကောင်းပဲ။ ဗိုလ်နေဝင်းက တပ်မတော်ကိုအသုံးချတဲ့နေရာမှာ အာဏာရှင်တစု မဆလပါတီတခုအတွက်သာ ရှေ့တန်းတင်ခဲ့တာပါ။ ဘုရင်ရူးသန်းရွှေ၊ ဓမ္မန္တရာယ်ကတော့ တပ်မတော်ကို သူ့ရဲ့ဇနီး၊ သား၊ သမီး ဆပ်စလူးများနဲ့ မြေးမျောက်မူးလဲ အော်ဂလီဆန်စရာလေးအတွက်ပါ ပယ်ပယ်နယ်နယ်သုံးစားနေပါရော့လား အရပ်ကတို့။

နအဖစစ်အစိုးရ တရားဝင်ပွဲလမ်းသဘင်များတွင် ဇနီး၊ သား၊ သမီး၊ မြေးတို့ကို ရှေ့တန်းတင်ပွဲထုတ်ကြော်ငြာတာ မထောင်းတာလှပေမဲ့ တပ်မတော်ရဲ့ အရေးပါ ပဓါနကျလှတဲ့ စစ်တက္ကသိုလ်ဗိုလ်လောင်းကျောင်းဆင်းပွဲ စစ်ရေးပြအခမ်းအနားကြီးမှာ သက်ဆိုင်သူစစ်ဗိုလ်ချုပ်များသာရှိသင့်တဲ့ ရှေ့တန်းနေရာများမှာ ဇနီး၊ သား၊ သမီးနဲ့မြေးတို့ကိုနေရာချထားပြီး၊ စစ်ဗိုလ်ချုပ်များကို နောက်တန်းနေရာမှာချထားတဲ့အခင်းအကျင်းဟာဖြင့် အတိတ်သမိုင်းက ပဒေသရာဇ်ခေတ်ဘုရင်မင်းတျားကြီးများ မင်းခမ်းမင်းနားဆင်ယင်ကျင်းပပုံနဲ့ ချွတ်စွပ်ကိုတူနေပါရောလားဗျာ။

ပြုတ်မနူး ဘုရင်ရူးသန်းရွှေရော တာလပေါမဟောသီ ဒေဝီကြိုင်ကြိုင်သာမက ပြူးတူးပြဲတဲ၊ မဲမဲတူတူ၊ ပြူစူစူသမီးများနဲ့ မျောက်မူးလဲ ထူးကဲတဲ့မှင်စာ နေရွှေသွေးအောင် (ခ) ဖိုးလပေပ်တို့က သူတို့ရဲ့လက်အောက် ငယ်ကျွန်များ က ခခယယ၊ ကျိုးကျိုးနွံနွံ၊ အရိုအသေပေးဆက်ဆံကြတာကို အရမ်းသဘော ခွေ့၊ မနောတွေ့ကာ သည်းခြေခိုက်၊ အကြိုက်တွေ့နေကြတယ်ဆိုပဲဗျ။ “ဘုန်းကြီး ရူးနဲ့ လှေလူး” အညမည၊ သဟဇာတတည့်နေကြတယ်ထင်ပါရဲ့။

ဟိုတချိန်ကတော့ ဦးနေဝင်း ဘုန်းမီးနေလတောက်ပစဉ်မှာ နေဝင်းမင်းဆက်ထူထောင်မယ်ရယ်လို့၊ နိုင်ငံရေးပြက်လုံးဟာသ ရေပန်းစားခဲ့တာ သတိပြုမိခဲ့ဘူးပါတယ်။ ဒါပေမဲ့ ဖြေသာတယ်လို့ဆိုရမှာပေ့ါလေ။ သတင်းကြီးတဲ့ သမီးကြီးစန္ဒာဝင်းက ပညာတတ်၊ ဆရာဝန်၊ ဗိုလ်မှူးအဆင့်အထိရခဲ့ဘူးသူ ခင်ဗျ။ မြေးဆိုး သွေးဆိုးလေးတယောက်ဆိုရင် အင်္ဂလန်တက္ကသိုလ်တခုက ဘွဲ့ရတာတဲ့။ ဒါပေမဲ့ သနားစရာကောင်းတာက အခုလို ဗိုလ်ယုတ်ကြီးတို့ရဲ့ အရှေ့ထူးကဲတဲ့မင်းခမ်းမင်းနား ရှယ်ဆိုဖာကြီးများပေါ်မှာ တကြိမ်တခါမျှ ရှေ့တန်းတင်ပွဲထုတ်တာ မခံစားရရှာပါဘူး။

ဝါရင့်နိုင်ငံရေးသမားကြီး သခင်ချန်ထွန်းကတော့ “သန်းရွှေမင်းဆက်” ထူထောင်ဘို့ ယုတ္တိဗေဒဆန်တဲ့အကြံအဖန်တွေလုပ်နေလေရဲ့လို့ ဟောကိန်းထုတ်တာကြားဘူးပါတယ်။ ဖြစ်နိုင်ခြေတော့ တွေ့နေရပါတယ်။ သမီးချာတူးလန်တွေ၊ ဆရာဝန်မဖြစ်နိုင်တော့ တရုတ်ပြည်က “ပေါ၊ ချောင်၊ လွယ်” မာစတာဘွဲ့ကို “ဝမ်ဆွေ့” ဘာသာရပ်နဲ့ရယူခဲ့ပြီး၊ နိုင်ငံခြားရေးရုံးမှာ ရာထူးခန့်ထားပေးသတဲ့။ မြေးချစ်ကလေး ဖိုးလပေပ်ကို စင်္ကာပူသို့ပို့လွှတ်ပြီး ပညာသင်ခဲ့ပေ မယ့် “အုန်းသီးခွဲစားတဲ့ပညာသာ” ရခဲ့လို့၊ ပြည်တွင်းဖြစ်ဒေါက်တာဘွဲ့ရဘို့မန်းမှုတ်နေတယ်လို့ ပြောကြတာပဲ။

နားရှိလို့သာကြားနေရ၊ မျက်စိရှိလို့သာမြင်နေရပါတယ်၊ ကြားရမြင်ရတာ အကုသိုလ်ဖြစ်လွန်းရပါတယ်။ ရင်နာရတာ လွန်ပါရော။ ၂၀၁၀ ရဲ့ နောက်ပိုင်းကို မတွေးရဲတော့ဘူးဗျာ။ တိုင်းပြည်ကြီးအတွက်သာမက ကျနော်ချစ်တဲ့တပ်မတော်ကြီး၊ သံယောဇဉ်ကြီးရလွန်းတဲ့တပ်မတော်ကြီး၊ ဘယ်အထိတိုးတက်ပျက်စီးဦးမယ်မသိဘူး။ သမိုင်းဝင်အစဉ်အလာကြီးတဲ့တပ်မတော်ကြီး ကို ဗိုလ်ကောင်းများကယ်ကြပါဦး။ နောင်တခေတ်ရဲ့အောင်စစ်သည် ညီငယ်တို့ကယ်ကြပါဦးကွာ။

ဒို့က အခု ၇၃ နှစ်ပြည့်ပြီမို့ ဘာမှမလုပ်နိုင်၊ မလုပ်တတ်တဲ့ ဇရာအို ဘဝနဲ့ သေမင်းတံခါးဝနားကပ်နေပြီဟေ့။ မင်းတို့လူငယ်လူရွယ်ကလေးတွေကို အားကိုးပါတယ်။ ဇရာအို၊ ပြုတ်မနူးကြီးကို နူးအောင်ပြုတ်မနေကြနဲ့တော့၊ မီးဖိုထဲထည့်ပြီးသာ ဖုတ်လိုက်ကြတော့ဟေ့။

# ဒေါ်စုအိမ်ရှေ့မှ ထူးခြားသည့်ဆိုင်းဘုတ်

**DVB ၊ ဂျန်နဝါရီ ၅ ။** ။ နေအိမ်အကျယ်ချုပ်နဲ့ ဖမ်းဆီးထိန်းသိမ်းထားခြင်းခံရသူ ဒေါ်အောင်ဆန်းစုကြည်ရဲ့ နေအိမ်ရှေ့မှာ ကြွေးကြော်သံအသစ်ဆိုင်းဘုတ်တခုတင်ထားတာကိုတွေ့ ရတယ်လို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ပြန်ကြားရေးအဖွဲ့ကပြောပါတယ်။

အောက်ခံဆေးအနီရောင်သုတ်ထားတဲ့ပိတ်စပေါ်မှာ "တိုင်းပြည်နဲ့လူထုအကျိုးရှေးရှုပြီး ပြတ်ပြတ်သားသားဆောင်ရွက်ကြ။ ပုံ–ဗိုလ်ချုပ်အောင်ဆန်း" ဆိုတဲ့စာတန်းကို အဝါရောင်နဲ့ ရေးသားထားတဲ့ဆိုင်းဘုတ်အသစ်ဖြစ်တယ်လို့ ပြန်ကြားရေးအဖွဲ့ဝင် ဦးဉာဏ်ဝင်းကပြောပါတယ်။ ဒီစာတန်းကိုဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင်ရေးသားချိတ်ဆွဲထားတာလို့ သူတို့အဖွဲ့ကယုံကြည်ပြီး ဒါဟာ ဒီနေ့ နိုင်ငံရေးလုပ်ငန်းစဉ်အတွက် ဒေါ်အောင်ဆန်းစုကြည်က ပြည်သူတွေကိုပေးချင်တဲ့သတင်းစကားဖြစ်တယ်လို့လည်း ဦးဉာဏ်ဝင်းကပြောပါတယ်။

အသက် ၆၃ နှစ်အရွယ် ဒေါ်အောင်ဆန်းစုကြည်ဟာ ၂၀၀၃ ခုနှစ် မေလဒီပဲယင်းမှာလုပ်ကြံသတ်ဖြတ်ခံရပြီး နတ်ကောင်းနတ်မြတ်တွေရဲ့ စေတနာမေတ္တာကြောင့် အသက်မသေခဲ့ပေမဲ့ နေအိမ်မှာ အကျယ်ချုပ်ဖမ်းဆီးခံနေရတာဟာ ယခုထက်တိုင်ဖြစ်ပါတယ်။ မိသားစုဆရာဝန်နဲ့ ရှေ့နေကလွဲရင် ဘယ်သူနဲ့မှတွေ့ခွင့်မရပါဘူး။ ဒါကြောင့် သူ့ရဲ့နိုင်ငံရေးအမြင်တွေကို အခုလို နေအိမ်ရှေ့မှာဆိုင်းဘုတ်ထောင်ပြတဲ့နည်းနဲ့ မကြာခဏပြသလေ့ရှိတယ်လို့ ရန်ကုန် ရှိနိုင်ငံရေးသတင်းရပ်ကွက်တွေရဲ့ပြောကြားချက်အရ သိရပါတယ်။

---

# မင်္ဂလာဒုံလေဆိပ်ကို ဘန်ကောက်လေဆိပ်ကဲ့သို့ အစီးမခံရအောင် နအဖဝန်ကြီးချုပ်ညွှန်ကြား

**NEJ ၊ ဂျန်နဝါရီ ၆ ။** ။ ထိုင်းနိုင်ငံ ဘန်ကောက်ရှိ ဆုဝမ်နဖုန်လေဆိပ်ကို ပီအေဒီဆန္ဒပြသူများဝင်စီးသည့်အဖြစ်မျိုးမှ ကာကွယ်နိုင်ရေးအတွက် ရန်ကုန်မင်္ဂလာဒုံလေဆိပ်ကို လုံခြုံရေးတင်းတင်းကျပ်ကျပ်ချထားရန် ဝန်ကြီးချုပ်ဗိုလ်ချုပ်သိန်းစိန်က ညွှန်ကြားလိုက်ပါတယ်။

မကြာခင်က နေပြည်တော်မှာကျင်းပပြီးစီးခဲ့သည့် ဝန်ကြီးအဖွဲ့အစည်းအဝေးတွင် ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးသိန်းစိန်က ရန်ကုန်မင်္ဂလာဒုံလေဆိပ်ကို ဘန်ကောက်ဆုဝမ်နဖုန်လေဆိပ်အဖြစ်မျိုး ဝင်အစီးမခံရအောင် ကြိုတင်ကာကွယ်ရန်ညွှန်ကြားခဲ့ခြင်းဖြစ်သည်ဟု ဝန်ကြီးချုပ်ရုံးနှင့်နီးစပ်သည့်သတင်းရပ်ကွက်ကပြောပါတယ်။

"ခုလို ရန်ကုန်မင်္ဂလာဒုံလေဆိပ်ကိုဝင်အစီးမခံရအောင် ညွှန်ကြားတဲ့သဘောက ၂၀၀၉ ခုနှစ်ထဲမှာလည်း ဆန္ဒပြမှုတွေဖြစ်လာနိုင်တယ်လို့ စစ်အုပ်စုကမှန်းထားတဲ့သဘောလို့ တွက်လို့ရပါတယ်၊ ကျနော်တို့ဝန်ထမ်းတွေက တော့အဲဒီလိုပဲနားလည်ကြပါတယ်၊ ၂၀၀၉ မှာလည်း ခပ်ကြမ်းကြမ်းကိုင်မယ့်သဘောလို့လည်းပြောနိုင်ပါတယ်၊ တဖက်ကတွက်ရင်လည်း စစ်အုပ်စုအနေနဲ့ အကြမ်းဖက်အုပ်ချုပ်နေတဲ့တိုင် သူတို့ကိုယ်သူတို့မလုံခြုံဘူးဆိုတာ ပြနေတာ ပါ" ဟု အမည်မဖော်လိုသည့် နေပြည်တော်ဝန်ထမ်းတဦးကပြောပါတယ်။

မြန်မာစစ်အုပ်စုသည် ထိုင်းနိုင်ငံရေးဖြစ်စဉ်ကို သတိထားစောင့်ကြည့်သော်လည်း တချိန်က ဘန်ကောက်ရှိမြန်မာသံရုံးအစီးခံထားရသည့်ကိစ္စ၊ ဒီမိုကရက်ပါတီကိုင်တွယ်ပုံ မကျေနပ်သည့်အတွက် လက်ရှိထိုင်းအစိုးရသစ်သတင်းများကို အစိုးရမီဒီယာများ၌ အမှောင်ချထားပါတယ်။ ဒီမိုကရက်သမိုင်းကြောင်းအရ အာဘီဆစ်အစိုးရသည် မြန်မာစစ်အုပ်စုအပေါ် ထတ်ဆင်နှင့်လက်ဝေခံအစိုးရများကဲ့သို့ အောက်ကျခံဆက်ဆံမည်မဟုတ်ဘဲ မြန်မာနှင့်ဆက်ဆံရေးပေါ်လစီကို ခပ်တင်းတင်းထားမည့်အစိုးရဖြစ်သည်ဟု Weekly Eleven သတင်းစာက ထောက်ပြပါတယ်။

**မျက်နှာဖုံးမှ**

ဖွင့်ရမယ့်ဟာတွေရှိပါတယ်၊ ဥပမာဗျာ ကျနော်ထောင်ကနေထွက်လာတဲ့အခါ ကျနော်ကြားဘူးတဲ့စကားတခုရှိတယ်၊ ဘာလဲဆိုတော့ ဒေါ်စုကနေပြီးတော့ အန်အဲလ်ဒီပေါ့ဗျာ၊ အန်အဲလ်ဒီအလုပ်မှုဆောင်အဖွဲ့ သို့မဟုတ် အန်အဲလ်ဒီခေါင်းဆောင်မှုကိုပြောတယ်တဲ့၊ 'အန်ကယ်တို့ အကယ်၍ ကျမကနေ ရှေ့ကိုရောက်နေရင်လည်း အန်ကယ်တို့ ကျမနောက်ကလိုက်ပါ၊ အကယ်၍ အန်ကယ်တို့ ရှေ့ကရောက်နေရင်လည်း ကျမ အန်ကယ်တို့နောက်ကနေ လိုက်ပါ့မယ်' ဆိုတဲ့စကားမျိုးပေါ့၊ ဒေါ်စုပြောတဲ့စကားက ဘာပြောလဲဆိုတော့အန်ကယ်တို့ ရှေ့ကိုတိုးကြပါ၊ အန်ကယ်တို့ ရှေ့ကိုတိုးသွားတဲ့နောက်ကနေ ကျမလိုက်မယ်၊ အဲ ကျမလည်း ရှေ့ကိုတိုးနေမယ်၊ ကျမရှေ့ကိုတိုးတဲ့နောက်ကို အန်ကယ်တို့ လိုက်ကြပါလို့ အဲဒီလိုဆိုလိုတာ၊ ကျနော်တို့ညီညွတ်ရေးကို လက်တွဲလုပ်ရေးကိုသာ တိုက်တွန်းတာမဟုတ်ဘူး၊ ဒေါ်စုတိုက်တွန်းနေတာ ကျမတို့သည် ရှေ့ကိုတိုးကြရမယ်၊ လက်ရှိ ငြိမ်နေတဲ့ဟာမျိုးမဖြစ်နိုင်ဘူး၊ အန်ကယ်တို့က ရှေ့ကိုတိုးကြရမယ် လက်ရှိငြိမ်နေတဲ့အနေထားမျိုးမဖြစ်သင့်ဘူးလို့ အဲဒီလိုပြောတယ်လို့ ကျနော် အဓိပ္ပာယ်ပေါက်တယ်၊ ရှေ့တိုးတာဆို ဘယ်လိုဟာမျိုးကိုရှေ့တိုးမှာလည်းဆိုတဲ့အခါကျတော့ အဓိပ္ပာယ်ရှင်းရှင်းလေးပဲ"

"ဗမာပြည်မှာ ဒီမိုကရေစီပန်းတိုင်ကိုရောက်ဖို့၊ ဒီမိုကရေစီလမ်းကြောင်းကြီးကို ကျနော်တို့ချီနိုင်ဖို့၊ ဒီမိုကရေစီလူ့ဘောင်သစ်ပေါ်ပေါက်လာဖို့အတွက် ရှေ့တိုးရမယ်၊ နောက်တခုက ဒီနေ့တိုင်းပြည်ကိုနှိပ်ကွပ်နေတဲ့၊ တိုင်းပြည်ကိုဖိနှိပ်နေတဲ့၊ တိုင်းပြည်ကိုချုပ်ချယ်နေတဲ့၊ တိုင်းပြည်ကိုလည်ပင်းညှစ်နေတဲ့ စစ်အာဏာယန္တရားကြီးဖြိုဖျက်ရေးအတွက် ကျနော်တို့ ရှေ့ကိုတိုးရမယ်လို့ အဲဒီလိုပဲအဓိပ္ပာယ်ဖွင့်တယ်၊ ဒါ ကျနော် ဒေါ်အောင်ဆန်းစုကြည်စကားတွေနဲ့ပတ်သက်တဲ့ ကျနော့်ရဲ့ခံယူချက်၊ တုံ့ပြန်ချက်၊ နားလည်ချက်ပေါ့၊ ဒီနေ့ ဒေါ်စုပြောခဲ့တဲ့စကားအတိုင်းပဲ ကျနော်ကတော့ ကျနော်လည်း ပြတ်ပြတ်သားသားလုပ်ဖို့ ကိုဒီနေ့ ကျနော် သံန္နိဋ္ဌာန်ချတယ်၊ မနေ့က လွတ်လပ်ရေးနေ့ပေါ့၊ ကျနော်ကြားတဲ့အချိန်မှာ အလားတူပဲ ကျနော်တို့နဲ့နီးစပ်တဲ့ပုဂ္ဂိုလ်များ၊ ကျနော်တို့နဲ့တွေ့ဆုံတဲ့ပုဂ္ဂိုလ်များကို မနေ့ကတနေ့လုံး ကျနော် ဒီစကားပဲ တိုက်တွန်း ပြောကြားခဲ့ပါတယ်၊ ဒီဟာကို တိုင်းသူပြည်သားတရပ်လုံးကိုလည်း ကျနော် ဆက်ပြီးတော့တိုက်တွန်းချင်ပါတယ်၊ ဒေါ်စုစကားအတိုင်းပဲ၊ ကျနော်တို့တတွေ ရှေ့ကိုတိုးကြစို့၊ ရှေ့ကိုတက်ကြစို့၊ ငြိမ်မနေပါနဲ့၊ ရှေ့ကိုတက်ပါလို့ ကျနော်တိုက်တွန်းချင်ပါတယ်"

ဒေါ်အောင်ဆန်းစုကြည်ရဲ့ပြောကြားချက်တွေကို လေးလေးနက်နက်အဓိပ္ပာယ်ဖွင့်ဆိုပြီး အဖွဲ့ချုပ်ဝင်တွေနဲ့ ဒီမိုကရေစီအင်အားစုတွေအပါအဝင်ပြည်သူတရပ်လုံး ပြတ်ပြတ်သားသားနဲ့ ရှေ့တိုးလုပ်ဆောင်ကြဘို့အချိန်တန်ပြီ လို့ ဦးဝင်းတင်ကတိုက်တွန်းပါတယ်။

"ဒါ ပြည်သူလူထုကိုတိုက်တွန်းတာပေါ့၊ ပြတ်ပြတ်သားသားပေါ့၊ အမှန်ကတော့ ပိုမိုပြီးတော့ ခုလိုအေးမနေဘဲ ငြိမ်မနေဘဲနဲ့ ပြတ်ပြတ်သားသား၊ ထထကြွကြွဆောင်ရွက်ကြပါ၊ ပြောကြ ဆိုကြ လှုပ်ရှားကြပါဆိုတဲ့သဘောပါပဲ၊ အမှန်ကတော့ ဒီသဘောကိုပြောတဲ့လူပဲ ဒီလိုပဲယူဆပါတယ်၊ ဆန္ဒကိုထုတ်ဖော်တဲ့သဘောကိုရောက်တာပေါ့၊ ဘာလဲဆိုတော့ တရားမဟောနိုင်ဘူး၊ လာမဟောနိုင်တော့ ဒီလိုလုပ်ရမယ်၊ ဒီလိုကိုင်ရမယ်ဆိုတဲ့သဘောပေါ့၊ လှုပ်လှုပ်ရှားရှားလုပ်ရမယ်၊ ပြောကြမယ်၊ ဆိုကြမယ် လှုပ်လှုပ်ရှားရှားလုပ်ရမယ်ဟုတ်လား၊ အမှန်က ကြောက်မနေနဲ့ဆိုတဲ့သဘောမျိုးပေါ့"

ဒေါ်အောင်ဆန်းစုကြည်ဟာ မနှစ်က မတ်လ ၂၇ ရက် ဖက်ဆစ်တော်လှန်ရေးနေ့ကလည်း အလားတူ ဗိုလ်ချုပ်အောင်ဆန်းရဲ့အဆိုအမိန့်တခုကိုရေးသားပြီး ဆိုင်းဘုတ်တင်ချိတ်ဆွဲခဲ့ပါတယ်။ အဲဒါကတော့ 'ပြည်သူကို ဘယ်သောအခါမှတပတ်မရိုက်ခဲ့' ဆိုတဲ့ ပြောဆိုချက်ဖြစ်ပြီး ဗိုလ်ချုပ်အောင်ဆန်းရဲ့ပုံတူပန်းချီနဲ့အတူ ရေးသားချိတ်ဆွဲခဲ့တာဖြစ်ပါတယ်။ အဲဒီအရင်ကချိတ်ဆွဲထားတဲ့စာတမ်းကတော့ 'စုပေါင်းလုပ်မှအောင်မြင်မည်' ဆိုတဲ့ စာတမ်းဖြစ်ပြီး မနှစ် က ဖေဖော်ဝါရီ ၁၂ ရက် ပြည်ထောင်စုနေ့မှာ ရေးသားချိတ်ဆွဲခဲ့တာဖြစ်ပါတယ်။

# ထောင်နှစ်ရှည်အမိန့်ချခံရသူ လက်ထပ်ခွင့်တောင်း၊ တရားရုံးက လက်မခံ

**DVB ၊ ဂျန်နဝါရီ ၆ ။** ။ ယမန်နေ့က ထောင်ဒဏ် ၁၀ နှစ်ကျခံရတဲ့ နိုင်ငံရေးအကျဉ်းသားကိုခင်မောင်ဝင်းက တရားရုံးအတွင်း သူ့ချစ်သူနဲ့လက်ထပ်ခွင့်တောင်းတာကို အာဏာပိုင်တွေကငြင်းပယ်လိုက်ကြောင်း မျက်မြင်တွေ့ရှိသူ ရွှေနေဦးညီညီလှိုင်ကပြောပါတယ်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လွှတ်မြောက်နယ်မြေ (မလေးရှားဌာနခွဲ) မှ အဖွဲ့ချုပ်ဝင်ကိုခင်မောင်ဝင်းဟာ မြေအောက်လှုပ်ရှားတဲ့ (ယူဂျီ) အဖွဲ့နဲ့ မြန်မာနိုင်ငံထဲကိုဝင်ရောက်လှုပ်ရှားခဲ့ပြီး၊ လွန်ခဲ့တဲ့ ၄ လခန့်က အဖမ်းခံရပါတယ်။ သူ့ကို တောင်ဒဂုံမြို့နယ်တရားရုံးက လူဝင်မှုကြီးကြပ်ရေးအက်ဥပဒေ ၁၃/၁၊ နယ်စပ်ဖြတ်ကျော်မှု၊ အသင်းအဖွဲ့ဖွဲ့စည်းမှုနဲ့တရားစွဲပြီး ယမန်နေ့က အလုပ်ကြမ်းနဲ့ထောင်ဒဏ် ၁၀ နှစ်ချလိုက်ပါတယ်။ ကိုခင်မောင်ဝင်းက အသက် ၂၉ နှစ်ရှိ သူ့ချစ်သူ မပန်းဝါ (ခ) မပန်းဖြူဖြူနဲ့လက်ထပ်ခွင့်ပေးဘို့ အမိန့်မချခင် ပြီးခဲ့တဲ့တပတ်က တရားရုံးကိုတောင်းဆိုခဲ့ပါတယ်။ တရားရုံးမှခွင့်မပြုတဲ့အတွက် တရားရုံးအချုပ်အခန်းပေါက်ဝမှာ မိဘနှစ်ပါးက လက်မှတ်ထိုးမင်္ဂလာဆောင်ပေးလိုက်ရတယ်လို့ ဒီငြိမ်းလင်းအမှုကိုလိုက်ပေးနေတဲ့ ရွှေနေဦးညီညီလှိုင်က ပြောပါတယ်။

“ကိုခင်မောင်ဝင်းက ရှေ့နေလည်းမငှားဘူး၊ သူဟုတ်တယ်၊ သူလုပ် တယ်၊ ဘာဖြစ်လဲဆိုပြီးပြောလိုက်တော့ အမှုက မြန်မြန်ပြီးသွားတာပေါ့၊ အမိန့်မချခင်တပတ်က သူ့ကိုအမိန့်ချမယ်ဆိုလို့ရှိရင် သူက တရားရုံးမှာပဲ သူ့ကောင်မလေးနဲ့လက်ထပ်ချင်လို့ပါလို့ ကြိုပြောတယ်၊ မနေ့ကအမိန့်ချတော့ သူက တရားရုံးမှာပဲ သူ့ကောင်မလေးနဲ့လက်ထပ်ဖို့ပြောတော့ တရားရုံးက လက်မခံဘူး၊ လက်မခံတော့ မနေ့ကထောင်ဒဏ်ချပြီးတဲ့အချိန်မှာ တရားရုံးအချုပ်ခန်းအပေါက်ဝမှာပဲ နှစ်ဖက်မိဘတွေနဲ့ မပန်းဖြူဖြူဆိုတဲ့ သူ့ရဲ့ကောင်မလေး နဲ့ ကျနော့်ရှေ့မှာပဲလက်မှတ်ထိုးပြီး မင်္ဂလာဆောင်လိုက်တယ်”

အာဏာပိုင်တွေက တရားရုံးအတွင်းထိမ်းမြားလက်ထပ်ခွင့်မပြုတာ ဟာ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေး၊ လူတဦးချင်းရဲ့အခွင့်အရေးကို စစ်အုပ်စုကထပ်မံချိုးဖောက်လိုက်တာပဲလို့ ဦးညီညီလှိုင်ကဝေဖန်ပါတယ်။ သတို့သမီးမပန်းဖြူဖြူဟာ ကိုခင်မောင်ဝင်းရဲ့အိမ်နီးချင်း တောင်ဒဂုံမြို့နယ်ကဖြစ်ပြီး၊ သူ့ရဲ့အခုလိုလုပ်ရပ်အပေါ် ချီးကျူးမိတယ်လို့ ဦးညီညီလှိုင်ကပြောပါတယ်။

“ဒီအမျိုးသမီးကို ချီးကျူးရမှာပေါ့၊ မင်္ဂလာဆောင်တဲ့နေ့၊ လက်ထပ်တဲ့နေ့က ညားကာစကြင်စဦးလင်မယား ပျော်ရွှင်ရမယ့်နေ့မှာ သူ့အမျိုးသားက ပဲခူးထောင်အပို့ခံရတယ်၊ ၁၀ နှစ်ထောင်ကျမိန့်ကြီး ကျနေတယ်ဆိုတဲ့နေ့ဖြစ်နေတာတော့ ကျနော်တို့ပတ်ဝန်းကျင်က စိတ်မကောင်းစရာဖြစ်နေရတာပေါ့၊ ဒီလက်ထပ်ထိမ်းမြားမှုကို အသိသက်သေအဖြစ်လက်မှတ်ထိုးခဲ့တဲ့ နှစ်ဖက်မိဘရော၊ ဒီဖြစ်ရပ်ကလေးကိုမြင်တွေ့ရတဲ့ အခြားမိတ်ဆွေအပေါင်းအသင်းတွေပါဝမ်းသာရမလား ဝမ်းနည်းရမလားဆိုတဲ့ခံစားမှုကြီးနှစ်ခု ပြိုင်တူဖြစ်စေတာပေါ့”

ကိုခင်မောင်ဝင်းကို ထောင် ၁၀ နှစ်ချလိုက်တဲ့နေ့မှာပဲ နှစ်ဦးသဘောတူလက်မှတ်ထိုး၊ လက်ထပ်လိုက်ရတဲ့အပေါ် ပုဂ္ဂိုလ်ရေးခံစားချက် မဖြစ်ပေမဲ့ သူ့ရဲ့လုပ်ရပ်အတွက် ဂုဏ်ယူပါတယ်လို့လည်း မပန်းဝါကပြောပါတယ်။

“ခံစားချက်တော့ရှိပါတယ်၊ ဘာလို့လဲဆိုတော့ ကျမတို့လက်ထပ်မယ့်အချိန်မှာ ဒီလိုဖြစ်သွားတာပေါ့နော်၊ ဒါပေမဲ့ ကျမစိတ်ထဲမှာ သူ့အတွက်ရော၊ ကျမတို့အတွက်ပါ ဂုဏ်ယူပါတယ်၊ သူ့ကိုယ်ကျိုးအတွက် မလုပ်ဘူးလေ၊ တိုင်းပြည်အတွက်သူလုပ်တာ၊ ဂုဏ်ယူတယ်၊ ကျေလည်း ကျေနပ်ပါတယ်၊ အိမ်ကလူတွေကိုတော့ အားပေးတယ်၊ ဒါ ကိုယ့်အတွက်လုပ်တာမဟုတ်ဘူး၊ တိုင်းပြည်အတွက်လုပ်တာ ဘာမှစိတ်အားမငယ်ကြပါနဲ့၊ သူ့အိမ်ကိုအားပေးတယ်၊ ကိုယ့်အတွက်လုပ်တာမဟုတ်ဘူး၊ တိုင်းပြည်အတွက်လုပ်တာ ဂုဏ်ယူပါပေ့ါ”

ကိုခင်မောင်ဝင်းဟာ ၂၀၀၇ စက်တင်ဘာလှုပ်ရှားမှုဖြစ်ပြီးနောက်ပိုင်းမှာဖွဲ့စည်းခဲ့တဲ့ **Justice** လို့လူသိများတဲ့ တရားမျှတရေးအတွက် မျိုးဆက်သစ်လူငယ်များအဖွဲ့ဝင်တဦးလည်းဖြစ်ပါတယ်။ ကိုခင်မောင်ဝင်းကို ထောင်ဒဏ်ချမှတ်ပြီး ပဲခူးထောင်ကိုချက်ချင်းခေါ်သွားတယ်လို့ မပန်းဝါကပြောပါတယ်။

# ပြည်တွင်းရေကြောင်းလိုင်းသင်္ဘောများ စျေးချိုသောပြင်ပဒီဇယ်ဆီဖြင့်ဆွဲမည်

**NEJ ၊ ဂျန်နဝါရီ ၇ ။** ။ အစိုးရစွမ်းအင်ဝန်ကြီးဌာနမှရောင်းချပေးသည့် ဒီဇယ် ဆီစျေးနှုန်းက ပြင်ပပေါက်စျေးထက်များစွာမြင့်မားနေခြင်းကြောင့် ပြည်တွင်းရေ ကြောင်းပို့ဆောင်ရေးကော်ပိုရေးရှင်း ရန်ကုန်တိုင်း မြစ်ဝကျွန်းပေါ်ဌာနခွဲသည် ပုဂ္ဂလိကကုန်သည်များထံမှ ဝယ်ယူသုံးစွဲတော့မည်ဖြစ်ကြောင်း ဝါးတန်းလမ်းရုံးမှအရာရှိတဦးကပြောပါတယ်။

၎င်းက “စွမ်းအင်ဝန်ကြီးဌာနက ကျနော်တို့ဝယ်ရတာ ဒီဇယ်တဂါလံ ကျပ် ၃၀၀၀၊ အခုပြင်ပပေါက်စျေးက တပီပါ ကျပ် ၁၃၀,၀၀၀၊ တဂါလံ ကျပ် ၂၆၀၀ ပဲကျတော့ ပြင်ပကနေဝယ်သုံးဘို့ ဝန်ကြီးဌာနကိုတင်ပြတာ ခွင့်ပြုချက် ရတယ်၊ ဒီတော့ ပြီးခဲ့တဲ့ဂျန်နဝါရီ ၁ ရက်နေ့ကပဲ ပထမအသုတ် ပီပါ ၁၀၀၀ ဝယ်ဘို့ ပုဂ္ဂလိကဒီဇယ်တင်သွင်းသူတွေနဲ့ စာချုပ်ချုပ်လိုက်တယ်၊ နောက်ထပ် လည်း ဆက်ပြီးဝယ်ယူဘို့ရှိနေတယ်” ဟု ပြောပါတယ်။

၎င်း၏ပြောပြချက်အရ ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးသမိုင်းတွင် အစိုးရလောင်စာဆီကိုမဝယ်ဘဲ ပြင်ပပုဂ္ဂလိကကုမ္ပဏီများမှဝယ်ယူသုံးစွဲခြင်းသည် ပထမဆုံးအကြိမ်ဖြစ်ကြောင်းသိရပါတယ်။ မြန်မာနိုင်ငံရန်ကုန်မြို့မှ ဧရာဝတီတိုင်းသို့သွားလာသည့်ခရီးစဉ်အများစု၌ ပြည်သူများသည် စျေးနှုန်းချိုသာသည့် ပြည်တွင်းရေကြောင်းပိုင်သင်္ဘောများကို အဓိကထားအသုံးပြုနေကြခြင်းဖြစ်ပါတယ်။ သို့သော် ပြီးခဲ့သည့် ၂ နှစ်မှစပြီး နိုင်ငံတကာလောင်စာဆီစျေးနှုန်းများ တရိပ်ရိပ်မြင့်တက်လာခြင်းကြောင့် စစ်အုပ်စုက ပြည်တွင်းရေကြောင်းပိုင်သင်္ဘောပြေးဆွဲမှုများစွာကိုရပ်ဆိုင်းခဲ့ပြီး သင်္ဘောများကိုလည်း ရန်ကုန်အနီး၌ အတွဲလိုက်ကျောက်ချရပ်နားထားခဲ့ပါတယ်။ ထို့အပြင် ယခင်က ပုံမှန်ပြေးဆွဲနေသည့်ခရီးစဉ်များကိုလည်း တပတ် ၂ ခေါက် ၃ ခေါက်အဖြစ် လျှော့နည်းပြေးဆွဲခဲ့ပါတယ်။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးကော်ပိုရေးရှင်းတွင် တပြည်လုံးစာရင်းအရ စက်ရှိစက်မဲ့ သင်္ဘောအစင်း ၄၇၀ ကျော်ရှိပြီး ရန်ကုန်အခြေစိုက် မြစ်ဝကျွန်းပေါ်ဌာနခွဲနှင့် ကုန်စည်ပို့ဆောင်ရေးဌာန၌ပင် အစင်းရေ ၃၄၀ နီးပါးရှိပါတယ်။ ပြီးခဲ့သည့် ၄ လတာကာလ ခရီးသည် ၁၀ သန်းကျော်ပို့ဆောင်ခဲ့ပြီး ဝင်ငွေကျပ် ၂.၄ ဘီလီယံကျော်ရရှိခဲ့သော်လည်း များစွာအရှုံးပေါ်နေဆဲဖြစ် ကြောင်း၊ ပြည်သူများ လမ်းပန်းဆက်သွယ်မှုအဆင်ပြေစေရန် ယခုလိုအရှုံးခံပြေးဆွဲနေခြင်းဖြစ်ကြောင်း မြစ်ဝကျွန်းပေါ်ဌာနခွဲမှ တာဝန်ရှိသူတဦးကရှင်းပြပါတယ်။

နအဖစစ်အုပ်စုစွမ်းအင်ဝန်ကြီးဌာနသည် ၎င်းတာဝန်ယူဖြန့်ဖြူးနေသည့်လောင်စာဆီစျေးနှုန်းများကို နိုင်ငံတကာပေါက်စျေးများအတိုင်း လျှော့ချပေးခြင်းမရှိသည့်အတွက် ပြည်တွင်းသယ်ယူပို့ဆောင်ခများသည်လည်း သိသိသာသာကျဆင်းလာခြင်းမရှိသေးပေ။ ပြည်တွင်းရေကြောင်းကော်ပိုရေးရှင်းကိုယ်တိုင် စျေးသက်သာသည့်ပြင်ပဒီဇယ်ဆီဝယ်ယူပြေးဆွဲနေသော်လည်း သင်္ဘောစီးခများကိုမူ လျှော့ချသတ်မှတ်ခြင်းမရှိသေးကြောင်း ခရီးသည်များထံမှသိရပါတယ်။

# လူငယ်ရှေ့နေကိုဖိုးဖြူကို မကွေးမြို့အာဏာပိုင်တွေက ဖမ်းဆီးရှာဖွေစစ်ဆေး

**DVB ၊ ဂျန်နဝါရီ ၇ ။** ။ မကွေးတိုင်း နတ်မောက်မြို့နယ်အတွင်းက ဖမ်းဆီးခံ လယ်သမားတွေရဲ့အမှုကိုလိုက်ပေးနေတဲ့ လူငယ်ရှေ့နေကိုဖိုးဖြူကို မကွေးမြို့ အာဏာပိုင်တွေက ဖမ်းဆီးရှာဖွေစစ်ဆေးတာတွေပြုလုပ်ခဲ့တယ်လို့ ကိုဖိုးဖြူ ကိုယ်တိုင်ကပြောပါတယ်။

ဒီလ ၁ ရက်နေ့က ရုံးချိန်အသွားမှာ အာဏာပိုင်တွေက ဧည့်စာရင်း မပေးတဲ့အပြင် တည်းခိုခန်းမှာ ညအိပ်တည်းခိုလို့မရအောင် အနှောင့်အယှက် ပေးခဲ့တယ်လို့ဆိုပါတယ်။ ညဘက် ၁၁ နာရီခွဲလောက် ရန်ကုန်ပြန်ဘို့ကားစောင့် နေစဉ် မကွေး အမှတ် ၁ ရဲတပ်ဖွဲ့မှူး ဦးကြူအေးနဲ့အဖွဲ့က ရယကရုံးကိုခေါ်ယူ ကာ ရှာဖွေစစ်ဆေးခဲ့ပုံကို ကိုဖိုးဖြူကပြောပြပါတယ်။

"ကားစောင့်နေတုန်းအချိန်မှာပဲ ည ၁၁ နာရီခွဲမှာ ဆိုင်ကယ်တွေနဲ့ ရဲ တွေရောက်လာတယ်၊ ရဲတွေရောက်လာပြီး မကွေး အမှတ် ၁ ရဲစခန်း ဦးကြူ အေးကနေပြီး ကျနော့်ကို မသင်္ကာစရာဆိုတဲ့အကြောင်းပြချက်နဲ့ ရယကရုံးကို ခေါ်ဆောင်သွားတယ်၊ ကျနော့်ရဲ့အိတ်ကို ဒါ ဗုံးဖောက်ခဲ့တဲ့ပစ္စည်းတွေပါလာ ရင် ဘယ်လိုလုပ်မလဲဆိုပြီး ရှာဖွေပြီးစစ်တယ်၊ ကျနော်ပြောပြပါတယ်၊ ဥပဒေ နဲ့ဆိုရင် ခင်ဗျားမှာစစ်တာ ဘယ်လိုလက်နက်ပစ္စည်းမျိုးတွေစစ်ခွင့်ရှိလဲ၊ ခိုးရာ ပါပစ္စည်းမျိုးတွေစစ်ခွင့်ရှိတယ်၊ ဒါပေမဲ့ အမှုသည်ညွှန်ကြားချက်စာတမ်းအမှတ် အသားတွေ၊ အကြောင်းအရာတွေကတော့ ရှေ့နေနဲ့အမှုသည်ဆက်ဆံချက် တွေဖြစ်တဲ့အတွက် ခင်ဗျားမှာ အဲဒါတွေတော့စစ်ခွင့်မရှိဘူးလို့ပြောပြတယ်၊ 'အာ မရဘူး၊ မင်းကိုဝတ္တရားနှောင့်ယှက်ရာရောက်ကြောင်းအမှုတွေနဲ့ မင်းကိုတရား ပြန်စွဲလိုက်မယ်' လို့ဆိုပြီး အဲဒါ အတင်းရအောင်စစ်တယ်"

အမှုသည်တွေရဲ့ထွက်ဆိုချက်တွေရေးထားထားတဲ့ တရားခွင်ပေါ်က လူ့ အခွင့်အရေးရုန်းကန်မှုမှတ်တမ်းများလို့အမည်ပေးထားတဲ့စာအုပ်ကို စခန်းမှူး ဦးကြူအေးကသိမ်းယူထားလိုက်တယ်လို့လည်း ကိုဖိုးဖြူကပြောပါတယ်။

"လူငယ်ရှေ့နေမှ လုပ်ငန်းမှတ်တမ်းတွေနဲ့ နောက်တခါ ILO နဲ့ပတ် သက်တဲ့ အမှုသည်ညွှန်ကြားချက်တွေ မှတ်တမ်းတင်ထားတယ်၊ အဓမ္မစေခိုင်း ခြင်းဆိုင်ရာကိစ္စရပ်တွေ ၂၀၀၅ ခုနှစ်ကနေ ၂၀၀၈ ခုနှစ်အထိ လယ်ယာမြေတွေ ကိုသိမ်းတဲ့၊ ကြက်ဆူပင်စိုက်ခိုင်းတဲ့၊ တောင်သူလယ်သမားတွေကိုစေခိုင်းတဲ့ အဆင့်ဆင့်ပေါ်ပေါက်လာပုံတွေကို ကျနော်ကမှတ်တမ်းတင်ထားတာ၊ မှတ်တမ်း တင်ထားတဲ့စာအုပ်ကို သူတို့တွေက ရှာဖွေပုံစံနဲ့သိမ်းပြီးမှ ကျနော့်ကိုအတင်း လက်မှတ်ထိုးခိုင်းတယ်၊ ကျနော်ပြောပြပါတယ်၊ ပြစ်မှုကျူးလွန်ရာမှာအသုံးပြုတဲ့ ပစ္စည်းကိုသာလျှင် ရှာဖွေပုံစံနဲ့အပ်ရတာ၊ ဥပဒေအရဆိုရင် ကျနော့်ရဲ့ကိုယ်ပိုင် မှတ်စု၊ ကျနော့်ရဲ့ ဥပဒေအရထင်မြင်ယူဆချက်တွေ၊ ဥပဒေအရရှုထောင့်တွေ၊ အတွေးအခေါ်တွေနဲ့ဆိုင်တဲ့အကြောင်းအရာတွေဟာ တကယ်တော့ ကျနော့် မှာ လွတ်လပ်စွာထင်မြင်ယူဆပိုင်ခွင့်ရှိပါတယ်၊ 'မပြောနဲ့ အဲဒါတွေ တရားရုံး ကျမှရှင်း၊ မင်းတို့ကိုတရားစွဲတင်နိုင်ဘို့ပဲအရေးကြီးတယ်' ဆိုပြီး ဦးကြူအေး ဆိုတဲ့ အဲဒီအမှတ် ၁ ရဲတပ်ဖွဲ့မှူး သုံးပွင့်နဲ့ အဲဒီလူ ကျနော့်စာအုပ်ကိုသိမ်းသွား တယ်၊ ဖိုင်ယာရီကိုသိမ်းသွားတယ်"

ကိုဖိုးဖြူဟာ နတ်မောက်က လယ်သမားဦးလှစိုးနဲ့ အောင်လံကကိုဇော် ဌေးတို့အတွက် အမှုလိုက်ပေးနေတာဖြစ်ပါတယ်။ အမှုလိုက်ရှေ့နေတဦးကို အမှုဆက်လိုက်ဖို့အခက်အခဲဖြစ်အောင် နယ်မြေခံအာဏာပိုင်တွေက နှောင့် ယှက်ခြိမ်းခြောက်မှုတွေပြုလုပ်နေတာဟာ ဦးလှစိုးနဲ့ ကိုဇော်ဌေးတို့အတွက် နစ် နာစေတယ်လို့လည်း ကိုဖိုးဖြူကပြောပါတယ်။

"ဒီလိုပြုမူဆောင်ရွက်ခြင်းအားဖြင့် တရားခွင်မှာတင်ပြရမယ့် သက်သေ ခံချက်တွေ၊ သက်သေတွေခေါ်ယူဘို့ကိစ္စရပ်တွေမှာ တရားစွဲဆိုခံထားရသူ ကို ဇော်ဌေးအတွက် အများကြီးနစ်နာစေတယ်၊ တရားရုံးအရာရှိတယောက်ဖြစ် တဲ့ရှေ့နေကိုတော့ ဧည့်စာရင်းမပေးဘူး၊ ရှေ့နေရဲ့သက်သေခံချက်တွေ ဆက် လက်တင်ပြခွင့်မရအောင်၊ တရားရုံးမှာ ဆက်လက်ရင်ဆိုင်ခွင့်မရအောင်၊ တရား ရုံးစိုက်ရာမြို့ကနေထွက်ခွါသွားအောင် တမင်စီစဉ်တာပဲဖြစ်တယ်၊ အခုလို တရားစွဲအဖွဲ့အစည်းကစီစဉ်ဆောင်ရွက်တဲ့အတွက် အများကြီး တရားစီရင်ရေး တည့်မတ်မှုကို တိမ်းစောင်းစေတယ်၊ တရားစီရင်ရေးရဲ့ခိုင်မာမှုကို အများကြီး ထိခိုက်စေတယ်"

နတ်မောက်မြို့နယ်တွင်းက လယ်သမားဦးလှစိုးနဲ့ အောင်လံမြို့က ကို ဇော်ဌေးတို့ကို စစ်တပ်ကလယ်မြေသိမ်းတဲ့ကိစ္စကို ရန်ကုန်ရှိ ကမ္ဘာ့အလုပ် သမားအဖွဲ့ချုပ် ILO ရုံးထံ စာရေးတိုင်လို့ဆိုပြီး ပြီးခဲ့တဲ့နှစ် အောက်တိုဘာ ၂၉ ရက်နေ့မှာ အာဏာပိုင်တွေကဖမ်းဆီးခဲ့ပါတယ်။ လယ်သမား ၃ ဦးကိုဖမ်း ခဲ့တာဖြစ်ပြီး နောက်ပိုင်းမှာ ကျန်လယ်သမား ၂ ဦးကို ပြန်လွှတ်ပေးခဲ့ပါတယ်။ ဖမ်းဆီးစဉ်က ILO ကိုတိုင်ကြားလို့ ဖမ်းခဲ့တာဖြစ်ပေမယ့်၊ အခု သူတို့ကို စစ် တပ်ရဲ့လျှို့ဝှက်အဆောက်အဦးတွေ ပြင်ပကိုပေါက်ကြားအောင်လုပ်တယ်ဆိုတဲ့ စွပ်စွဲချက်နဲ့ ပြောင်းလဲတရားစွဲထားပါတယ်။ စွဲထားတဲ့ပုဒ်မကတော့ စစ်တပ်နဲ့ နိုင်ငံတော်လုံခြုံရေးကို ထိခိုက်အောင်လုပ်ဆောင်မှု ပုဒ်မ ၃၁/က၊ ၃၁/ဂ ဖြစ်ပါ တယ်။ လောလောဆယ် ဦးလှစိုးနဲ့ကိုဇော်ဌေးတို့ကို မကွေး အမှတ် ၁ ရဲစခန်း မှာချုပ်ထားပြီး ခရိုင်တရားရုံးမှာ ရုံးထုတ်စစ်ဆေးနေတာဖြစ်တယ်လို့ လူငယ် ရှေ့နေ ကိုဖိုးဖြူကပြောပါတယ်။

## မြန်မာ့ပို့ကုန်ဝင်ငွေ ထက်ဝက်ကျော်ကျဆင်းဖွယ်

**RFA ၊ ဂျန်နဝါရီ ၇ ။** ။ မြန်မာနိုင်ငံရဲ့ ၂၀၀၈ ခုနှစ်ဘဏ္ဍာရေးနှစ်အကုန် ပိုင်းမှာ ပို့ကုန်ဝင်ငွေဟာ ၅၀ ရာခိုင်နှုန်းကျော်ကျဆင်းသွားနိုင်ဖွယ်ရှိတယ်လို့ စီး ပွားရေးပညာရှင်တဦးက ခန့်မှန်းလိုက်ပါတယ်။

ပြီးခဲ့တဲ့ ၂၀၀၈ ခုနှစ် ပထမ ၉ လပိုင်းမှာ မြန်မာနိုင်ငံကုန်သွယ်မှုဝင်ငွေ ဟာ အမေရိကန်ဒေါ်လာ ၂.၈၃ ဘီလျံကနေ ၁.၇၂ ဘီလျံထိကျဆင်းသွားခဲ့ တဲ့အတွက် ၂၀၀၇ ခုနှစ်ကထက် ၃၉ ရာခိုင်နှုန်းကျဆင်းသွားတယ်လို့ စစ် အုပ်စုအမျိုးသားစီမံကိန်းနဲ့ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနက ဂျန်နဝါရီ ၆ ရက် ယမန်နေ့ကဖော်ပြခဲ့ပါတယ်။ အဲဒီထဲမှာ သဘာဝဓါတ်ငွေ့တင်ပို့မှုပမာဏဟာ ပို့ကုန်အားလုံးတန်ဖိုးရဲ့ ၄၀ ရာနှုန်းရှိပါတယ်။

မနှစ်က ပထမ ၉ လအထိ သဘာဝဓါတ်ငွေ့တင်ပို့မှုပမာဏဟာ ဒေါ် လာ ၂.၃၉ ဘီလျံကနေ ၁.၆၉ ဘီလျံလျော့ကျသွားတဲ့အတွက် ၂၀၀၇ ခုနှစ် ကထက် ၂၈.၅ ရာခိုင်နှုန်းကျဆင်းသွားခဲ့ပါတယ်။ ဒီကိန်းဂဏန်းတွေဟာ ကမ္ဘာ့ ငွေကြေးပြဿနာရဲ့ရိုက်ခတ်မှုကို ထည့်တွက်ထားပုံမရဘဲ နိုဝင်ဘာလကစပြီး ကျဆင်းလာခဲ့တဲ့ ဈေးကွက်လိုအပ်ချက်နဲ့ နိုင်ငံတကာကုန်ပစ္စည်းဈေးနှုန်းတွေရဲ့ ဂယက်တစိတ်တပိုင်းကိုသာ ထည့်တွက်ထားပုံရတယ်လို့ မြန်မာ့စီးပွားရေးလေ့ လာသူ သြစတြေးလျားနိုင်ငံ ဆစ်ဒနီမြို့ Macquarie တက္ကသိုလ် စီးပွားရေး ပညာရှင်ပါမောက္ခ ရှောင်တန်နားကပြောပါတယ်။

ဒီ ၉ လထဲက ၆ လအတွင်းမှာတောင် သဘာဝဓါတ်ငွေ့ဈေးနှုန်း အတော်မြင့်မားခဲ့တာပါ။ လက်ရှိအနေအထားအတိုင်း ၂၀၀၉ ခုနှစ်မတ်လကုန် အထိ ခန့်မှန်းတွက်ချက်ကြည့်မယ်ဆိုရင် ကုန်သွယ်ရေးအခြေအနေဟာ တနှစ် လုံးအတွက် ၅၅ ကနေ ၆၀ ရာနှုန်းအထိကျဆင်းသွားဖွယ်ရှိပါတယ်။ ဒါပေမဲ့ အဲဒီလိုကျဆင်းတာကြောင့် ပြည်တွင်းသုံးစွဲမှုအနေအထား သိပ်ထိခိုက်မှာ မဟုတ်ပါဘူး။

တိုင်းပြည်ပို့ကုန်ဝင်ငွေဟာ စစ်အုပ်စုအိတ်ထောင်ထဲကို ဈေးကွက်ပေါက် ဈေးနဲ့ဝင်ပြီး စစ်အုပ်စုကစာရင်းပြတဲ့အခါ တရားဝင်ငွေလဲနှုန်းအရသာပြတာ ကြောင့် အခုလိုပို့ကုန်ကျဆင်းတာဟာ စစ်အုပ်စုနဲ့ သူတို့နဲ့ဆက်နွယ်နေသူ တွေကို ထိခိုက်တာဖြစ်တယ်လို့ဆိုပါတယ်။ အဲဒါကြောင့် ပြည်တွင်းစီမံကိန်းတွေ အတွက် အခွန်အတုတ်တွေ ပိုမိုကောက်ခံလာဖွယ်ရှိတယ်လို့ စီးပွားရေးပညာ ရှင် ရှောင်တန်နားက ခန့်မှန်းပြောဆိုလိုက်ပါတယ်။

# နေပြည်တော်ဝန်ထမ်းများကို လစာတိုးပြီးမကျလုံးပေးရန် နအဖစီစဉ်နေဟုဆို

**NEJ ၊ ဇန်နဝါရီ ၆ ။** ။ ရွေးကောက်ပွဲနီးလာပြီဖြစ်တဲ့အလျောက် နေပြည်တော်ဝန်ထမ်းများကို လစာတိုးပြီးမက်လုံးပေးရန် နအဖစစ်အုပ်စုကပြင်ဆင်နေတယ်လို့ နေပြည်တော်ဝန်ထမ်းများကပြောပါတယ်။

လာမယ့်စက်တင်ဘာလမှာ နေပြည်တော်ဝန်ထမ်းများကိုလစာတိုးပေးတော့မယ်ဆိုတဲ့သတင်းများ နေပြည်တော်ဝန်ထမ်းများအကြား ပျံ့နှံ့နေပါတယ်။ နေပြည်တော်ဝန်ထမ်းများကို လောလောဆယ် ဝန်ထမ်းအိမ်ရာများမှာနေရာချထားပေးပြီး ရေခ၊ မီးခ အခမဲ့ပေးထားတာဖြစ်ပါတယ်။ သို့သော် ဝန်ထမ်းများထံမှ မကြာခင် ရေခ မီးခတောင်းဘို့ စစ်အုပ်စုကဆုံးဖြတ်ထားတဲ့အတွက် အဆိုပါအပိုကြေးငွေနဲ့ကာမိအောင် လစာတိုးပေးဘို့ အာဏာပိုင်များကစီစဉ်ခြင်းဖြစ်တယ်လို့ ဝန်ထမ်းများကယူဆကြပါတယ်။

ရွေးကောက်ပွဲနီးလာတဲ့အတွက် ဝန်ထမ်းများကိုမဲဆွယ်ရန် မက်လုံးပေးလိုတဲ့အတွက် ဝန်ထမ်းလစာတိုးပေးရန် စီစဉ်ခြင်းဖြစ်နိုင်တယ်လို့ နေပြည်တော်အရာရှိတချို့ကယူဆပါတယ်။ နောက်ဆုံးတိုးပေးခဲ့တဲ့ ဝန်ထမ်းလစာစာရင်းကိုကြည့်ပါက အရပ်ဘက်နဲ့စစ်ဘက်ကို ခွဲခြားတိုးပေးခဲ့ခြင်းဖြစ်ပါတယ်။ တပ်မတော်ဝန်ထမ်းများကိုတိုးမြှင့်ပေးတဲ့လစာကိုကြည့်ပါက အုပ်စုသုံးစုခွဲပြီး လစာတိုးပေးခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။

အခြေခံတပ်သားတဦးရဲ့လစာသည် ၃၀၀၀ မှ ၁၅၀၀၀ ဖြစ်သွားတဲ့အတွက် ၄၀၀ ရာခိုင်နှုန်းတိုးပေးခြင်းဖြစ်ပါတယ်။ တနည်းအားဖြင့်ဆိုပါက တပ်သားအဆင့်မှ တပ်ကြပ်ကြီးအဆင့်ထိ ရာခိုင်နှုန်း ၄၀၀ ကျော်တိုးပေးခဲ့ပါတယ်။ ခွဲတပ်ကြပ်ကြီးအဆင့်မှ အရာခံဗိုလ်ထိ ၆၀၀ ရာခိုင်နှုန်းကျော်တိုးပေးပြီး ဒုဗိုလ်အဆင့်မှ ဗိုလ်မှူးချုပ်အဆင့်ထိကို ရာခိုင်နှုန်း ၇၀၀ ဝန်းကျင်ထိတိုးပေးခဲ့ပါတယ်။

တပ်မတော်ရဲ့လစာနှုန်းသစ်တိုးပေးတဲ့ ကိန်းဂဏန်းများကိုကြည့်ပါက ဒုဗိုလ်အဆင့်မှ ဗိုလ်မှူးကြီးအဆင့်ထိ အများဆုံးတိုးပေးခဲ့တာဖြစ်ပြီး တပ်သားအဆင့်မှ အရာခံဗိုလ်အဆင့်ကို လစာတိုးတာ အနည်းဆုံးဖြစ်ပါတယ်။ အရပ်ဘက်ဝန်ထမ်းလစာနှုန်းသစ်နဲ့ယှဉ်ကြည့်ပါက အမြင့်ဆုံးဦးဆောင်ညွှန်ကြားရေး မှူးတယောက် (သို့) ညွှန်ချုပ်တယောက်ရဲ့လစာနှုန်းသစ် ၁,၈၀,၀၀၀ သည် စစ်တပ်ဒုဗိုလ်မှူးကြီးတဦးရဲ့လစာနဲ့ အတူတူဖြစ်နေတာတွေ့ရပါတယ်။

ဗိုလ်မှူးချုပ်တဦးရဲ့လစာသစ်က ၃ သိန်း၊ ဗိုလ်ချုပ်တဦးရဲ့လစာသစ်က ၄ သိန်းနဲ့ ဗိုလ်ချုပ်ကြီးတဦးရဲ့လစာကို ၈ သိန်းထိတိုးပေးခဲ့ပါတယ်။ ဒုဗိုလ်ချုပ်ကြီးမောင်အေးရဲ့လစာကို ၁၀ သိန်းထိတိုးပေးခဲ့ပြီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေရဲ့လစာကို ၁၂ သိန်းထိတိုးပေးခဲ့ပါတယ်။

ချုပ်ကြည့်မယ်ဆိုပါက တပ်မတော်ထိပ်ပိုင်းခေါင်းဆောင်များရဲ့လစာမျိုး အရပ်ဘက်ဝန်ထမ်းလောကမှာ တိုးပေးခဲ့ခြင်းမရှိပါဘူး။ စစ်ဘက်မှာလည်း တပ်အောက်ခြေကိုတိုက်ရိုက်ကွပ်ကဲတဲ့ရာထူးအဆင့်များကို အထူးဦးစားပေးတိုးပေးခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။

---

# နာဂစ်ဒုက္ခသည်တဦး ထောင် ၁၄ နှစ်ကျ မိသားစုထောင်ဝင်စာတွေ့ရန် အခက်ကြုံ

**DVB ၊ ဇန်နဝါရီ ၆ ။** ။ နာဂစ်လေဘေးဒုက္ခကို ကိုယ်တိုင်ခံစားနေရတဲ့ နာဂစ် လေဘေးဒုက္ခသည်တဦးဟာ ဘဝတူလေဘေးဒုက္ခသည်တွေရဲ့အခက်အခဲကိုကူ ညီရင်း ထောင်ကျခဲ့ပြီးနောက် မိသားစုကထောင်ဝင်စာတွေ့ဘို့ အခက်အခဲဖြစ်နေပါတယ်။

ဧရာဝတီတိုင်း လပွတ္တာမြို့နယ်က လေဘေးဒုက္ခသည်ဦးဉာဏ်ထွန်းဟာ ဘဝတူလေဘေးဒုက္ခသည်တွေရဲ့အခက်အခဲတွေကိုကူညီရင်း အဖမ်းခံခဲ့ရပြီး အခုဆိုရင် ထောင်ဒဏ် ၁၄ နှစ်နဲ့ သာယာဝတီထောင်မှာ အကျဉ်းကျနေတာပါ။ နာဂစ်လေဘေးဒုက္ခဒဏ်ခံစားခဲ့ရပြီး စီးပွားရေးအဆင်မပြေတဲ့မိသားစုဖြစ်တဲ့အတွက် ထောင်ဝင်စာတွေ့ရေးမှာ အခက်ကြုံရတယ်လို့ ဦးဉာဏ်ထွန်းရဲ့ဇနီး ဒေါ်စောမွန်သိန်းကပြောပါတယ်။

"ကျမအမျိုးသားထောင်ကျတော့ သားအငယ်ဆုံးကောင်က သူများဆီမှာ တနေ့ ၂၀၀၀ နဲ့ အလုပ်လုပ်စားရတယ်၊ အစ်မကတော့ ကြုံရာလေးကောက်ပြီးရောင်းတယ်လေ၊ နောက်ပြီး ဆွေတွေမျိုးတွေဆီမှာလိုက်တောင်းပြီး လမ်းစရိတ်လေးနဲ့ အခုလို ယောကျ်ားကိုလာတွေ့တာ၊ ယောကျ်ားကို ၁၅ ရက်တခေါက်သွားရမှာ၊ ရက် ၂၀၊ ၁ လမှာတခါသွားရသလိုဖြစ်နေတယ်၊ သွားတွေ့တော့ လပွတ္တာကနေမြောင်းမြကို ကားခ ၂၀၀၀ ပေးရတယ်၊ အဲဒီကနေဆိုက်ကားစီးပြီး ဘုန်းကြီးကျောင်းမှာတည်းရတယ်၊ မြောင်းမြကနေရန်ကုန်ကို ၅၀၀၀ ပေးရတယ်၊ ရန်ကုန်ကနေသာယာဝတီကို ၁၀၀၀ ပေးရတယ်၊ စားတာသောက်တာနဲ့ဆို စုစုပေါင်း ၁၂၀၀၀ လောက်ကုန်တယ်၊ အသွားအပြန် ၂၄၀၀၀ လောက်ရှိမှ အစ်မတို့သွားလို့ရတယ်၊ အခုမှ တခေါက်ပဲရောက်သေးတယ်၊ ယောကျ်ားကိုလည်း ငါးပိကျော်တဘူးပဲပေးရသေးတယ်၊ ဟိုမှာနေတာ မြောင်းမြမှာနဲ့စာ ရင် အများကြီးကောင်းပါတယ်လို့ သူကပြောပါတယ်၊ ဘုန်းကြီးကျောင်းမှာ တည်းတော့ မနက်မှစားရတယ်၊ ညစာတော့ ထမင်း ၁၀၀ ဖိုးဝယ်ပြီး ဟင်းနဲ့ စားရတယ်၊ ဘယ်လိုမျိုးခံစားရလဲဆိုတော့ နာဂစ်ထဲပါတဲ့လူတွေခံစားရတာ ထက်နှစ်ဆလောက်ပိုခံစားရတာပေါ့၊ အခု အမှန်အကန်အများအတွက်အကုန်လုပ်ပေးတော့ ဒီလိုမျိုးခံစားရတာ စကားတောင်မပြောနိုင်ဘူး၊ မြင်လို့ရှိရင် အမြဲတမ်းငိုပြီးတော့ ပြန်ပြန်လာရတာ၊ လိမ်တာ ညာတာက သူတို့၊ အမှန်အတိုင်းပြောတဲ့လူကို ဒုက္ခပေးတာက သူတို့ပဲ"

ပြီးခဲ့တဲ့နှစ်ဩဂုတ်လတုန်းက လပွတ္တာမြို့နယ် သုံးမိုင်စခန်းက လေဘေးဒုက္ခသည်တွေကို အာဏာပိုင်တွေက နေရပ်ပြန်ဘို့မောင်းထုတ်ခဲ့ပါတယ်။ မောင်းထုတ်တဲ့အတွက် လေဘေးဒုက္ခသည် ၂၀၀ နီးပါးက အကူအညီရရှိရေးအတွက် နေပြည်တော်ကိုစာရေးပြီး လက်မှတ်ထိုးခဲ့ကြပါတယ်။ လေဘေးဒုက္ခသည်တွေက နေပြည်တော်ကိုစာတင်ဘို့ သူတို့မှာရှိတဲ့ပိုက်ဆံတွေစုပြီး ဦးဉာဏ်ထွန်းကို အကူညီတောင်းကာ စေလွှတ်ခဲ့တာပါ။ ဦးဉာဏ်ထွန်းဟာ အဲဒီစာတင်ပြီးတဲ့နေ့ ၈ လ ပိုင်း ၂၇ ရက်နေ့ညမှာ နေပြည်တော်မှာပဲအဖမ်းခံခဲ့ရပြီး လပွတ္တာမြို့နယ်စခန်းမှူးက တရားလိုလုပ်ကာ လိမ်လည်မှု၊ လက်ဖွဲ့အတုလုပ်မှု စတဲ့ ပုဒ်မ ၂ ခုနဲ့ တရားစွဲဆိုခဲ့ပါတယ်။ အဲဒီနောက် ၉ ရက်ဆက်တိုက်အမှုစစ်ဆေးခဲ့ပြီး ၉ လပိုင်း ၂၄ ရက်နေ့မှာ မြောင်းမြမြို့နယ်တရားရုံးကနေ ထောင်ဒဏ် ၁၄ နှစ်ချမှတ်ကာ သာယာဝတီထောင်ကိုပို့ဆောင်လိုက်တာဖြစ်တယ်လို့လည်း ဦးဉာဏ်ထွန်းရဲ့ ဇနီး ဒေါ်စောမွန်သိန်းကပြောပါတယ်။ ဦးဉာဏ်ထွန်း ခုလိုအဖမ်းခံရပြီး ထောင်ချခံလိုက်ရတာနဲ့ပတ်သက်လို့ ဇနီးသည်ဒေါ်စောမွန်သိန်းက သူ့ရဲ့အမြင်ကိုပြောပါတယ်။

"ဦးဉာဏ်ထွန်းက အများအတွက်လိုက်လုပ်တာကို သူတို့အတွက် အနှောင့်အယှက်ဒုက္ခပေးမယ့်လူလို့မြင်ပြီး ထောင်ချလိုက်တယ်လို့ပဲထင်တယ်"

ခင်ပွန်းဖြစ်သူကို မတရားထောင်ချခဲ့တဲ့အပြင် မိသားစုကိုလည်း နောက်ပိုင်းမှာ ဖိအားပေး၊ စောင့်ကြည့်မေးမြန်းခဲ့ပြီး စိတ်အနှောင့်ယှက်ပေးတာတွေ ရှိတယ်လို့လည်း ဒေါ်စောမွန်သိန်းကပြောပါတယ်။

# ကလေးစစ်သားဘဝ ၁၀ နှစ်ကြာနေခဲ့ရသူ အိုင်အဲလ်အိုကြောင့်ပြန်လွတ်

**NEJ ၊ ဂျန်နဝါရီ ၇ ။** ။ တပ်ပြေးမှုဖြင့်ဖမ်းဆီးထောင်ချပြီး မုပ္ပလင်ရဲဘက်စခန်းသို့ပို့ဆောင်ခြင်းခံခဲ့ရသူ ကိုထွဋ်ဆန်းမင်းအား ထောင်အာဏာပိုင်များက ဝန်ခံ ကတိ ၄၀၁ အားလက်မှတ်ရေးထိုးခိုင်းပြီး ပြန်လွှတ်ပေးလိုက်ကြောင်း သတင်းရရှိပါတယ်။

ကိုထွဋ်ဆန်းမင်းသည် ၁၉၉၉ ခုနှစ်က သူငယ်ချင်းများနှင့်ရေသွားကူးပြီးအပြန်လမ်း အင်းစိန်ဖော့ကန်အရောက်တွင် စစ်တပ်၏အတင်းခေါ်ဆောင်သွားခြင်းခံရကာ စစ်သင်တန်းပေး၍ စစ်တပ်သို့အတင်းဝင်ရောက်ရန် ခိုင်းစေခြင်းခံခဲ့ရကြောင်း သိရှိရပါတယ်။ ထိုသို့ စစ်တပ်သို့ အတင်းအဓမ္မသွတ်သွင်းခံရစဉ်က ကိုထွဋ်ဆန်းမင်း၏အသက်မှာ ၁၂ နှစ်အရွယ်သာရှိသေးသည်ဟု ကိုထွဋ်မင်းဆန်း ပြန်လည်လွတ်မြောက်ရေးအတွက် ILO အဖွဲ့ကြီးနှင့်အတူ လိုက်ပါဆောင်ရွက်ခဲ့သူ လူငယ်တဦးက ခေတ်ပြိုင်ကို အခုလိုပြောပါတယ်။

“ILO အဖွဲ့ရဲ့မူအရဆိုရင် ဒါဟာလည်း ကလေးစစ်သားကိစ္စထဲမှာ အကျုံးဝင်ပါတယ်၊ လက်ရှိမှာ သူ့အသက်ကဘယ်လောက်ပဲရှိနေနေ သူ့ကိုတပ်ထဲဝင်ရောက်ခိုင်းစဉ်က အသက်မပြည့်သေးရင် ဒါဟာ ကလေးစစ်သားပါပဲ”

“ကျနော့်ကိုတပ်ထဲခေါ်သွားစဉ်က ကျနော့်အသက်က ၁၂ နှစ်ပဲရှိပါသေးတယ်၊ မှတ်မှတ်ရရဆိုရင် ၁၉၉၉ ခုနှစ်ကပါ။ ရေကူးပြီးအိမ်အပြန် ဖော့ကန်အရောက်မှာ ကျနော့်ကို အမည်မသိလူနှစ်ဦးကဖမ်းဆီးခဲ့ပြီး မင်းစစ်တပ်ထဲဝင်မလား ထောင်ထဲဝင်မလားလို့ မေးခဲ့ပါတယ်၊ ကျနော်လည်း ထောင်ကျမှာကိုကြောက်ပြီး စစ်တပ်ထဲဝင်မယ်လို့ပြောခဲ့ပါတယ်” ဟု ကိုထွဋ်မင်းဆန်းက ခေတ်ပြိုင်ကိုပြောပါတယ်။

ထို့နောက် မင်္ဂလာဒုံလေ့ကျင့်ရေးသင်တန်းကျောင်းသို့အပို့ခံရကာ စစ်သင်တန်းတက်ခဲ့ရချိန်မှစ၍ သင်တန်းဆင်းပြီး ပြည်မြို့ရှိ တပ်ရင်း ၂ တွင်တာဝန်ချထားခံရရန်အထိ အိမ်နှင့်အဆက်အသွယ်မရခဲ့ကြောင်း၊ ၂ နှစ်ကျော် ၃ နှစ်ခန့်ကြာပြီးနောက် တောင်ငူသို့တပ်ပြောင်းရွှေ့ခံရကာ အဆိုပါတောင်ငူတပ်၌ တနှစ်ခန့်ကြာပြီး အကြပ်ကြီးသင်တန်းတက်ရန် ရန်ကုန်သို့စေလွှတ်စဉ် တပ်မှထွက်ပြေးခဲ့ခြင်းဖြစ်ကြောင်း ကိုထွဋ်မင်းဆန်းကပြောပါတယ်။ တပ်မှထွက်ပြေး ပြီးရန်ကုန်မြို့နေအိမ်၌ပြန်လည်နေထိုင်နေစဉ် ရပ်ကွက်အာဏာပိုင်များက “မင်းစစ်ထဲပြန်မသွားရင် ထောင်ထဲကိုဖမ်းပို့လိုက်မယ်” ဟု ပြောဆိုခြိမ်းခြောက်ခဲ့ သဖြင့်နောက်တကြိမ် စစ်တပ်ထဲပြန်သွားခဲ့ရကြောင်း ပြောဆိုပါတယ်။

ထို့နောက် စစ်တပ်ထဲတွင်မပျော်သည့်အတွက် ၂၀၀၃ ခုနှစ်တွင်နောက်ဆုံးထွက်ပြေးပြီး အိမ်သို့မပြန်ဘဲ တနေရာ၌ရှောင်ပုန်းခဲ့ပြီးနောက် ILO အဖွဲ့ကြီးနှင့်အဆက်အသွယ်ရကာ တပ်မှထွက်ခွင့်ရရန်လုပ်ဆောင်ခဲ့ကြောင်း၊ ILO အဖွဲ့က ရပ်ကွက်ထောက်ခံစာယူခိုင်းသည့်အတွက် ထောက်ခံစာသွားယူ စဉ်ဖမ်းဆီးထောင်ချခြင်းခံခဲ့ရပြီး မုပ္ပလင်ရဲဘက်စခန်းသို့အပို့ခံခဲ့ရကြောင်း ကိုထွဋ်ဆန်းမင်းကပြောပါတယ်။ အဆိုပါမုပ္ပလင်ရဲဘက်စခန်း၏ နှိပ်စက်ညှဉ်းပန်းခံရမှုများနှင့်ပတ်သက်၍ ကိုထွဋ်ဆန်းမင်းက “အဲဒီမှာ အကျဉ်းသားတွေ ဟာ ကျောက်ထု ကျောက်ခွဲခြင်းလုပ်ငန်းတွေကို အပြင်းအထန်လုပ်ကြရပါတယ်၊ အကျဉ်းသားတွေဟာ အလုပ်ပင်ပန်းစွာလုပ်ရပေမယ့်လည်း အစားအစာကို ဝလင်အောင်မစားကြရပါဘူး၊ သတ်မှတ်ထားတဲ့လုပ်ကွက်မပြည့်ရင် အလုပ်ချိန်မှာခိုကပ်တယ်လို့မြင်ရင် အစောင့်တွေက နောက်ကနေရိုက်တာကိုလည်းခံရပါတယ်၊ ကျနော်ရှိနေစဉ်မှာ ထောင်ဝန်ထမ်းတွေရဲ့ရိုက်နှက်မှုကြောင့် သေဆုံးခဲ့သူတဦးရှိပါတယ်၊ ဘယ်သူတွေကရိုက်ပြီး ဘယ်သူတွေသေဆုံးတယ်ဆိုတာကိုတော့ ကျနော်မသိရှိခဲ့ပါဘူး” ဟု ပြန်လည်ပြောပြပါတယ်။

ကိုထွဋ်ဆန်းမင်းအား မုပ္ပလင်ရဲဘက်စခန်းတွင် ပြီးခဲ့သည့်လပိုင်းအတွင်း၌ ထောင်အာဏာပိုင်များက ဝန်ခံကတိ ၄၀၁ အားလက်မှတ်ထိုးစေပြီး ပြန်လည်လွှတ်ပေးစဉ် ထောင်ထွက်ဝရမ်းနှင့်အတူ တပ်ထွက်လက်မှတ်ကိုလည်း တပါတည်းပေးခဲ့ပါတယ်။ သို့သော် ရန်ကုန်နေအိမ်ပြန်ရောက်သည့်တိုင် ရဲဘက်စခန်းတွင် ကျောက်များထိမှန်ပြီး အနာများဖြစ်ကာ ကျန်းမာရေးမှာလည်း ကောင်းမွန်ခြင်းမရှိကြောင်း သိရပါတယ်။


Voice of Burma

1-507, Horifune Jutaku
Horifune 2-27-1
Kita Ku, Tokyo
Japan. 114 - 0004

Tel/Fax: 81 3-6323-5114
E-mail: sayarkway@yahoo.com
voburma@ac.auone-net.jp



၁၉၉၅ ခု အောက်တိုဘာလ မှစတင်၍ အပတ်စဉ်ထုတ်ဝေသည်


AIR MAIL

To

PRINTED MATTER